# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။ သုခဝဂ်(ဓမ္မပဒ-၁၉၉)


၁၃၇၉ ခုနှစ် ကဆုန်လဆန်း ၁ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 26 April 2017 (၈၉၀၆)


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများ တက်ရောက်ရန် ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်မည်

**နေပြည်တော် ဧပြီ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂိုဒူတာတေး၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံ၌ ဧပြီ ၂၉ ရက်တွင် ကျင်းပမည့် (၃၀)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အာဆီယံထိပ်သီးအစည်းအဝေးမှ ပြန်လည်ရောက်ရှိပြီးနောက် ဥရောပသမဂ္ဂ(အီးယူ) ဌာနချုပ်သို့လည်းကောင်း၊ ဘယ်လ်ဂျီယံနိုင်ငံ၊ အီတလီနိုင်ငံနှင့် ဗြိတိန်နိုင်ငံသို့လည်းကောင်း တရားဝင်ခရီးစဉ်များ ဆက်လက်သွားရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# ပြည်သူလူထုအား လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်ပေးမည်ဖြစ်ပြီး အလုပ်အကိုင်ဖန်တီးပေးရေးကိုလည်း မျှဉ်းပြိုင်သဘောမျိုး ဆောင်ရွက်သွားမည်




နိုင်ငံတော်၏ စွမ်းအင်မူဝါဒ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဧပြီ ၂၅**

နိုင်ငံတော်၏ စွမ်းအင်မူဝါဒ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန (MICC-2)၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်သည်။

အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် အချို့နေရာများ၌ ရာသီစုံသွား၍မရသည့်လမ်းများတွင် ရာသီစုံသွား၍ရပြီး လျှပ်စစ်မီးမရရှိသည့်နေရာများတွင် လျှပ်စစ်မီးရရှိပါက ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စီးပွားရေးအခွင့်အလမ်းများ ရရှိလုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ ပြည်ပမှစီးပွားရေးလုပ်ငန်းရှင်များကလည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လျှပ်စစ်မီးရရှိပါက ရင်းနှီးမြှုပ်နှံလိုသည့် စိတ်များဖြစ်ပေါ်မည်ဖြစ်ကြောင်း၊ ပြည်သူလူထုအား လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်ပေးမည်ဖြစ်ပြီး အလုပ်အကိုင်ဖန်တီးပေးရေးကိုလည်း မျှဉ်းပြိုင်သဘောမျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

> **ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အားနည်းသကဲ့သို့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ဗဟိုအစိုးရတို့အကြား ပူးပေါင်းဆောင်ရွက်မှု အားနည်းနေ။**

လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် စွမ်းအင်ထက်များစွာတိုးတက်ကြောင်း ပြည်သူများက အသိအမှတ်ပြုသည်ကို မိမိတို့သိရကြောင်း၊ ကျေးလက်တောရွာနေ လူငယ်များနှင့်တွေ့ဆုံခဲ့ရာတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့်အတွက် ၎င်းတို့ဘဝများ ပိုမိုတိုးတက်လာသည်ဟုပြောကြားသည်ကို မိမိသတိပြုမိကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါက ပြည်သူများ သဘောကျမည်ဖြစ်ကြောင်း၊ အလင်းရောင်ရရှိရေးကို ဂရုစိုက်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများကလည်း မိမိဒေသ၏ လိုအပ်ချက်များကို တင်ပြကြစေလိုကြောင်း၊ အရေးကြီးသည်မှာ အားလုံးပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအချင်းချင်း

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪




ကြေးမုံ

# ပြည်ထောင်စုကြီးငြိမ်းချမ်းရေး

လူတစ်ဦး၏ လက်ငါးချောင်းမှာ တစ်ချောင်းနှင့်တစ်ချောင်း မညီပေ။ အတိုအရှည်ကွဲပြားသည့်အပြင် လက်တစ်ချောင်းချင်းစီ၏ သဘောထားနှင့် လုပ်ဆောင်မှုများလည်း ကွဲပြားခြားနားသည်ကို ဒေါက်တိုရ်ရန်လို၊ ရွှေပြည်စိုး၊ ညီပုလေး၊ သူ့ထက်ကဲဟူ၍ တစ်ချိန်က ကျောင်းသုံးဖတ်စာအုပ်တွင် ဖော်ပြထားသည်။ လူတစ်ဦးတွင်ရှိသော လက်တစ်ဖက်စီရှိ လက်ငါးချောင်းတို့သည် မည်မျှပင်ကွဲပြားခြားနားကြသော်လည်း ထိုလူတစ်ဦး၏ ဆောင်ရွက်လိုသော အလုပ်တစ်ခုအတွက် လက်ငါးချောင်းမှာ တစုတစည်းတည်း ခိုင်မြဲစွာ ဆုပ်ကိုင်ဆောင်ရွက်နိုင်သောကြောင့် လိုရာရည်မှန်းချက်ကိုရောက်သည်။

ဤသို့မဟုတ်မူဘဲ ငါကလက်ခလယ် သူ့ထက်ကဲ အကြီးဆုံးဖြစ်လို့ ဘာမှလုပ်စရာမလို၊ ငါကလက်သူကြွယ် ရွှေထည်ဝတ်ရသူမို့ ဘာမျှလုပ်စရာမလို စသည်ဖြင့် ဆိုင်ရာဆိုင်ရာ ဂုဏ်ပုဒ်များနှင့် ဆိုင်ရာဆိုင်ရာ အစွဲများကို ရှေ့တန်းတင်နေမည်ဆိုလျှင် ထိုလူတစ်ယောက်အတွက် မည်သည့်အလုပ်မှ လုပ်ဖြစ်လာစရာ အကြောင်းရှိမည်မဟုတ်ချေ။ ဤဥပမာအတိုင်းပင်။ အရာရာကို ချိန်ထိုးတိုင်းထွာမည်ဆိုလျှင် မည်သည့်အရာမျှ တူညီနိုင်မည်မဟုတ်ချေ။ မတူညီမှုများအား တတ်နိုင်သမျှ တူညီအောင်ပေါင်းစပ်ညှိနှိုင်းမှုမပြုနိုင်သရွေ့ မည်သည့်အခါမျှ အလုပ်ဖြစ်လိမ့်မည်မဟုတ်ချေ။ မတူညီမှုများကို နည်းနည်းချင်းစီ တူညီအောင် မညှိနိုင်သရွေ့ ကြာလေမညီလေ၊ ကြာလေဝေးလေ၊ ကြာလေ လွဲလေ ဖြစ်လာပေလိမ့်မည်။

ယနေ့ပြည်ထောင်စုကြီး ငြိမ်းချမ်းအောင် ဆောင်ရွက်ရာတွင်လည်း ဤသို့ပင်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးပေါင်းတစ်ရာကျော် ကွဲပြားခြားနားသော ဤနိုင်ငံတွင် မတူညီမှုများမှာလည်း တစ်ရာကျော်ပေလိမ့်မည်။ ဤကွဲပြားခြားနားမှုများမှာ လူတစ်ဦး၏ လက်ချောင်းများကဲ့သို့ပင်ဖြစ်သည်။ မည်သို့ပင် လက်ချောင်းများမတူသော်လည်း ထိုလူ၏ ရည်မှန်းရာအရာများအားလုံးကိုမူ တညီတညွတ်တည်း စုပေါင်းဆောင်ရွက်ကြရသည်။ နိုင်ငံအတွင်း ကွဲပြားခြားနားသောလူမျိုးစုများမှာ လက်ချောင်းများကဲ့သို့ပင်ဖြစ်သည်။ ပြည်ထောင်စုကြီးဟူသော မိခင်ကြီး စိတ်နှလုံးအေးချမ်းပြီး လိုအပ်သည်တို့ကိုဖြစ်လာစေရေးအတွက် လူမျိုးစုလက်ချောင်းကလေးများက တစုတစည်းတည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုကွဲပြားခြားနားမှုများအား စုပေါင်းအဖြေရှာနေကြပြီဖြစ်သည်။ နှစ်ပေါင်း ၇၀ ကျော် မတူကွဲပြားသောကြောင့် အမိနိုင်ငံတော်ကြီး ဒုက္ခသုက္ခတို့နှင့် ကြုံတွေ့ခဲ့ရပြီး လူမျိုးစုလက်ချောင်းများသာ နစ်နာခဲ့ရသည်။ သဘောကွဲမှုများကို အမုန်းမပွားဘဲ၊ ရန်မပွားဘဲ ပေါင်းစပ်ဆွေးနွေးနိုင်ခြင်းသည် တိုးတက်မှုပင်ဖြစ်သည်။ ယုံကြည်ချက် တိုးတက်မှုဟုလည်း ဆိုနိုင်သည်။ မယုံကြည်သောအခါ သံသယပွားပြီး အတေးအမှတ်ထားကြသည်။ နှုတ်ဆိတ်နေတတ်သည်။ အမုန်းနှင့်ရန်များ တိုးလာတတ်သည်။

(၂၁)ရာစု ပင်လုံအစည်းအဝေးကျင်းပခြင်း၊ ငြိမ်းချမ်းရေးစကားဝိုင်းများကျင်းပခြင်း၊ ဒေသအလိုက်ငြိမ်းချမ်းရေး ဆွေးနွေးကြခြင်း စသည်တို့သည် နှုတ်ဆိတ်ခဲ့သည့် မတူကွဲပြားသူများ နှုတ်မဆိတ်တော့ဘဲ ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်သည့် အခြေအနေကောင်းများပင်ဖြစ်သည်။ ယင်းမှသည် တစ်ဆင့်တက်၍ လိုရာကိုညှိနှိုင်းပေါင်းစပ်လျှင် ရနိုင်သည်ဆိုသည့် အသိစိတ်ဓာတ်ပြောင်းလဲရရှိလာကာ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိနိုင်သည်ဟူသော စိတ်ဓာတ်ပြောင်းလဲခြင်းကို ဦးစွာဖော်ဆောင်နေမှုများအား အသိအမှတ်ပြုရမည်ဖြစ်သည်။

ယခုအခါ မတူကွဲပြားသော အဖွဲ့အစည်းများ သဘောတူညီမှုနားလည်မှုရှိနိုင်သည့် အနေအထားသို့ ရောက်လာသည်ကို တွေ့ရသည်။ ထိုရလဒ်ကောင်းများပေါ်ထွက်လာပြီးနောက် မကြာမီကာလတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို စတင်ကျင်းပတော့မည်ဖြစ်သည်။ မျှော်မှန်းထားသည့် ဒုတိယအကြိမ် ပင်လုံညီလာခံ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ အစည်းအဝေးတွင် တစ်ဦးနှင့်တစ်ဦးအပေါ် နားလည်မှုများ၊ ယုံကြည်မှုများ၊ ပိုမိုလေးစားမှုများ ရရှိလာလိမ့်မည်ဖြစ်ရာ ယင်းအခြေခံကောင်းများမှ ထပ်လောင်းအောင်မြင်ပြီး ပြည်သူများမျှော်လင့်သည့် ငြိမ်းချမ်းရေး ပိုမိုတိုးတက်ဖြစ်ထွန်းလာလိမ့်မည်ဟု ယုံကြည်ပါသည်။ ။




ပွဲတော်တွင် စာတမ်းရှင်များက ဘာသာပြန်စာပေနှင့်ပတ်သက်သော စာတမ်းများကို နေ့စဉ် ဖတ်ကြားဆွေးနွေးသွားမည်ဖြစ်ပြီး စာအုပ်ဆိုင်ခန်းပေါင်း (၁၀၀) ကျော်ကလည်း စာအုပ်များအား အထူးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ စာပေချစ်မြတ်နိုးသူများ မည်သူမဆို နံနက် (၉:၀၀) နာရီမှ ညနေ (၅:၀၀) အတွင်း ကြွရောက်အားပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

## လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်ထိန်းသိမ်းမှု (အဆင့်မြင့်)သင်တန်းဖွင့်



**နေပြည်တော် မေ ၂၅**

သဘာဝရာသီဥတုများ ယိုယွင်းဖောက်ပြန်ပြောင်းလဲလာလျက်ရှိရာ ထွန်ယက်စိုက်ပျိုးသည်မှ ရိတ်သိမ်းသည်အထိ အချိန်မီအချိန်ကိုက်ပြီးစီးအောင် ဆောင်ရွက်နိုင်ရန်နှင့် လယ်ယာလုပ်သား ရှားပါးလာမှုပြဿနာများ ရင်ဆိုင်ကျော်လွှား ဖြေရှင်းနိုင်ရန်၊ တောင်သူများ ကိုယ်ပိုင်လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်အသုံးပြုနိုင်ရေး၊ လယ်ယာသုံး စက်ကိရိယာများ မောင်းနှင်ထိန်းသိမ်းမှု ကျွမ်းကျင်စေရေး နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း အပါအဝင် စက်မှုလယ်ယာကဏ္ဍကြီးတစ်ခုလုံး အရှိန်အဟုန်ကောင်းစွာ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်လာစေရန် ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းပေးကြရန် တိုက်တွန်းပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မေ ၂၄ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းစက်မှု လယ်ယာသင်တန်းကျောင်း၌ ကျင်းပသည့် လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်ထိန်းသိမ်းမှု(အဆင့်မြင့်) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

သင်တန်းတွင် ကိုရီးယားနိုင်ငံမှ လယ်ယာသုံးစက်ကိရိယာ ကျွမ်းကျင်သင်တန်းတက်ရောက်အောင်မြင်ခဲ့ကြသည့် ကျွမ်းကျင်သူ အရာထမ်းပညာရှင်များက နည်းပညာအသစ်များ၊ အတွေ့အကြုံများကို စက်မှုလယ်ယာဦးစီးဌာနမှ စက်မှုအင်ဂျင်နီယာဘွဲ့ရ ဝန်ထမ်း ၃၂ ဦးတို့အား ဆင့်ပွား သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်း မောင်းနှင်သုံးစွဲနည်းပညာများကို တောင်သူမိသားစုဝင်များနှင့် စိတ်ပါဝင်စားသူများ စနစ်တကျ သင်ယူနိုင်ရေးအတွက် သင်တန်းကျောင်းများနှင့် ဒေသအသီးသီးရှိ ရှေ့တန်းစခန်းများ၌ သင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ရာ သင်တန်း (၁၂၆)ကြိမ်တွင် တောင်သူသင်တန်းသား ၄၂၄၉ ဦးနှင့် ဌာနတွင်း သင်တန်းများမှ နိုင်ငံ့ဝန်ထမ်း ၁၇၀၀ ကျော်တို့အား လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ လက်တွေ့သုတေသနပြု စိုက်ပျိုးထားသော စိုက်ကွင်းများသို့ ရောက်ရှိကြပြီး ဒေသ ရေမြေရာသီဥတုအလိုက် စိုက်ပျိုးနိုင်မည့် မျိုးအရည်အသွေး၊ အသက်ရက်နှင့် သွင်းအားစုလိုအပ်ချက်အမျိုးမျိုးအား သုတေသနပြု စိုက်ပျိုးထားမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၅**

ရန်ကုန်(ရွှေဈေး) ၉၁၀၀၀၀ - ၉၁၀၀၀၀၊ မန္တလေး(ရွှေဈေး) ၉၁၀၀၀၀ - ၉၁၀၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၅/၇၁၀ ကျပ်၊ | ၇၃၅/၇၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၅ ကျပ်၊ | ၈၆၀/၈၇၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၂၀ ကျပ်၊ | ၇၇၀/၇၈၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၅/၇၃၀ ကျပ်၊ | ၇၅၀/၇၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၄၅/၆၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၆၀/၆၆၈ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၅၀/၆၅၅ ကျပ်

**၁၇-၄-၂၀၁၇ ရက်နေ့မှ ၂၁-၄-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၆၇၅ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၆၇၀ ကျပ် ဖြစ်ပါသည်** (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သို့လှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၆၈.၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆.၃၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉.၃၃၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၇.၈၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၉၆၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၀.၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉.၀၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၂.၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၀.၃၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် မေ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၀

# ပြည်သူနှင့်အတူ

**❂ ပြည်သူလူထုမှ**

ပူးပေါင်းဆောင်ရွက်မှု အားနည်းသကဲ့သို့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ဗဟိုအစိုးရတို့အကြား ပူးပေါင်းဆောင်ရွက်မှု အားနည်းနေပါကြောင်း၊ အားလုံးအကြံပြုပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက နိုင်ငံတော်၏စွမ်းအင်မူဝါဒ ပြင်ဆင်ရေးဆွဲခဲ့မှု အခြေအနေ အကျဉ်းချုပ်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်၏ စွမ်းအင်မူဝါဒအပေါ် ဌာနဆိုင်ရာသဘောထားမှတ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စွမ်းအင်ဆိုင်ရာဝန်ကြီးများက နိုင်ငံတော်၏စွမ်းအင်မူဝါဒမူကြမ်းအပေါ် သုံးသပ်အကြံပြုတင်ပြကြပြီး တက်ရောက်လာကြသူများက သုံးသပ်ဆွေးနွေးတင်ပြသည်။


ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

နိုင်ငံတော်၏ စွမ်းအင်မူဝါဒမျှော်မှန်းချက်မှာ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေပြီး တိုးမြင့်လာသော ပြည်တွင်းစွမ်းအင်လိုအပ်ချက်ကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ကြောင်း၊ ပြည်သူအားလုံး စွမ်းအင်သယံဇာတ အရင်းအမြစ်များကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေး ဦးတည်လျက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စွမ်းအင်မူဘောင် တစ်ရပ်ချမှတ်ရန် မျှော်မှန်းထားကြောင်း သိရသည်။

ရည်မှန်းချက်များအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒသစ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများကို အထောက်အပံ့ဖြစ်စေမည့် စွမ်းအင်မူဝါဒအဖြစ်ကျင့်သုံးရန်၊ စွမ်းအင်သယံဇာတ အရင်းအမြစ်ထုတ်ယူရာ ဒေသအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ခွဲဝေသုံးစွဲနိုင်စေသည့် အခွင့်အလမ်းများ ဖန်တီးပေး၍ လူ့စွမ်းအားအရင်းအမြစ်တိုးမြှင့်စေရေး ဆောင်ရွက်ရန်၊ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးမှုအတွက် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေသည့် လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများရရှိရေး ဦးတည်ဆောင်ရွက်ရန်၊ သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် လူမှုပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေသော စွမ်းအင်ထုတ်လုပ်မှုနှင့် ပြည်သူအားလုံး ပူးပေါင်းပါဝင်သော စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲမှုများဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်မည့် စွမ်းအင်စနစ်တစ်ခု ထူထောင်ရန်၊ ရင်းနှီးမြှုပ်နှံရာတွင် စွမ်းအင်ထုတ်လုပ်သူနှင့် စွမ်းအင်သုံးစွဲသူတို့ နှစ်ဦးနှစ်ဖက် စီးပွားရေးအာမခံချက်ရှိစေမည့် စွမ်းအင်ဈေးနှုန်းကို ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်တို့ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

■



## လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၂၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ အထက်လွှတ်တော်၊ အဖွဲ့အစည်းများ အရည်အချင်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ Prof. Dr. John Pieris နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံလွှတ်တော်များ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် မေ ၂၅**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် သံအမတ်ကြီး H.E. Dr. Luan Thuy Duong အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးမင်းဦးနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



## တက္ကသိုလ်စာကြည့်တိုက်များ ပူးပေါင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး



**နေပြည်တော် မေ ၂၅**

ပညာရေးဝန်ကြီးဌာနအဆင့်မြင့်ပညာဦးစီးဌာနနှင့်နယ်သာလန်နိုင်ငံအခြေစိုက် Stichting Electronic Information for Libraries(EIFL)တို့သည် ယနေ့နံနက်၁၀နာရီတွင် နေပြည်တော် ရုံးအမှတ်(၁၃) ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ မြန်မာ-နယ်သာလန် နှစ်နိုင်ငံကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းမော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဖိတ်ကြားထားသော တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ စာကြည့်တိုက်မှူးများနှင့် နယ်သာလန်နိုင်ငံအခြေစိုက် (EIFL)တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းနှင့် နယ်သာလန်နိုင်ငံအခြေစိုက်(EIFL)မှ Director Ms.Rima Kupryte တို့သည် နှစ်နိုင်ငံကြားအဆင့်မြင့်ပညာရေးနယ်ပယ်တွင် တက္ကသိုလ်စာကြည့်တိုက်များ ပူးပေါင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်းများအတွက် ပညာရေးလုပ်ငန်းများကို သဘောတူညီသည့် နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**○ ကျောဖုံးမှ**

သစ္စာအားမာန်အသင်း ချေပဂိုးရရန်ကြိုးပမ်းခဲ့သော်လည်း အား/ကာသိပ္ပံ ဂိုးသမား အေးအေးမြင့်နှင့် နောက်ခံလူများ အမှားမရှိခဲ့သလို တိုက်စစ်မှူးများမှာလည်း တစ်ကိုယ်တော်ထိုးဖောက်မှုများနေသောကြောင့် အရာမထင်ခဲ့ပေ။ ဒုတိယပိုင်းတွင်လည်း သစ္စာအားမာန်အသင်းကသာ ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များ ဖန်တီးနိုင်ခဲ့သော်လည်း အား/ကာသိပ္ပံဂိုးသမား ခြေဖြင့်ကာကွယ်နိုင်ခဲ့သည်။ သစ္စာအားမာန်အတွက် ချေပဂိုးကို ပွဲပြီးခါနီးတွင် အသင်းခေါင်းဆောင် ခင်မိုးဝေက သွင်းယူခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အသင်းခုနစ်သင်းဝင်ရောက်ယှဉ်ပြိုင်နေပြီး ဒီဇင်ဘာလ ဒုတိယပတ်တွင် စတင်ကျင်းပခဲ့သော်လည်း မြန်မာအမျိုးသမီးအသင်း၏ နိုင်ငံတကာပြိုင်ပွဲများကြောင့် လေးလကျော် ရပ်နားထားခြင်းဖြစ်သည်။ ပွဲစဉ်(၁)တွင် သစ္စာအားမာန်နှင့် အားကစား/ပညာရေးအသင်းတို့ ဂိုးပြတ်အနိုင်ရထားသည်။ ပွဲစဉ်(၂) ဒုတိယနေ့ကို မေ ၂၆ ရက် ညနေ ၄ နာရီတွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဂန္ဓမာအသင်းနှင့် အားကစား/ပညာရေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# မြောက်ကိုရီးယားတပ်မတော်ထူထောင်မှု အထိမ်းအမှတ် စစ်ရေးလေ့ကျင့်မှု၌ ကျည်အစစ်ဖြင့် ပစ်ခတ်လေ့ကျင့်



**ဆိုးလ် မေ ၂၅**
မြောက်ကိုရီးယားနိုင်ငံသည် ယင်း၏ တပ်မတော် ထူထောင်မှု နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် စစ်ရေးလေ့ကျင့်မှုကြီးတစ်ရပ်ကို မေ ၂၅ ရက်က ပြုလုပ်ကြောင်း၊ ထိုစဉ်အတွင်း အင်အားပြသသည့်အနေဖြင့် တောင်ကိုရီးယားနိုင်ငံ၌ အမေရိကန်ရေငုပ်သင်္ဘော တစ်စင်း ခရီးတစ်ထောက်ဆိုက်ကပ်ရပ်နားခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးလက်နက် အစီအစဉ်များကို အကြောင်းပြု၍ ဒေသတွင်း၌ စိုးရိမ်ပူပန်မှုများဖြစ်ပေါ်နေချိန်အတွင်း အမေရိကန်ရေတပ်မှ ယူအက်စ်အက်စ် မီချီဂန်အမည်ရှိ ရေငုပ်သင်္ဘောသည် တောင်ကိုရီးယားသို့ ဆိုက်ရောက်လာခဲ့သည်။

အမေရိကန်ရေတပ်မှ လေယာဉ်တင်သင်္ဘောကြီး တစ်စင်း ဦးဆောင်သည့် တိုက်ခိုက်ရေးအုပ်စုသည် ကိုရီးယားကျွန်းဆွယ်ဆီသို့ ဦးတည်ကာ ခုတ်မောင်းလာနေချိန်တွင် တောင်ကိုရီးယား၊ ဂျပန်နှင့် အမေရိကန် ပြည်ထောင်စုတို့မှ အထူးသံတမန်များသည် မြောက်ကိုရီးယားနှင့် သက်ဆိုင်နေသော မူဝါဒရေးရာ ဆွေးနွေးမှုများပြုလုပ်နိုင်ရန် တိုကျို၌ တွေ့ဆုံခဲ့ကြသည်။

မြောက်ကိုရီးယားက နောက်ထပ် နျူကလီးယား စမ်းသပ်မှု သို့မဟုတ် တာဝေးပစ်ဒုံးလက်နက်စမ်းသပ်မှု ပြုလုပ်မည်ဆိုသော သတင်းကြောင့် ရက်သတ္တပတ်များ မှစ၍ ဒေသတွင်း၌ စိုးရိမ်ပူပန်မှုများပေါ်ပေါက်လာခဲ့သည်။

မြောက်ကိုရီးယားသည် ယနေ့မွန်းလွဲပိုင်းတွင် ကိုရီးယားကျွန်းဆွယ်အရှေ့ဘက် ဝန်ဆန်ဒေသ၌ စစ်ရေးလေ့ကျင့်မှုကြီးတစ်ရပ်ကို ပြုလုပ်လျက်ရှိကြောင်း၊ စစ်ရေးလေ့ကျင့်မှုတွင် အမြောက်လက်နက်ကြီးများကို အသုံးပြု၍ ကျည်ဆန်အစစ်ဖြင့် ပစ်ခတ်ကာ လေ့ကျင့်ခဲ့ကြကြောင်း တောင်ကိုရီးယားနိုင်ငံရှိ ပူးတွဲစစ်ဦးစီးချုပ်များရုံးက ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြသည်။

မြောက်ကိုရီးယား၏အခြေအနေကို မိမိတို့လေ့လာစောင့်ကြည့်နေကြောင်း တောင်ကိုရီးယားစစ်ဘက်က ပြောကြားသည်။ အဆိုပါစစ်ရေးလေ့ကျင့်မှုကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ကြီးကြပ်ခဲ့ဖွယ် ရှိသည်ဟု တောင်ကိုရီးယား ယွန်ဟပ်သတင်းဌာနက သတင်းထုတ်ပြန်သည်။ **ရိုက်တာ။**

# ၂၀၁၆ ခုနှစ်အတွင်း ကမ္ဘာ့နိုင်ငံများ၏ ကာကွယ်ရေးသုံးစွဲမှု ပမာဏမြင့်တက်

**စတော့ဟုမ်း မေ ၂၅**
၂၀၁၆ ခုနှစ်အတွင်း ကမ္ဘာ့နိုင်ငံများ၏ ကာကွယ်ရေးစရိတ်သုံးစွဲမှု ပမာဏသည် ၂၀၁၅ ခုနှစ်က သုံးစွဲသည့် ပမာဏထက် မြင့်တက်လျက်ရှိကြောင်း ဆွီဒင်သုတေသန အင်စတီကျူးတစ်ခု၏ စစ်တမ်းအရ သိရသည်။



စတော့ဟုမ်း နိုင်ငံတကာ ငြိမ်းချမ်းရေးသုတေသန အင်စတီကျူး၏ မေ ၂၄ ရက်တွင် ထုတ်ပြန်ခဲ့သော စစ်တမ်းအရ ၂၀၁၆ ခုနှစ်အတွင်း ကမ္ဘာ့နိုင်ငံများ၏ ကာကွယ်ရေးစရိတ်သုံးစွဲငွေ ပမာဏသည် ၁ ဒသမ ၆၉ ထရီလီယံ ဒေါ်လာ ရှိကြောင်း သိရသည်။

ယင်းပမာဏသည် ၂၀၁၅ ခုနှစ်က ကာကွယ်ရေးစရိတ် သုံးစွဲငွေပမာဏထက် ၄ ရာခိုင်နှုန်း မြင့်တက်လျက်ရှိသည်။

အမေရိကန်ပြည်ထောင်စုက ၂၀၁၆ ခုနှစ်အတွင်း ကာကွယ်ရေးအသုံးစရိတ် ဒေါ်လာ ၆၁၁ ဘီလီယံ သုံးစွဲခဲ့ပြီး ကာကွယ်ရေးစရိတ် အများဆုံး သုံးစွဲသည့်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ ၂၀၁၅ ခုနှစ်က သုံးစွဲသည့် ပမာဏထက် ၁ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်သုံးစွဲထားကြောင်း တွေ့ရသည်။ အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်များ တပ်ဖြန့်ထားမှုကို ပြန်လည်ရုပ်သိမ်းပြီးနောက် ကာကွယ်ရေးအသုံးစရိတ် မြင့်တက်သုံးစွဲခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

တရုတ်နိုင်ငံက ၂၀၁၆ ခုနှစ်အတွင်း ကာကွယ်ရေးအသုံးစရိတ်ကို ဒေါ်လာ ၂၁၅ ဘီလီယံ သုံးစွဲခဲ့ပြီး ၂၀၁၅ ခုနှစ်က သုံးစွဲခဲ့သည့်ပမာဏထက် ၅ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်သုံးစွဲခဲ့သည်။

ရုရှားနိုင်ငံက ကာကွယ်ရေးအသုံးစရိတ်ကို ဒေါ်လာ ၆၉ ဒသမ ၂ ဘီလီယံသုံးစွဲခဲ့ပြီး ၂၀၁၅ ခုနှစ်ကထက် ၅ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်သုံးစွဲခဲ့ကြောင်း တွေ့ရှိရသည်။

ထိုသို့ တရုတ်နှင့် ရုရှားနိုင်ငံတို့၏ ကာကွယ်ရေးအသုံးစရိတ် မြင့်တက်သုံးစွဲမှုသည် အိမ်နီးချင်းနိုင်ငံများအား ဒေသတွင်းလုံခြုံရေးအတွက် ပိုမိုတင်းကြပ်ရန် ဆော်သြနေခြင်းဖြစ်သည်ဟု အင်စတီကျူး၏ စစ်တမ်းတွင် ထည့်သွင်းရေးသားထားသည်။

၂၀၁၆ ခုနှစ်အတွင်း အာရှနှင့် ပစိဖိတ်ဒေသ၌ ကာကွယ်ရေးသုံးစွဲမှု ပမာဏသည် ၄ ဒသမ ၆ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။

ရုရှားနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ဘော်လတစ်နိုင်ငံသုံးနိုင်ငံအနက် နှစ်နိုင်ငံဖြစ်သည့် လတ်ဗီးယားနှင့် လစ်သူအားနီးယားတို့သည် ကာကွယ်ရေးအသုံးစရိတ်ကို ယခင်နှစ်များထက် သိသိသာသာ ပိုမိုမြင့်တက်သုံးစွဲလာကြကြောင်း တွေ့ရှိရသည်။ လတ်ဗီးယားနိုင်ငံသည် ၄၄ ရာခိုင်နှုန်း ပိုမိုသုံးစွဲပြီး လစ်သူအားနီးယားနိုင်ငံသည် ၃၅ ရာခိုင်နှုန်းပိုမိုသုံးစွဲကြောင်း အင်စတီကျူး၏ စစ်တမ်းအရ သိရသည်။ **အင်န်အိတ်ချ်ကေ။**

# ဆယ်စုနှစ်တစ်စုတာကာလအတွင်း မော်တော်ယာဉ်ထုတ်လုပ်မှုအရ

## စွမ်းအားရှင်နိုင်ငံအဖြစ်ရပ်တည်ရေး တရုတ်ရည်မှန်း

**ပေကျင်း မေ ၂၅**
တရုတ်နိုင်ငံသည် ဆယ်စုနှစ်တစ်စုတာကာလအတွင်း ကမ္ဘာပေါ်တွင် မော်တော်ယာဉ်ထုတ်လုပ်မှုအရ စွမ်းအားရှင်နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လာနိုင်ရန် ရည်မှန်းထားကြောင်း၊ ထို့အပြင် စွမ်းအင်အရင်းအမြစ်သစ်များ အသုံးပြုသည့် မော်တော်ယာဉ်များကို တီထွင်ထုတ်လုပ်ရန်နှင့် မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းတွင် နိုင်ငံခြားသားပိုင်ဆိုင်မှုအား ထိန်းချုပ်ကန့်သတ်ထားမှုကို ဖြေလျှော့သွားရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းရှင်များအသင်းက မေ ၂၅ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံသည် ၂၀၂၅ ခုနှစ်ထက် နောက်မကျဘဲ နိုင်ငံတကာ မော်တော်ယာဉ်ထုတ်လုပ်ရေးဈေးကွက်၌ ဈေးကွက်ဝေစုကို တိုးမြှင့်နိုင်ရန် ကြိုးပမ်းမည်ဖြစ်ပြီး မော်တော်ယာဉ်ထုတ်လုပ်မှု နည်းပညာသစ်များကို ဖော်ထုတ်နိုင်ရန် သုတေသနလုပ်ငန်းများကို မြှင့်တင်အားပေးမည်ဖြစ်ကြောင်း အဆိုပါအသင်းက ပြောကြားသည်။

တရုတ်နိုင်ငံသည် စွမ်းအင်သစ် အသုံးပြုသည့် မော်တော်ယာဉ်ထုတ်လုပ်မှုကို နှစ်စဉ်နှစ်သန်းအထိ ထုတ်လုပ်သွားရန် စီမံကိန်းချမှတ်ထားသည်။ ဖော်ပြပါ အရေအတွက်မှာ လက်ရှိထုတ်လုပ်မှုထက် လေးဆခန့် ပိုမိုများပြားသည်။

စွမ်းအင်သစ် အသုံးပြုသည့် မော်တော်ယာဉ်များသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းနှင့် သဟဇာတရှိစေရန် ရည်ရွယ်သည်။ စွမ်းအင်သစ်အသုံးပြုသော မော်တော်ယာဉ်များတွင် လျှပ်စစ်ကားများ၊ ပြန်လည်အားဖြည့်သွင်းနိုင်သော ဘက်ထရီများ အသုံးပြုသည့်ကားများ၊ စွမ်းအင်နှစ်မျိုး အသုံးပြုနိုင်သော လျှပ်စစ်ကားများ ပါဝင်သည်။ **ဆင်ဟွာ။**



# ငှက်ဖျားကာကွယ်ဆေး ရှေ့ပြေးစီမံကိန်း အာဖရိကသုံးနိုင်ငံ၌ အကောင်အထည်ဖော်မည်

**နိုင်ရိုဘီ မေ ၂၅**
ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိပ်ချ်အို)သည် ငှက်ဖျားရောဂါကာကွယ်ဆေးသစ် စတင်အသုံးပြုသည့် ရှေ့ပြေးစီမံကိန်းတစ်ရပ်ကို ကင်ညာ၊ ဂါနာနှင့် မာလာဝီနိုင်ငံတို့၌ လာမည့်နှစ်တွင် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ ငှက်ဖျားကာကွယ်ဆေး၏ အစွမ်းအာနိသင် ထိရောက်မှု အခြေအနေနှင့် ဘေးအန္တရာယ်ကင်းရှင်းလုံခြုံမှု အခြေအနေတို့ကို သိရှိနိုင်ရန် ယင်းစီမံကိန်းက အထောက်အကူပြုမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

နှစ်ပေါင်းကြာရှည်စွာ သုတေသနလုပ်ငန်းကို အပတ်တကုတ် ကြိုးပမ်းအားထုတ်ခဲ့ပြီးနောက် တီထွင်ဖော်ထုတ်နိုင်ခဲ့သည့် ငှက်ဖျားကာကွယ်ဆေးသည် ကမ္ဘာ့အပူပိုင်းဒေသရောဂါတစ်မျိုးဖြစ်သော ယင်းရောဂါ တိုက်ဖျက်ရေးလုပ်ငန်း၌ ထူးခြားအရေးပါသော သမိုင်းမှတ်တိုင်တစ်ရပ်ဖြစ်ကြောင်း ရှေ့ပြေးစီမံကိန်းစတင်သည့် အထိမ်းအမှတ်အခမ်းအနားတွင် ဒဗလျူအိပ်ချ်အို အာဖရိကဒေသဆိုင်ရာ ညွှန်ကြားရေးမှူး မတ်ရှီဒီဆိုမေတီးက ပြောကြားသည်။

ရှေ့ပြေးစီမံကိန်းအကောင်အထည်ဖော်မှုရလဒ်များအရ ယင်းကာကွယ်ဆေးကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေးအတွက် ဆုံးဖြတ်မှုများပြုလုပ်နိုင်စေမည် ဆို၏။

**ဆင်ဟွာ။**

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်(၁/၂၀၁၇)ကြိမ်မြောက် တက္ကသိုလ်ကောင်စီအစည်းအဝေး ကျင်းပ

**ရန်ကုန် မေ ၂၅**
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် (၁/၂၀၁၇)ကြိမ်မြောက် တက္ကသိုလ်ကောင်စီ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အဆိုပါ တက္ကသိုလ်ဟောပြောခန်းမ၌ကျင်းပရာ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်ဒေါက်တာနန္ဒမာလာဘိဝံသ က ဩဝါဒကထာမြွက်ကြားချီးမြှင့်တော်မူသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ကောင်စီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက တက္ကသိုလ်၏ သင်ကြား/စီမံရေးရာကိစ္စရပ်များကို တင်ပြ လျှောက်ထားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် မော်ကွန်းထိန်းက (၁/၂၀၁၆)ကြိမ်မြောက် အစည်းအဝေးမှတ်တမ်း၊ ပါရဂူ တန်း (Ph.D) (ဗုဒ္ဓဓမ္မ)ဘွဲ့ အောင်မြင်ပြီးသူများစာရင်းနှင့် မဟာဝိဇ္ဇာ (MA) (ဗုဒ္ဓဓမ္မ)ဘွဲ့ အောင်မြင်ပြီးသူများစာရင်းကို ကောင်စီက အတည်ပြုနိုင်ရန် တင်ပြလျှောက်ထားသည်။

ထို့နောက် ဒုတိယပါမောက္ခချုပ် ဆရာတော်နှင့် ဌာနကြီးမှူး ဆရာတော်များ၊ ပြင်ပတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်ကောင်စီဝင်များက တက္ကသိုလ်၏ သင်ကြား/စီမံရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပညာရှင်များအား သက်တမ်းတိုးခန့်ထားနိုင်ရေးနှင့် ကျန်းမာရေးထောက်ပံ့ပေး ရန်ကိစ္စရပ်များကိုလည်းကောင်း၊ အင်္ဂလန်နိုင်ငံရှိ ဘာမင်ဂန်ဗုဒ္ဓဝိဟာရ တက္ကသိုလ်အား အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၏ လက်အောက်ခံ Autonomous Branch အဖြစ် အသိအမှတ်ပြု လက်ခံဖွင့်လှစ် ရေးကိစ္စနှင့်စပ်လျဉ်း၍လည်းကောင်း၊ သင်ကြားရေးဆိုင်ရာ ရဟန်းတော်များ၊ သီလရှင်များနှင့် ဆရာ ဆရာမများအား ရာထူးတိုးမြှင့်ရေးအတွက် တက္ကသိုလ် ကောင်စီ၏ မူဝါဒချမှတ်ရေးဆိုင်ရာကိစ္စရပ်များနှင့် အထွေထွေကိစ္စရပ်များ ကိုလည်းကောင်း တင်ပြဆွေးနွေးကြသည်။



**(သတင်းစဉ်)**

# ရှမ်းပြည်နယ်ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲမှ ရရှိလာသည့်အဆိုပြုချက်နှင့် အကြံပြုချက်များ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံတွင် ဆွေးနွေးဆုံးဖြတ်မှုများ ပြုလုပ်နိုင်ရန် တင်ပြသွားမည်

**တောင်ကြီး မေ ၂၅**
ရှမ်းပြည်နယ်ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲမှ ရရှိလာသည့် အဆိုပြုချက်နှင့် အကြံပြုချက် များကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တွင် ဆွေးနွေးဆုံးဖြတ်မှုများ ပြုလုပ်နိုင်ရန် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများက တင်ပြသွားကြမည်ဖြစ်ကြောင်း ရှမ်းပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ယနေ့ကျင်းပသည့်ဆွေးနွေးပွဲ တတိယနေ့တွင် ပြောကြား သည်။



ဆွေးနွေးပွဲမှ ရရှိလာသည့် အဆိုပြုချက်နှင့် အကြံပြုချက်များအား ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ၏ နိုင်ငံရေးကိစ္စရပ်များ ဆွေးနွေးမှု လုပ်ငန်းကော်မတီ၊ စီးပွားရေးကိစ္စရပ်များ ဆွေးနွေးမှု လုပ်ငန်းကော်မတီနှင့် မြေယာနှင့်သဘာဝပတ်ဝန်းကျင် ဆိုင်ရာ မူဝါဒကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ များသို့ တင်သွင်းကာ လုပ်ငန်းကော်မတီများက ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)မှ တစ်ဆင့် (၂၁)ရာစုပင်လုံညီလာခံတွင် ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် တင်ပြသွားကြမည် ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်ကပြောကြားသည်။

"အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေဟာ အခုတစ်ကြိမ်တည်းနဲ့ ပြီးသွားမှာမဟုတ်ဘဲ ဆက်လက် ပြုလုပ်ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်တွေဖြစ်တာ ကြောင့် နောင်ကျင်းပမယ့် နိုင်ငံရေးဆွေးနွေးပွဲတွေမှာလည်း ပြည့်ပြည့်စုံစုံတင်ပြဆွေးနွေးနိုင်ဖို့ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြဖို့ အကြံပြုလိုပါတယ်"ဟု ၎င်းက ဆိုသည်။

ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေး ပွဲကျင်းပခဲ့သည့် သုံးရက်တာကာလအတွင်း နိုင်ငံရေးပါတီ နှင့် နိုင်ငံရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသမှ ကိုယ်စားလှယ်များ၊ ခရိုင်အသီးသီးမှ ကိုယ်စားလှယ်များနှင့် စီးပွားရေးလုပ်ငန်း ရှင်များက စာတမ်းပေါင်း ၅၇ စောင်ကို ဖတ်ကြား ဆွေးနွေးခဲ့ကြသည်။

တင်သွင်းဆွေးနွေးခဲ့သည့် စာတမ်းများကို သတ်မှတ် မူဘောင်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စိစစ် စုစည်းပေါင်းစပ်ပြီး စာတမ်းပြုစုရေးကော်မတီများမှ ပြည်နယ်အဆင့်နိုင်ငံရေးဆိုင်ရာ စာတမ်းတစ်စောင်၊ စီးပွားရေးဆိုင်ရာစာတမ်း တစ်စောင်၊ မြေယာနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စာတမ်းတစ်စောင် စုစုပေါင်း အနှစ်ချုပ်စာတမ်းသုံးစောင်ကို ဖတ်ကြားခဲ့ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ယနေ့ဆွေးနွေးပွဲတွင် သက်ဆိုင်ရာကဏ္ဍအလိုက် စာတမ်းများဖတ်ကြားကြပြီး ငြိမ်းချမ်းရေးကော်မရှင် အဖွဲ့ဝင် စီးပွားရေးပညာရှင် ဒေါက်တာအောင်ထွန်းသက် က Business for Peace နှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌအား စာတမ်းများ ပေးအပ်သည်။

အဆိုပါ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရရှိ သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားနိုင်ရန်အတွက် တိုင်းရင်းသားများ၏ လိုလားချက်များနှင့် သဘောထားဆန္ဒများကို အခြေခံပြီး ပါဝင်သင့်သူအားလုံးပါဝင်သည့် လူမျိုးအလိုက်၊ ဒေသ အလိုက်၊ အကြောင်းအရာအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှ အမြင် သဘောထားများကိုစုစည်းကာ (၂၁)ရာစုပင်လုံညီလာခံသို့ တင်ပြသွားရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရ သည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# Court Customer Service ဆင့်ပွားသင်တန်းဖွင့်

**မော်လမြိုင် မေ ၂၅**
မွန်ပြည်နယ်တရားလွှတ်တော်တွင် Court Customer Service ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂၂ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့ မွန်ပြည်နယ် တရား လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပ သည်။

ရှေးဦးစွာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီးက အဖွင့် အမှာစကားပြောကြားပြီး ပြည်နယ်တရားရေး ဦးစီးမှူး ဒေါ်ကြည်ကြည်စိန်းက သင်တန်း နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



အခမ်းအနားသို့ မွန်ပြည်နယ်တရား လွှတ်တော်တရားသူကြီး ဦးသိန်းမြင့်၊ ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်ကြည်ကြည် စိန်းနှင့် တရားရေးအရာရှိများ၊ ခရိုင်နှင့်မြို့နယ် တရားရုံးများမှ တရားရေးအရာရှိများနှင့် တရားရုံး ဝန်ထမ်း ၇၅ ဦးတို့ တက်ရောက် ခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် တရားရုံးအသီးသီးမှ အရာထမ်း၊ အမှုထမ်း သင်တန်းသူ သင်တန်းသားများအား Court Customer Service ဆင့်ပွားသင်တန်း ဆက်လက်ပို့ချခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# The 60th Bangkok Gems & Jewelry Fair ကုန်စည်ပြပွဲကျင်းပမည်

**နေပြည်တော် မေ ၂၅**
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့သည် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး နိုင်ငံတကာကုန်စည်ပြပွဲများကိုသွားရောက်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ သည်။ The 60th Bangkok Gems & Jewelry Fair ကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့ IMPACT Maung Thong Thani, Challenger Hall 1-3 တွင် စက်တင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် စိန်များ၊ ပုလဲများ၊ သတ္တုများ၊ ဖက်ရှင် ဒီဇိုင်းအလှဝတ်ရတနာများ၊ ရွှေ၊ ငွေတို့နှင့်ပြုလုပ်ထားသော ကျောက်မျက်လက်ဝတ်ရတနာ အချောထည်များ၊ ကျောက်မျက်လက်ဝတ်ရတနာအစိတ်အပိုင်းများနှင့် ဆက်စပ်ပစ္စည်းများ စသည်ဖြင့် အမျိုးအစား စုံလင်စွာပြသမည်ဖြစ်သည်။ ပြပွဲနှင့်ပတ်သက်၍ အသေးစိတ် သိရှိလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့ နေပြည်တော် ဖုန်း-၀၆၇-၄၃၀၄၄၇၊ ဖက်(စ်) ၀၆၇-၄၃၀၁၂၈၊ Email: moctradefair@gmail.comနှင့် ရန်ကုန် ဖုန်း-၀၁-၂၅၄၀၂၄၊ Email:itpic.moc@gmail.com၊ website:www.trade.gov.mmနှင့် ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဒဏ္ဍာရီထဲက ငွေတောင်ပြည် အလည်သွားကြမည်

သတင်းဆောင်းပါး- စိုးစိုးနိုင်(ကြေးမုံ)၊ ဓာတ်ပုံ-မင်းခန့်စိုး(ကြေးမုံ)

ဆန်းကြယ်လှပသည့် ဆင်ယင်ထုံးဖွဲ့မှု၊ ရိုးရှင်းလှသည့် ရိုးရာယဉ်ကျေးမှုဓလေ့များ၊ ထူးခြားသည့် သဘာဝ လိုဏ်ဂူ၊ ရေကန်များနှင့် ဒဏ္ဍာရီဖြစ်ရပ်များတည်ရှိရာ အထင်ကရနေရာများကြောင့် ကယားပြည်နယ်သည် ပြည်တွင်းသာမက ကမ္ဘာလှည့်ခရီးသည်များ၏အာရုံကို ဖမ်းစားနေသော စိတ်ဝင်စားစရာ ဒေသတစ်ခုအဖြစ် ပိုမိုထင်ရှားလာခဲ့သည်။

ကယားပြည်နယ်သည် ဧရိယာစတုရန်းမိုင် ၄၅၀၀ ကျော်ကျယ်ဝန်း၍ ပြည်နယ်ခုနစ်ခုတွင် ဧရိယာအားဖြင့် အငယ်ဆုံးပြည်နယ်ဖြစ်ပြီး လူနေကျဲပါးသော တောင်ပေါ် ဒေသဖြစ်သည်။ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ထိုင်းနိုင်ငံ တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ အဓိကလျှပ်စစ်ဓာတ်အားပေးစက်ရုံဖြစ်သော လောပိတ ရေအားလျှပ်စစ်စက်ရုံလည်း ရှိသည်။ ကယားပြည်နယ်ကို လွိုင်ကော်ခရိုင်နှင့် ဘော်လခဲခရိုင်တို့ဖြင့် ဖွဲ့စည်းထားပြီး ပြည်နယ်၏မြို့တော်မှာ လွိုင်ကော်ဖြစ်သည်။ လွိုင်ကော် ခရိုင်တွင် လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆိုနှင့် ရှားတော မြို့နယ်များပါဝင်ပြီး ဘော်လခဲခရိုင်တွင် ဘော်လခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်များ ပါဝင်သည်။

ရိုးရာဓလေ့၊ သဘာဝအလှတရားများရှိနေသည့် ကယားပြည်နယ် လွိုင်ကော်မြို့သို့ ရန်ကုန်နှင့် မန္တလေး မြို့များမှ လေကြောင်းဖြင့် ခရီးနှင်မည်ဆိုလျှင် တစ်နာရီ ဝန်းကျင်ကြာမြင့်မည်ဖြစ်ပြီး ကုန်းလမ်းခရီးဖြင့်လာပါက ၁၂ နာရီကျော်ကြာမည်ဖြစ်သည်။ နေပြည်တော်မှ ကုန်းလမ်းခရီးဖြင့်ဆိုလျှင် ငါးနာရီကျော်ကြာမည်ဖြစ်သည်။

လွိုင်ကော်မြို့၏ကျက်သရေဆောင် သီရိမင်္ဂလာ တောင်တော်(တောင်ကွဲစေတီ)သည် သဘာဝအတိုင်း ထူးခြားစွာဖြစ်ပေါ်နေသော ကျောက်တောင်ထွတ် ကိုးခု ရှိပြီး တောင်တော်မှာ ၃၈၇ ပေမြင့်သည်။ ကိုးစိတ်ကွဲ နေသော ကျောက်တောင်ထွတ်ထက်တွင် စေတီတော် တစ်ဆူစီကို ၁၈၉၅ ခုနှစ်တွင် ညဏ်တော် ၂၂ တောင်ရှိ ရွှေယပ်တောင်စေတီကိုလည်းကောင်း၊ ၁၉၁၃ ခုနှစ်တွင် ညဏ်တော် ၉ တောင်ရှိ ရွှေရင်အေးစေတီကိုလည်း ကောင်း၊ ၁၉၁၄ ခုနှစ်တွင် ညဏ်တော် ကိုးတောင်ရှိ ကျောက်သမ္ဘာန်စေတီကိုလည်းကောင်း၊ ၁၉၂၉ ခုနှစ် တွင် ညဏ်တော် ၁၆ တောင်ရှိ အောင်တော်မူစေတီနှင့် ဆု တောင်းပြည့်စေတီတို့ကိုလည်းကောင်း၊ ၁၉၃၃ ခုနှစ် တွင် ညဏ်တော် ၂၄ တောင်ရှိ ပြည်လုံးချမ်းသာ (ပင်မ စေတီတော်)နှင့် ညဏ်တော် ကိုးတောင်ရှိ အောက် ကျိုက်ထီးရိုးစေတီတို့ကိုလည်းကောင်း၊ ၁၉၃၄ ခုနှစ်တွင် ညဏ်တော် ၁၂ တောင်ရှိ အထက်ကျိုက်ထီးရိုးစေတီကို လည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်တွင် ညဏ်တော် ၁၄ တောင်ရှိ ရွှေပြည်အေးစေတီကိုလည်းကောင်း တည်ထား ကိုးကွယ်ခဲ့သည်ဟု သိရသည်။ တောင်ထွတ်များပေါ်၌ တည်ထားသော စေတီကိုးဆူကို သက်သောင့်သက်သာ ဖူးမြော်နိုင်ရန် ဓာတ်လှေကားလည်း တပ်ဆင်ထားသည်။ စေတီ ကိုးဆူကို စုံလင်စွာဖူးမြော်မည်ဆိုလျှင် ကျောက် လှေကားမှတစ်ဆင့် တဖြည်းဖြည်းချင်း ခြေကျင် တက်ရောက်နိုင်သည်။


အတိတ်တဘောင် နိမိတ်ဆောင်သည့် သီရိမင်္ဂလာတောင်တော်(တောင်ကွဲစေတီ)

သီရိမင်္ဂလာတောင်ကို မြန်မာဘာသာဖြင့် 'တောင်ကွဲ တောင်'၊ ရှမ်းဘာသာဖြင့် 'လွိုင်ဖာတက်'၊ ကယား ဘာသာဖြင့် 'ဖော်ဖြဲ'ဟု ခေါ်ဆိုကြပြီး "ဤတောင်သည် ကိုးစိတ်ကိုးမြွာကွဲနေသော်လည်း သာသနာပြုမင်း ပေါ်ထွန်းလာသောအခါ ဤတောင်တွင် စေတီတော်တစ်ဆူ တည်ထားကိုးကွယ်လတ္တံ့"ဟု အတိတ်တဘောင်လည်း ရှိသည်။

ဒဏ္ဍာရီထဲက ငွေတောင်ပြည်ကြီးရှိရာ ဒီးမော့ဆို မြို့နယ် ငွေတောင်ဆည်၏ သာယာလှပမှုကို အပန်းဖြေ အနားယူရင်း လေ့လာကြည့်ရှုနိုင်ရန် လွိုင်ကော်မြို့မှ ၄၅ မိနစ်ကြာ သွားရမည်ဖြစ်သည်။ ငွေတောင်ဆည်သည် အမြင့် ၃၅ ပေရှိ မြေသားတမံဖြစ်ပြီး အလျား ပေ ၆၀၀၀ ရှိသည်။ ကန်ရေပြင်ကျယ် ဧက ၆၂၀ ရှိပြီး ကန်ရေပြင် ပမာဏ ဧက ၈၉၂၀ သိုလှောင်ထားနိုင်၍ ဆည်ရေ သောက် ဧရိယာ ၆၂၉၁ ဧကကို စိုက်ပျိုးရေ ပေးဝေနေသည့် ဒေသသောက်သုံးရေအတွက် အလွန်အရေးပါသော ဆည် တစ်ခုဖြစ်သည်။

ထိုမှတစ်ဖန် ကမ္ဘာ့အလယ်တွင် အံ့ဖွယ်တစ်ရပ်အဖြစ် ရှိနေသည့် ကယန်းတိုင်းရင်းသူတို့၏ လည်တိုင်၊ လက်ကောက် ဝတ်မှ တံတောင်ဆစ်အထိနှင့် ခြေမျက်စိမှ ဒူးဆစ်အထိ ခန္ဓာကိုယ်အစိတ်အပိုင်းများတွင် ကြေး၊ ငွေများရစ်ခွေလျက် အလှဆင်ဝတ်စားမှုကို လေ့လာကြည့်ရှုနိုင်ရန် ငွေတောင် ဆည်မှ တစ်နာရီခန့် ခရီးဆက်လျှင် ကယန်းလူမျိုးတို့ နေထိုင်ရာ ပန်ပက်ကျေးရွာသစ်သို့ သွားနိုင်သည်။

ကယန်းတိုင်းရင်းသူတို့သည် အသက် ငါးနှစ်အရွယ် မှစ၍ ကြေးခွေပတ်လေ့ရှိပြီး စတင်ခွေပတ်ချိန်တွင် နှစ်ခွေ၊ သုံးခွေပတ်ကာ အသက်ဆယ်နှစ်ကျော်လျှင် ယခင်ငါးနှစ် အရွယ်က ရစ်ပတ်ခဲ့သော ကြေးခွေများကိုဖြုတ်ပြီး ဆယ်ခွေအထိ ရစ်ပတ်သည်။ အသက်နှစ်ဆယ်ကျော်လျှင် ကြေးခွေတစ်ဆယ့်ငါးရစ်မှ နှစ်ဆယ်ရစ်အထိ ခွေပတ်ပြန် သည်။ လည်တိုင်အတိုင်း ရစ်ပတ်ထားသောကြေးခွေများ တည်ငြိမ်စေရန် လည်ပင်းအောက်ခံ ပခုံးနှစ်ဖက်ပေါ်တွင် သီးခြားရစ်ပတ်ထားသည့် ကြေးခွေများလည်းရှိပြန်သည်။ ကယန်းတိုင်းရင်းသူတို့၏လည်တိုင်တွင် ရစ်ပတ်ထား သော ကြေးခွေတို့သည် တစ်ကွင်းစီစွပ်ထားသည်မဟုတ်ဘဲ ကြေးချောင်းအရှည်ကို ကွိုင်ကဲ့သို့ ရစ်ထားခြင်းဖြစ်သည်။ ကြေးခွေ၏အရွယ်အစားမှာ အမျိုးသမီးတစ်ဦး၏ သာမန် လက်သန်းအရွယ်ထက် အနည်းငယ်သေးသည်။ ကယန်း တိုင်းရင်းသူတို့၏လည်ပင်းတွင် ကြေးခွေသာမက ငွေပြား၊ ဘော်ပြား၊ ဒင်္ဂါးပြားတို့ကို တွဲလဲဆွဲ၍ အလှဆင်ကြသည်။ ထိုသို့ တစ်ကိုယ်လုံးဆင်မြန်းထားသည့် ကြေးခွေ၊ ငွေကွင်း များကို ချိန်တွယ်ကြည့်လျှင် အလေးချိန်အားဖြင့် ပေါင် ၆၀ ထက်မနည်း (၁၇ ပိဿာခန့်)ရှိသည်ဟု သိရသည်။

ကယန်းတိုင်းရင်းသူလေးတချို့သည် ခေတ်နှင့်အညီ ပေါ့ပါးလွတ်လပ်စွာ ဝတ်ဆင်နေကြသော်လည်း ကျေးလက်တွင်နေထိုင်ကြသော ကယန်းတိုင်းရင်းသူ အများစုမှာ မိရိုးဖလာရိုးရာယဉ်ကျေးမှုမပျောက်ပျက် စေရန် ထိန်းသိမ်းသည့်အနေဖြင့် ကြေးခွေပတ်ဆင်မြန်းမှုကို မြတ်နိုးစွာဝတ်ဆင်လျက်ရှိနေကြဆဲပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လူဦးရေနည်းပါးရုံသာမက လူသိနည်းပါးလှသော ကယန်းတိုင်းရင်းသူတို့ကို တစ်ခါ မြင်ဖူးရုံဖြင့် တစ်သက်မမေ့နိုင်စရာဖြစ်ကာ ဆန်းကြယ် လှပသည့် ဆင်ယင်ထုံးဖွဲ့မှုကား အံ့သြ၍မကုန် နိုင်ပေ။

ကယန်းလူမျိုးများသည် ဝါးပင်မှ လူ့အသုံး အဆောင်ပစ္စည်းများ၊ ကလေးကစားစရာများ ပြုလုပ် သည့် လက်မှုပညာကျွမ်းကျင်ကြသည်။ ရိုးရာအထည် များကိုလည်း ကိုယ်တိုင်ရက်လုပ်ဝတ်ဆင်ကြသည်။ တောင်ယာစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးကြသည့် အပြင် အမဲလိုက်ခြင်း၊ ပျားဖွပ်ခြင်းတို့ကိုလည်း လုပ်ကိုင်ကြသည်။ ကယန်းတို့၏ ရိုးရာချက်လုပ်သော ခေါင်ရည်သည် ကျော်ကြားပြီး ဝါးပိုးကောင်ဟင်းနှင့် ခါချဉ်ဥကြော်တို့ကလည်း မစားဖူးသူများအတွက် ခံတွင်းတွေ့စေနိုင်သည်ဟု သိရသည်။

(ဆက်လက်ဖော်ပြပါမည်)


ဂျပ်ခုတ်ထည်ရက်လုပ်နေသည့် ကယန်းတိုင်းရင်းသူတစ်ဦး



ဒဏ္ဍာရီထဲက ငွေတောင်ပြည်ကြီးတည်ရှိခဲ့သည်ဆိုသော ငွေတောင်ဆည်

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# မြန်မာပြည်မှ အော်ဂျီးယန် မြင်းဇောင်းများနှင့် ဒေါ်အောင်ဆန်းစုကြည်

## လင်းအေး

ဗိုလ်ချုပ်အောင်ဆန်း၏ တက္ကသိုလ်ကျောင်းနေဖက် သူငယ်ချင်းဖြစ်သူ ဦးမြစိန်(ပုသိမ်) (သံအမတ်ကြီး ဦးမြစိန်) က N.N ကလောင်အမည်ဖြင့် ဗိုလ်ချုပ်အကြောင်း ဆောင်းပါးရေးခဲ့ရာ ဆောင်းပါးတွင် ကိုအောင်ဆန်း ကျောင်းမှထွက်ပြီး တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်၍ အစည်းအရုံး၏ အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်စဉ်က ကြီးလေးသောတာဝန်များကို ထမ်းဆောင်ခဲ့ရကြောင်း အခုလိုရေးသားထားသည်။

"သခင်အောင်ဆန်း(အထွေထွေအတွင်းရေးမှူးဖြစ်လာပြီးနောက်) ပထမဆုံးလုပ်ဆောင်ရသည့် တာဝန်မှာ "အော်ဂျီးယန် မြင်းဇောင်းများ" ကို သန့်ရှင်းအောင် ရှင်းလင်းနေခြင်းနှင့်တူသည်။" (N.N: Out of the past -An intimate Skatch of Bogyoke Aung San, Guardian Magazine Vol IX, No5,May 1961)

အော်ဂျီးယန်မြင်းဇောင်းများ (Augean Stables) ကိုရှင်းလင်းသည့် ဇာတ်လမ်းမှာ ဂရိဒဏ္ဍာရီတွင် ပါရှိသော လူစွမ်းကောင်းဟာကျူလီ (ဟဲနကလိဇ်)၏ ဇာတ်လမ်းဖြစ်သည်။ ဟာကျူလီသည် နတ်မင်းကြီး ဇူး(စ်)(Zeus)နှင့် သူ၏ လူသားမိဖုရား အဲလ်(ခ်)မီးနီး (Alcmane)တို့မှ မွေးဖွားသော လူတစ်ပိုင်းနတ်တစ်ပိုင်းသားတော် ဖြစ်သည်။

ဇူး(စ်)၏ အခြားမိဖုရားတစ်ဦးဖြစ်သည့် နတ်ဘုရားမ ဟီးရာ (Hera) ၏ပယောဂကြောင့် ဟာကျူလီ စိတ်ဖောက်ပြန်ပြီး သူ့သားသမီးများကိုသတ်လိုက်မိသဖြင့် သူကျူးလွန်မိသော ပြစ်မှုအတွက် နတ်ကွန်းတွင် နတ်သွားမေးရာ နတ်က ဟာကျူလီကို ယူရစ်(စ်)သီးယပ်(စ်)ဘုရင်ထံသို့ သွားရောက်၍ ဘုရင်ကို ၁၂ နှစ် အလုပ်အကျွေးပြုရန်နှင့် အလွန်ခက်ခဲသော အလုပ်ကြီး ၁၂ ခု (Twelve Labours) ကို ဘုရင်အတွက်လုပ်ဆောင်ပေးစေရန် ညွှန်ကြားချမှတ်လိုက်သည်။

လုပ်ငန်းကြီး ၁၂ ခုတွင် ငါးခုမြောက်အလုပ်မှာ ယူရစ်(စ်)သီးယပ်(စ်) ဘုရင်ပိုင်သည့် မြင်းဇောင်းများမှ တိရစ္ဆာန်အညစ်အကြေးများကိုရှင်းလင်းပေးရမည့် အလုပ်ဖြစ်သည်။ ထိုအော်ဂျီးယန် မြင်းဇောင်းများတွင် ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ မြင်းများကိုထားရှိပြီး ယင်းတို့၏ အညစ်အကြေးများကို နှစ်ပေါင်းသုံးဆယ်ကျော် မရှင်းလင်းဘဲထားသဖြင့် တောင်ပုံရာပုံ စုပုံနေပြီး ညစ်ပတ်နံစော်လျက်ရှိသည်။

ဟာကျူလီသည် ထိုမြင်းဇောင်းသုံးထောင်ရှိ အညစ်အကြေးများကို တစ်ရက်တည်းနှင့် (နာရီပိုင်းမျှနှင့်) ပြောင်စင်သွားအောင် အပြတ်ရှင်းပစ်လိုက်သည်။ လူစွမ်းကောင်း(သို့မဟုတ်) နတ်စွမ်းကောင်း ဟာကျူလီ၏ ရှင်းပုံရှင်းနည်းမှာ မြင်းဇောင်းများအနီးတွင် စီးဆင်းနေသော အယ်လ်ဖီးယပ်(စ်)မြစ်နှင့် ဖီးနီးယပ်(စ်)မြစ်နှစ်စင်းကို မြင်းဇောင်းများဆီသို့ဖောက်သွယ်၍ မြစ်ကြောင်းပြောင်းစေကာ မြစ်ရေတို့ဖြင့် အညစ်အကြေးများကို ဆေးကြောရှင်းလင်းပစ်လိုက်ခြင်းဖြစ်သည်။

ဟာကျူလီ၏ ထိုလုပ်ရပ်နှင့် ပမာပြုနှိုင်းယှဉ်၍ ဦးမြစိန်က ကြီးလေးသောတာဝန်များအား သခင်အောင်ဆန်း ထမ်းရွက်ပုံကို ရေးထားခြင်းဖြစ်သည်။ တကယ်တော့ သခင်အောင်ဆန်းသည် သခင်ဘဝတွင်သာ ကြီးလေးသော တာဝန်များကို ထမ်းရွက်ခဲ့ရသည်မဟုတ်။ တပ်မတော်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းဘဝ၊ ဖဆပလဥက္ကဋ္ဌ ဦးအောင်ဆန်းဘဝတို့တွင်လည်း အလွန်ခက်ခဲလေးလံသော တာဝန်များ၊ ကြီးမားသော ဝန်ထုပ်ဝန်ပိုးများကို ကျဆုံးကွယ်လွန်ချိန်အထိ ပင်ပန်းကြီးစွာ ထမ်းဆောင်ခဲ့ရသူဖြစ်သည်။

ယနေ့ခေတ် ယနေ့အချိန်တွင် ဗိုလ်ချုပ်၏သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်သည်လည်း သူ့ဖခင်ကဲ့သို့ပင် တိုင်းပြည်၏ခက်ခဲလေးလံသော တာဝန်များ၊ ဝန်ထုပ်ဝန်ပိုးများကို ထမ်းရွက်နေရသည်။ တိုင်းပြည်တွင် နှစ်ပေါင်းများစွာတင်ရှိနေသည့် များပြားလှစွာသော အမှိုက်သရိုက်အညစ်အကြေးအစုအပုံကြီးကို ဖယ်ထုတ်ရှင်းလင်းနိုင်ရန်ကြိုးစားနေရသည်။ မြင်းဇောင်းအညစ်အကြေးများကို ရှင်းလင်းသည့် ဂရိသူရဲကောင်းဟာကျူလီနှင့် တိုင်းပြည်၏ အညစ်အကြေးများ ပြဿနာများကို ရှင်းလင်းရသည့် ဗိုလ်ချုပ်တို့၊ ဒေါ်စုတို့ကို နှိုင်းမည့်သာ နှိုင်းပြောရသည်။ ဟာကျူလီနှင့် ဗိုလ်ချုပ်တို့သားအဖသည် လူချင်းလည်းမတူ၊ ဖြစ်ရပ်ချင်းလည်းမတူ ရှင်းရမည့်ကိစ္စချင်းလည်း မတူကြ။ ဟာကျူလီကပြစ်ဒဏ်ခံရခြင်းဖြစ်သည်။ ဗိုလ်ချုပ်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့မှာ ပြည်သူက အားကိုးယုံကြည်စွာ ပေးအပ်သောတာဝန်ကို ထမ်းဆောင်ရခြင်းဖြစ်သည်။

ဟာကျူလီရှင်းလင်းရသော အညစ်အကြေးက မြင်းဇောင်းသုံးထောင်တွင် နှစ်သုံးဆယ်ကျော် စုပုံနေသော တိရစ္ဆာန် အညစ်အကြေးမျှသာ ဖြစ်သည်။ ယခု ဒေါ်အောင်ဆန်းစုကြည် ရှင်းလင်းရမည့် အညစ်အကြေးများက လူတို့ပယောဂကြောင့် ဖြစ်ပေါ်လာသော တစ်တိုင်းတစ်ပြည်လုံး၏ နှစ်ပေါင်းငါးဆယ်ကျော်ကြာ စုပုံနေသည့် အညစ်အကြေး အမှိုက်သရိုက်များဖြစ်သဖြင့် အော်ဂျီးယန်မြင်းဇောင်း အညစ်အကြေးထက်ပိုများပြီး ပို၍အနံ့အသက်ဆိုးပေရာ ရှင်းလင်းရန်ပိုမိုခက်ခဲသည်။

ထို့ပြင် ဟာကျူလီက ဒဏ္ဍာရီထဲက လူတစ်ပိုင်း နတ်တစ်ပိုင်းတန်ခိုးရှင် လူစွမ်းကောင်း (နတ်စွမ်းကောင်း) ဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်ကမူ လူသားစင်စစ်တစ်ဦးသာဖြစ်သည်။ သို့ဖြစ်ရာ ဒေါ်အောင်ဆန်းစုကြည်သည် ကိုယ့်ပြည်တွင်းရှိ အော်ဂျီးယန်မြင်းဇောင်းများကို ဟာကျူလီလို တစ်နေ့တည်းနှင့် ရှင်းပစ်နိုင်မည်မဟုတ်သည်မှာ သေချာသည်။ တစ်နေ့တည်းသာမဟုတ် တစ်နှစ်နှင့်လည်းရှင်းနိုင်လိမ့်မည် မဟုတ်၊ နောက်လေးငါးနှစ်နှင့်လည်း ပြီးပြတ်အောင်ရှင်းနိုင်မည် မဟုတ်သည်မှာ သေချာပေသည်။

အစိုးရတစ်ရပ်သည် မိမိရှေ့မှောက်ရောက်ရှိလာသော ပြဿနာမျိုးစုံ(အညစ်အကြေးပေါင်းစုံ)ကို ဒါတွေငါ့ကြောင့်ဖြစ်တာမဟုတ်ဟု အရင်လူများကို လက်ညှိုးထိုး အပြစ်ပုံချပြီး ရှောင်လွှဲ၍မရနိုင်။ မိမိတို့ စွမ်းနိုင်သရွေ့ ကိုင်တွယ်ဖြေရှင်းရတော့မည်သာဖြစ်သည်။ ထိုသို့ကိစ္စအရပ်ရပ်ကို ရင်ဆိုင်ဖြေရှင်းရာ၌ နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းတွင်ထည့်သွင်းပြောကြား သွားသလိုပင် ပြည်သူနှင့်အတူ လက်တွဲ၍ ဖြေရှင်းရပေလိမ့်မည်။

ပြည်သူနှင့်အတူဟူသော ဆောင်ပုဒ်(သို့မဟုတ်) ကြွေးကြော်သံအတိုင်း အစိုးရနှင့်ပြည်သူတို့ အတူလျှောက်လှမ်းကြမည်ဆိုပါက ခေါင်းဆောင်များရော ပြည်သူများပါ အားကောင်းမောင်းသန်ဖြစ်ကြဖို့လိုသည်။ ဒဏ္ဍာရီထဲက ဟာကျူလီလို ရုပ်ပိုင်းဆိုင်ရာ အားခွန်ဗလမတောင့်တင်းသည့်တိုင် စိတ်ဓာတ်ထက်မြက်သန်စွမ်းဖို့လိုသည်။ စိတ်ဓာတ်ချင်းတူညီမှသာ စုစည်းညီညွတ်စွာ အတူတွဲ၍ အလုပ်လုပ်နိုင်မည်ဖြစ်သည်။

ထိုသို့ စိတ်ဓာတ်ကိုအလေးပေး (အလေးထား)ပြောဆိုနေရခြင်းမှာ တိုင်းပြည်ကိုတည်ဆောက်ရန်၊ တိုင်းပြည် ပြုပြင်ပြောင်းလဲနိုင်ရန်၊ တိုင်းပြည်တိုးတက်ထွန်းကားအောင်လုပ်ဆောင်နိုင်ရန်မှာ တစ်တိုင်းပြည်လုံးရှိ ပြည်သူတို့၏ စိတ်ဓာတ်ကအဓိကဖြစ်သည်ဟု စာရေးသူ ယူဆခြင်းကြောင့်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း မကျဆုံးမီ တိုင်းပြည်ကို နောက်ဆုံးပြောသွားသည့်မိန့်ခွန်း (၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက်နေ့ ပြောသောမိန့်ခွန်း)၏ အဆုံးသတ်စကားမှာ "လွတ်လပ်ရေးအရသာကို ခံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့ စည်းကမ်းရှိကြဖို့ အခုကတည်းက ခင်ဗျားတို့ကိုယ်ကအကျင့်ဆိုးတွေ အကျင့်ဟောင်းတွေ ဖျောက်ကြဖို့လိုပြီဆိုတာ ကျွန်တော်ပြောခဲ့ချင်တယ်" ဟူ၍ဖြစ်သည်။

ဗိုလ်ချုပ်ပြောသော သောက်ကျင့်ဆိုသည်မှာ မကောင်းသောစိတ်ဓာတ် မကောင်းသောအမူအကျင့်တို့ကို ဆိုလိုသည်။ ဗိုလ်ချုပ်မိန့်ခွန်းမှာ နှစ်ပေါင်းခုနစ်ဆယ် ကြာခဲ့ပါပြီ။ ဗိုလ်ချုပ်၏ မိန့်ခွန်းစကားကို သိမ်းပိုက်နာယူခဲ့ကြခြင်း ရှိ မရှိကို လက်ရှိ မြန်မာပြည်အခြေအနေက သက်သေပြနေပါသည်။

တိုင်းပြည်၏ ခေါင်းဆောင်များ (အဓိကအားဖြင့် လွတ်လပ်ရေးရပြီး ၁၄-၅ နှစ်၏ နောက်ပိုင်းတွင် တိုင်းပြည်ကို အုပ်ချုပ်ကိုင်တွယ်ခဲ့သော ခေါင်းဆောင်များ)သာ အရည်အချင်းပြည့်ဝခဲ့ကြမည်ဆိုပါက စာရေးသူတို့၏ နိုင်ငံတော်ကြီးသည် ယခုအခြေအနေမျိုးသို့ ဆိုက်ရောက်သွားရန် အကြောင်းမရှိပါ။ ဗမာပြည်၏ အော်ဂျီးယန်မြင်းဇောင်းများသည်လည်း ယခုလောက် အညစ်အကြေးတွေ စုပုံနေလိမ့်မည်မဟုတ်ပါ။

ရွေးကောက်ပွဲအနိုင်ရ အင်န်အယ်လ်ဒီပါတီ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းခဲ့သော အစိုးရသစ်တာဝန်ယူခဲ့သည့် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်မှုများအပေါ် ဝေဖန်ခြင်းများ အများအပြား ပေါ်ထွက်လာခဲ့သည်။ အပြုသဘောဝေဖန်တာတွေရှိသလို ရစရာမရှိအောင် ပျစ်ပျစ်နှစ်နှစ် ပယ်ပယ်နယ်နယ် ဝေဖန်ခြင်းများလည်းရှိသည်။ ဤသည်မှာ သဘာဝကျပါသည်။ အစိုးရဆိုသည်မှာ ဝေဖန်ခံရမည်သာဖြစ်သည်။ ဝေဖန်ခြင်းကိုလည်း ခံနိုင်ရမည်သာဖြစ်သည်။ သမ္မတကြီးဦးထင်ကျော်တို့၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ဦးဆောင်နေသော အစိုးရအဖွဲ့သည် အထိမခံသော အကဲဆတ်သော အစိုးရမဟုတ်ပေ။ စာရေးသူအနေနှင့် ယခုအစိုးရသည် သဘောကောင်းလွန်းနေသည်ဟုပင် ထင်မိပါသည်။

တကယ်တော့ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးစသည့် ကိစ္စအရပ်ရပ်ကို ဖြေရှင်းပေးနေရသည့် တာဝန်ကို ထမ်းဆောင်ရသည်မှာ မလွယ်ပါ။ မြန်မာနိုင်ငံမှာ ဖြစ်ဖြစ်၊ နိုင်ငံတကာမှာဖြစ်ဖြစ် အစိုးရလုပ်ရသည်မှာ လွယ်သည်မဟုတ်ပါ။ အထူးသဖြင့် မြန်မာနိုင်ငံလို နှစ်ပေါင်းများစွာ ပြဿနာပေါင်းစုံ ဖိစီးခြင်းကို ခံခဲ့ရသောနိုင်ငံအဖို့ ပို၍ခက်ခဲပါသည်။ ထို့ပြင်ယင်းပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် တာဝန်ယူထားသည့် (ပြည်သူက ရွေးကောက်တင်မြှောက်တာဝန်ပေးခြင်းခံရသည့်) အင်န်အယ်လ်ဒီအစိုးရသည် မိမိစိတ်ကြိုက် လွတ်လွတ်လပ်လပ် လုပ်ချင်တာလုပ်နိုင်သည့် အခွင့်အာဏာကို အပြည့်အဝရရှိထားသော အစိုးရမျိုးမဟုတ်ဘဲ အာဏာကို ခွဲဝေကျင့်သုံးနေရသော အစိုးရသာဖြစ်လျက် ရှိသေးသည်ကို သတိချပ်ဖို့လိုပါမည်။

အစိုးရ၏ တစ်နှစ်တာအတွင်းဆောင်ရွက်ချက်များတွင် ချို့ယွင်းအားနည်းချက်များ၊ မအောင်မြင်ခြင်းများ၊ မလုပ်တတ်၊ မကိုင်တတ်သေးခြင်းကြောင့် ချွတ်ချော်မှားယွင်းသွားခဲ့မှုများရှိမည်ဖြစ်ပါသည်။ သို့သော်ထိုသို့ အပြစ်အနာအဆာများရှိသည့်တိုင် တိုင်းပြည်အပေါ်ထားရှိသော အစိုးရ၏ စေတနာကိုတော့တန်ဖိုးထား၊ အသိအမှတ်ပြုရပါလိမ့်မည်။ ကိုယ်ယုံကြည်လို့ မဲပေးရွေးချယ်ထားသော ပါတီ၏အစိုးရ၊ ကိုယ့်အစိုးရကို တိုတောင်းသော တစ်နှစ်မျှကာလအတွင်း ပစ်ပစ်ခါခါမဝေဖန်သင့်သေးပါ။ အပြစ်မပြောသင့်သေး၊ အပြစ်မတင်သင့်သေး၊ အကဲမဖြတ်ထိုက်သေးဟု ထင်ပါသည်။

တစ်ဖက်က စဉ်းစားပြန်တော့ ဒေါ်အောင်ဆန်းစုကြည်တို့လုပ်သမျှအကုန်မှန်၊ အကုန်ကောင်းဟု ပြောဆိုလျှင်လည်း အဂတိလိုက်ရာကျမည် ဖြစ်ပါသည်။ ကဗျာဆရာကြီး ဇော်ဂျီရေးခဲ့ဖူးသည့် "လောကမှာ မိန်းမချောချော တစ်ယောက်ကို မြှောက်ပင့်ပြီးပြောရတာရယ်၊ ရှင်ဘုရင်ကိုမြှောက်ပင့်ပြီးပြောရတာရယ် ဒီနှစ်ခုဟာ အင်မတန်ပျော်စရာကောင်းတယ်" ဟူသောစာကို ဆင်ခြင်စရာဖြစ်သည်။ (ဇော်ဂျီ- ပြည်ကြီးသာယာက စာဆိုသဘော၊ ရသစာပေအဖွင့်နှင့် နိဒါန်း)

တစ်ချိန်သောအခါက အချို့သောပုဂ္ဂိုလ်ကြီးများ၏ အန္တေဝါသိကများ၊ တပည့်တပန်းများသည် သူတို့၏ ခေါင်းဆောင်ကြီးများကို အစွမ်းကုန်ပင့်မြှောက်ခဲ့ကြသည်။ ခေါင်းဆောင်ကြီးလုပ်သမျှ အကုန်မှန်၊ အကုန်ကောင်းဟု ထောမနာပြုခဲ့ကြသည်။ မှားတာကိုမှားသည်ဟုမပြောရဲ၊ ထောက်မပြရဲတာလည်းပါပါမည်။ ထိုသို့ အကြီးအကဲကို မထိမတို့ရဲ၊ မဝေဖန်ရဲခြင်းကြောင့် တိုင်းပြည်ဆိုးရွားသော အခြေအနေသို့ ဆိုက်သွားခြင်းဖြစ်သည်။

ပြည်သူ့အစိုးရသစ်တက်လာသည့် တစ်နှစ်တာကာလအတွင်း သိသာထင်ရှားစွာ ပိုမိုဆိုးရွားသွားသည့် ကိစ္စအချို့ကို တင်ပြလိုပါသည်။ ပထမကိစ္စမှာ အဂတိလိုက်စားသည့်ကိစ္စ၊ လာဘ်ပေးလာဘ်ယူ ကိစ္စဖြစ်သည်။ နယ်ပယ်ကဏ္ဍအသီးသီးတွင် ကြပ်မတ်နေသော်လည်း လာဘ်ပေးလာဘ်ယူမှုမှာ ပိုမိုတန်ဖိုးကြီးမားလာကြောင်း ကြားသိနေရသည်။ (လာဘ်ပေးလာဘ်ယူပပျောက်ရေး ကိစ္စမှာ အကျယ်တဝင့် သီးခြားစာတစ်ပုဒ်ရေးရမည့် ကိစ္စဖြစ်သည်။)

နောက်တစ်ကိစ္စမှာ အချို့သူများ၏ ဖေ့စ်ဘွတ်ပေါ်တွင် ရိုင်းစိုင်းရင့်သီးသောစာများ၊ စကားများကိုတင်ကြသည့်ကိစ္စဖြစ်သည်။ ဖေ့စ်ဘွတ်သုံးသူအချို့သည် အသုံးပြုသူအချင်းချင်းသော်လည်းကောင်း၊ အစိုးရတာဝန်ရှိသည့် အဖွဲ့အစည်းများ၊အကြီးအကဲပုဂ္ဂိုလ်များကိုလည်းကောင်း မိမိနှင့် သဘောချင်းမတိုက်ဆိုင်သည့် မည်သူ့ကိုမဆို လွတ်လပ်စွာဆဲရေးတိုင်းထွာကြသည်။ အရင်ကမကြုံခဲ့၊ မတွေ့ခဲ့၊ မကြားခဲ့ဖူးသော ဆိုးရွားညစ်ညမ်းသည့် စကားလုံးများ အသုံးအနှုန်းများဖြင့်ပုတ်ခတ်စော်ကားကြသည်။

ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ကို ဖျက်သိမ်းရန် အချို့တောင်းဆို လှုံ့ဆော်ခဲ့ကြရာ ဥပဒေပြဋ္ဌာန်းချက်ရှိနေလျက်ကပင် စည်းပျက်ကမ်းပျက်လက်လွတ်စပယ် ပြောကြ၊ ရေးကြ ဖြစ်ချင်တိုင်းဖြစ်နေကြလျှင် ဥပဒေသာ မရှိပါက မည်မျှအခြေအနေဆိုးသွားနိုင်သည်ကို တွေးကြည့်မိသည်။ ၆၆ (ဃ) ကို ကောင်းလှသည်ဟု မဆိုလိုပါ။ သည်လို ဥပဒေမျိုးရှိသည့်ကြားက ဖြစ်ပျက်နေတာကို ပြောလိုခြင်း ဖြစ်ပါသည်။ လူ့အဖွဲ့အစည်းအတွင်း အကြွင်းမဲ့လွတ်လပ်ခွင့်ဟူ၍ ဘယ်မှာမျှမရှိပါ။ လူတစ်ဦးချင်း၏ လွတ်လပ်မှုတွင် အကန့်အသတ်ရှိသည်။ မိမိ၏ ပိုင်ခွင့်ဟု လွဲမှားစွာယူဆပြီး စိတ်ထင်ရာတွေပြောချင်တိုင်းပြော ဆဲချင်တိုင်းဆဲခွင့်မရှိပါ။

စာရေးသူသည် လူတွေ ထိုမျှ စိတ်ဓာတ်ပျက်စီးနေသည်ကို တွေ့ရကြားရသည့်အခါ တို့တိုင်းပြည် သည်ပုံစံနှင့် ဘယ်လိုရှေ့ဆက်သွားမည်လဲဟု ကြောင့်ကြပူပန်မိသည်။ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ ကျောင်းတိုက် စည်းကမ်းဆယ်ချက်အနက် ထိပ်ဆုံးစည်းကမ်းချက်ဖြစ်သည့် "စိတ်ကောင်းရှိဖို့သည် ပထမ" ဟူသော စည်းကမ်းချက်ကိုလည်း သတိရမိပါသည်။

တိုင်းပြည်နှင့် ပြည်သူတို့အတွက်လည်း စိတ်ကောင်းရှိဖို့သည် ပထမပင်ဖြစ်ပါမည်။ လက်တွေ့အားဖြင့် မဖြစ်နိုင်သော်လည်း "ငါတို့ပြည်သူများအားလုံး စိတ်ကောင်းရှိကြမည်၊ တိုင်းပြည်ကို ချစ်ကြမည်၊ ကိုယ်ကျင့်သိက္ခာပြည့်စုံကောင်းမွန်ကြမည်၊ အသိဉာဏ်ပညာမြင့်မားကြမည်ဆိုလျှင် ကောင်းလေစွ"ဟု စိတ်ကူးယဉ်မိပါသည်။

ထိုကောင်းမွန်သော စိတ်နေစိတ်ထားနှင့် အရည်အသွေးများရှိဖို့ဆိုသည်မှာ တစ်ဦးချင်းဖြစ်စေ၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံးဖြစ်စေ ဝိုင်းဝန်းကြိုးပမ်းကြရမည့်အလုပ်ဖြစ်ပါသည်။ ထိုသို့လူတွေ၏ မကောင်းသောစိတ်ဓာတ်၊ မကောင်းသောအမူအကျင့်များ ပပျောက်ကင်းစင်အောင် အားထုတ်ကြိုးစားခြင်းသည် တိုင်းပြည်အညစ်အကြေးများကို ဖယ်ရှားသန့်ရှင်းဖို့ ကြိုးစားခြင်းပင်ဖြစ်ပါသည်။

နှစ်သစ်တွင် မြန်မာပြည်၏ "အော်ဂျီးယန် မြင်းဇောင်းများ" အား ရှင်းလင်းသည့်အလုပ်ကို နိုင်ငံတော်အစိုးရသည် ပြည်သူနှင့်အတူလက်တွဲ၍ အောင်မြင်စွာ ဆောင်ရွက်နိုင်ပါစေဟု ဆုတောင်းရပါသည်။ ။



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Diamond Aircraft Industry ထုတ်လေယာဉ်များ ကြည့်ရှုလေ့လာ

**နေပြည်တော် မေ ၂၅**

သြစတြီးယားနိုင်ငံ၌ အလုပ်သဘောချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့သည် မေ ၂၄ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် Diamond Aircraft Industry သို့ သွားရောက်ကြည့်ရှုလေ့လာသည်။ **(အပေါ်ပုံ)**

Diamond Aircraft Industry ထုတ်လေယာဉ်များနှင့်ပတ်သက်၍ အသေးစိတ် အချက်အလက်များအား တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းပြသရာ မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့မှ တာဝန်ရှိသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် Diamond Aircraft Industry မှ ထုတ်လုပ်သည့် DA-62 လေယာဉ်ဖြင့်လည်းကောင်း၊ အခြားအဖွဲ့ဝင်များသည် ကုမ္ပဏီထုတ်လေယာဉ်များဖြင့်လည်းကောင်း ဗီယင်နာမြို့တစ်ဝိုက် လှည့်လည်ပျံသန်းကြည့်ရှု၍ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် Diamond Aircraft Industry ၏ CEO ဖြစ်သူ Mr. Christian Dries နှင့်ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာစိုးဝင်း<br>အမြဲတမ်းအတွင်းဝန်(ပညာရေး)<br>တာဝန်ခံညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့<br>(ပညာရေး)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မုံရွာစီးပွားရေးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာဆင့်စိုး<br>ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(မန္တလေး)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မန္တလေးနည်းပညာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာဒေါ်သိင်္ဂီ<br>ပါမောက္ခချုပ်<br>ရန်ကုန်အနောက်ပိုင်း<br>နည်းပညာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(သန်လျင်)<br>ပညာရေးဝန်ကြီးဌာန |
| (ဃ) | ဒေါက်တာကြည်စိုး<br>ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(မှော်ဘီ)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်အနောက်ပိုင်း<br>နည်းပညာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (င) | ဒေါက်တာဒေါ်ကေသီလွင်<br>ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(သန်လျင်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(မှော်ဘီ)<br>ပညာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းကို ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာ ဥပဒေများအား လေ့လာရန်အတွက် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံအတွင်းရှိ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာဥပဒေများအား လေ့လာရန်အတွက် မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့သို့ မေ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာခဲ့ကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်၌ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်ရေးကော်မရှင်အဖွဲ့ဝင် ဦးတင်မောင်ဦးနှင့် ဦးစန်းလွင်၊ ဥပဒေပညာရှင် ဦးအောင်ထွန်းနှင့်ဦးကျော်မြင့်၊ မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးတင်မောင်၊ ဒု-ဥက္ကဋ္ဌ ဦးစိုင်းခွန်နောင်နှင့် အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ ပါဝင်ပြီး မြန်မာနိုင်ငံ၏ အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာဥပဒေ ထွက်ပေါ်ရန်အတွက် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ အိမ်ခြံမြေလုပ်ငန်းဆိုင်ရာများ၊ အိမ်ခြံမြေဥပဒေရေးသားထားပုံများကို သွားရောက်လေ့လာမည်ဖြစ်ကြောင်း သိရသည်။ **(စိုးဝင်း-MLA)**

## ရှမ်းပြည်နယ်ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ သတင်းစာရှင်းလင်းပွဲကျင်းပ

**တောင်ကြီး မေ ၂၅**

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် မေ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့သော ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအပြီးတွင် ဆွေးနွေးပွဲနှင့် သက်ဆိုင်သည့် သတင်းစာရှင်းလင်းပွဲကို ပြုလုပ်သည်။

သတင်းစာရှင်းလင်းပွဲတွင် ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အဖွဲ့ဝင် ဦးထွန်းထွန်းဟိန်၊ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်တို့က တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏မေးမြန်းချက်များကို ဖြေကြားခဲ့ကြသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအဖွဲ့ဝင် ဦးထွန်းထွန်းဟိန်က ယခုဆွေးနွေးပွဲမှ ဖတ်ကြားတင်ပြလာသည့် စာတမ်းပေါင်း ၅၇ စောင်ကို အမျိုးအစားတူညီသည်များ စုစည်းသည့်အပြင် မတူညီသည့် စာတမ်းများကိုလည်း ချန်လှပ်ထားခြင်းမရှိဘဲ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) မှတစ်ဆင့် (၂၁)ရာစုပင်လုံညီလာခံတွင် ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် တင်ပြသွားမည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် တနင်္သာရီ၊ ပဲခူးနှင့် ရှမ်းပြည်နယ်တို့တွင် ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲများကို ကျင်းပနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲတွင် UPDJC မှ သဘောတူညီချက်ဖြင့် ကိုယ်စားလှယ်များကို ရှမ်းပြည်နယ်အစိုးရက ဖိတ်ကြားခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုကို လုံးဝလက်ခံမည်မဟုတ်ပါကြောင်း၊ ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုထက် ပြည်တွင်းစည်းလုံးမှုရှိရန် လိုအပ်ကြောင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို အကြိမ်များစွာ ထပ်တလဲလဲ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခု ရှမ်းပြည်နယ်မှ တင်ပြထားသည့် စာတမ်းများအား ပြည်ထောင်စုအဆင့်မှ သဘောတူညီပါက တစ်နိုင်ငံလုံးသိရှိစေရန် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ယခုတင်ပြသည့် စာတမ်းများသည် အချိန်တိုတောင်းသော်လည်း ပြည့်စုံကောင်းမွန်သည့်စာတမ်းများအဖြစ် တွေ့မြင်ရကြောင်း၊ ဘက်ပေါင်းစုံ ရှုထောင့်အမျိုးမျိုးမှ တင်ပြဆွေးနွေးထားသည်ကို ဖတ်ရှုရသည့်အတွက် နောက်ထပ် အချိန်ထပ်တိုး၍ ကျင်းပပေးရန် မလိုတော့လောက်အောင် ပြည့်စုံမှုရှိသည့်အတွက် အချိန်တိုတောင်းမှုအား စိုးရိမ်စိတ်မထားကြစေလိုကြောင်း ဖြေကြားသည်။

အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်က ယခုဆွေးနွေးပွဲသည် ပြည်သူတို့၏ဆန္ဒကို ကိုယ်စားပြုရယူခြင်းဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲသို့ အဓိကကျသော နိုင်ငံရေးပါတီများမှလည်း ပြည့်ပြည့်စုံစုံတက်ရောက်လာသည်ကို တွေ့ရကြောင်း၊ ယခုဆွေးနွေးပွဲရလဒ်များသည် ရှမ်းပြည်နယ်ကို ကိုယ်စားပြုသည်ဟုပြောလိုကြောင်း၊ နိုင်ငံရေးအဖွဲ့အစည်းအားလုံးသည် ယခင်ကတည်းက နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးကို နိစ္စဓူဝစဉ်းစားတွေးတော ကြံဆနေသူများဖြစ်သည့်အတွက် နာရီပိုင်းအတွင်း မိမိတို့၏ မူဝါဒကို တင်ပြနိုင်စွမ်းရှိသူများဖြစ်ရာ အချိန်ပိုပေးရန်မလိုတော့လောက်အောင် ဒေသအလိုက် ပြည့်စုံမှုရှိသည့် စာတမ်းများဖြစ်သည်ဟု ယုံကြည်ကြောင်း ဖြေကြားသည်။



**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အခွန်ရှောင်သူများကို ရှာဖွေဖော်ထုတ်ခြင်းဖြင့် ရသင့်ရထိုက်သော အခွန်ငွေများရရှိအောင် ဆောင်ရွက်ကြရန်လိုအပ်

**နေပြည်တော် မေ ၂၅**

ပြည်တွင်းအခွန်များဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အခွန်စည်းကြပ်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိစိတ်ဖြင့် ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ Tax Base ချဲ့ခြင်း၊ အခွန်တိမ်းရှောင်သူများကို ရှာဖွေ ဖော်ထုတ်ခြင်းဖြင့် ရသင့်ရထိုက်သော အခွန်ငွေများတိုးတက်ရရှိအောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ပြည်သူနှင့် ထိတွေ့ဆက်ဆံရသောဌာနကြီးဖြစ်၍ ပြည်သူတို့၏ ရှုမြင်သုံးသပ်ပြောဆိုမှုများအပေါ် အကောင်းဆုံးဖြေရှင်း ဆောင်ရွက်ပေးကြရန်နှင့် ပြောဆိုဆက်ဆံရေးမှအစ သတိထား ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၏ Taxation Reform ကို အဆင့်အတန်းအားလုံး လိုက်ပါ ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်တွင်းအခွန်များဦးစီးဌာန ဝန်ထမ်းအဆင့်ဆင့်အနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ် အခွန်လျာထားချက်ကို ပြည့်မီ ကျော်လွန်စွာ ကောက်ခံရရှိသည့်အတွက် ချီးကျူးဂုဏ်ပြုပါကြောင်း၊ သို့ရာတွင် အာဆီယံနိုင်ငံများအတွင်း မြန်မာနိုင်ငံ၏ အခွန်ကောက်ခံရရှိမှုသည် နိမ့်ကျနေသေးသည့်အတွက် ရသင့်ရထိုက်သော အခွန်ငွေများ တိုးတက်ကောက်ခံရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အခွန်နှုန်းနည်းနည်းနှင့် အခွန်အခြေကိုချဲ့ထွင်၍ အခွန်ထမ်းသစ်များ ဖော်ထုတ်ခြင်း၊ အခွန်လွတ်ကင်းသူ၊ တိမ်းရှောင်သူများ ဖော်ထုတ်ခြင်းနည်းလမ်းများဖြင့် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၁၆-၂၀၁၇ ခုနှစ် အခွန်ကောက်ခံမှုနှင့် ၂၀၁၇-၂၀၁၈ ခုနှစ် ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးမှူးများကလည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ခဲ့ရသည့် အားသာချက်၊



အားနည်းချက်များနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။


အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဌာနအကြီးအကဲများ၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးများ၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးမှ ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ❖ စားသောက်ဆိုင်များမှ

ဆိုင်ရှင်များက တာဝန်ယူ ကောက်ခံပေးရတာဖြစ်ပါတယ်။ ဒီနေရာမှာ ဆိုင်ရှင်များက မိမိတို့ စားသုံးသူများထံမှ အမြတ်ရရှိပြီးလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ၎င်းတို့ဆိုင်အတွက် ဝန်ဆောင်ခအနေဖြင့် ၁၀ ရာခိုင်နှုန်း သတ်မှတ်ကောက်ခံနေတဲ့ ဆိုင်တွေလည်း တွေ့ရှိရပါတယ်။ အဆိုးဆုံးကတော့ မိမိတို့ စားသုံးသူများက အစိုးရထံသို့ ပေးဆောင်ရသော အခွန်တံဆိပ်ခေါင်းများကို မှန်မှန်ကန်ကန် ကပ်ပေးမှုမရှိခြင်းပဲဖြစ်ပါတယ်။ တချို့ဆိုင်များဟာ လုံးဝကပ်မပေးခြင်းလည်း တွေ့ရှိရပါတယ်။ တချို့ဆိုင်များဟာ ကပ်ပေးပေမယ့် အလွယ်တကူ ပြန်လည်ခွာပြီး သုံးစွဲလို့ရအောင် ကပ်ပါတယ်။ စားသုံးသူများ တော်တော်များများဟာ ဘောက်ချာတွေကို ယူမသွားတဲ့အတွက် ဒီအခွန်တံဆိပ်ခေါင်းတွေကို ပြန်အသုံးချတယ်ဆိုတာ ဆိုင်ကဝန်ထမ်းတွေ ပြောပြချက်များအရ သိရပါတယ်။ စားသုံးလိုက်တဲ့သူတွေက အခွန်ဆောင် လိုက်တာကို မတရားသဖြင့် အစိုးရနှင့်စားသုံးသူကြားမှာ ဆိုင်တွေဟာ အခွန်ကိုအလွဲသုံးစားရယူတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြင်းပြင်းထန်ထန် အရေးယူသင့်ပါတယ်" ဟု ဦးကျော်ကျော်ထွန်းက လွှတ်တော်သို့ တင်ပြရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းအပြင် အခွန်တံဆိပ်ခေါင်းကပ်ရန် ပျက်ကွက်သည့် ဆိုင်များကို ပြည်တွင်းအခွန်များ ဦးစီးဌာနက အရေးယူဆောင်ရွက်လျက်ရှိရာတွင် ပထမအကြိမ် ဒဏ်ငွေ ငွေကျပ် နှစ်သိန်း၊ ဒုတိယအကြိမ် ငါးသိန်း၊ တတိယအကြိမ် ခုနစ်သိန်းနှင့် စတုတ္ထအကြိမ်တွင် ငွေကျပ် ၁၀ သိန်း၊ ယင်းနောက် တရားစွဲ ဒဏ်ရိုက်ခြင်းတို့ကို ပြုလုပ်သည်ဟုသိရပြီး ပြီးခဲ့သည့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အခွန်တံဆိပ်ခေါင်း မကပ်သည့် ဆိုင်ပေါင်း ၂၆၄ ဆိုင်ရှိကာ တပ်ရိုက်အရေးယူခဲ့သည့် ဒဏ်ငွေမှာ ငွေကျပ်




သိန်း ၂၇၀ သာ ရရှိခဲ့သဖြင့် ယင်းအပေါ်ကိုလည်း ၎င်းက ထိရောက်စွာ စစ်ဆေးပေး ရန် ထည့်သွင်းတင်ပြခဲ့သည်။

"အနည်းဆုံး ကျပ်နှစ်သိန်းနဲ့တွက်ရင်တောင် ဆိုင်၂၆၄ ဆိုင်ဆိုတော့ သိန်းက ၅၂၈ သိန်း ရရမှာပါ။ သိန်း ၂၇၀ ကျော်ဆိုတာ ဒါတောင် သုံးကြိမ် အခွန်မကပ်တဲ့ဆိုင် ၁၁ ဆိုင် မပါတဲ့အနေအထားပါ။ ငွေကြေးကွာဟချက်ကို တွေ့ရပါတယ်။ ဒါတွေကိုလည်း တာဝန်ရှိသူတွေအနေနဲ့ စိစစ်စေချင်ပါတယ်။ ဆိုင်တွေပေါ်မှာကြည့်ရတဲ့ ဆိုင်တော်တော်များများဟာ စားပွဲဝိုင်း ၅၀၊ ၁၀၀ အဲလောက်ရှိတဲ့ ဆိုင်ကြီးတွေမှာ ဆိုင်ကြီးတွေကိုယ်တိုင်က လုပ်တာပါ။ အဲဒီတော့ အဲလိုဆိုင်တွေက တစ်လဆိုရင် သိန်း ၃၀ လောက်အထိ အခွန်တံဆိပ်ခေါင်း လေလွင့်မှုတွေရှိပါတယ်။ ဒီဒဏ်ကြေးတွေဟာလည်း တိုင်မှ အရေးယူတဲ့အတွက် သူတို့ဟာ မှုမှာမဟုတ်ပါဘူး။ ဒါဟာ ကျွန်တော်တို့နဲ့ အစိုးရကြားမှာ အမြတ်အစွန်းရအောင် လုပ်ဆောင်နေတာတွေပါ။ ဒီစတုတ္ထအကြိမ်မှာ မကပ်ရင် တရားစွဲ ဒဏ်ရိုက်တာရှိပါတယ်။ တကယ်တော့ ဒီလိုဆိုင်ကြီးတွေကို ကျွန်တော်တို့ရဲ့ အခွန်ငွေတွေကိုလည်း မဆုံးရှုံးအောင် မှန်မှန်ကန်ကန် ဆောင်အောင် ပြည်သူတွေက ဆောင်တဲ့အခွန်ငွေ ဖြစ်တဲ့အတွက် တရားစွဲဒဏ်ရိုက်တာထက် လိုင်စင်ပိတ်သိမ်းမှုတွေအထိ အရေးယူသင့်တယ်လို့ ထင်ပါတယ်" ဟု ဦးကျော်ကျော်ထွန်းက ဆက်လက်တင်ပြခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေစာပေါ်မှာ အခွန်အမှတ်တံဆိပ် ကပ်နှိပ်သည့် တံဆိပ်ခေါင်းများကို မှာယူသည့် စားသောက်ဆိုင် အရေအတွက်မှာ ၂၀၁၅- ၂၀၁၆ ခုနှစ်မှာ ဆိုင်ပေါင်း ၁၅၀၈ ဆိုင်သာရှိကြောင်း သိရပြီး ၂၀၁၆-၂၀၁၇ ခုနှစ် မတ်လကုန် စာရင်းများအရ ဆိုင်ပေါင်း ၂၂၆၅ ဆိုင်ရှိလာကာ ယခင်နှစ်ထက် ဆိုင်ပေါင်း ၇၅၇ ဆိုင် တိုးလာသည်ဟု ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၏ ပြောကြားချက်အရ သိရသည်။ ယင်းအပေါ် တံဆိပ်ခေါင်းရောင်းရသည့် ကောက်ခံရရှိသည့်ငွေမှာ ငွေကျပ် ၁၁ ဘီလီယံကျော်ဖြစ်ပြီး တစ်လပျမ်းမျှ ကျပ်သန်းပေါင်း ၉၅၃ သန်းရရှိသည်ဟု ဝန်ကြီးက ဖြေကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့တွင် စားသောက်ဆိုင်ကြီးများ၊ ထမင်းဆိုင်ကြီးများ၊ ဘီယာဆိုင်ကြီးများ များစွာဖွင့်လှစ်ထားသော်လည်း အခွန်တံဆိပ်ခေါင်း မှန်မှန်ကန်ကန် အသုံးပြုမှုရှိနေပြီး အခွန်လေလွင့်မှုများ ရှိနေကာ စားသုံးသူများက အခွန်ဆောင်သော်လည်း အလွဲသုံးစားပြုလုပ်နေမှုများကို ထိရောက်စွာ အရေးယူပေးရန် လွှတ်တော်တွင် တိုက်တွန်းသွားခြင်းဖြစ်သည်။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် စစ်ဆေးရေးအဖွဲ့များ ဖွဲ့ထားကာ စည်းကမ်းပျက်သည့် စားသောက်ဆိုင်များ၊ ပြေစာထုတ်မပေးသည့် ဆိုင်များ၊ ပြေစာထုတ်ပေးသော်လည်း အခွန်တံဆိပ်ခေါင်း မကပ်သည့်ဆိုင်များကို စစ်ဆေးခဲ့ရာ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဆိုင်ပေါင်း ၅၀၇ ဆိုင်တွေ့ရှိခဲ့ရပြီး ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၁ (စ) အရ ဒဏ်ငွေတပ်ရိုက် အရေးယူခဲ့ရာ ကျပ်သန်း ၁၃၃ သန်းကျော်ဖြစ်ကြောင်း တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားခဲ့သည်။

**(ဆုနှင်းလဲ့)**

# ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးကျောင်း သင်တန်းများ လျှောက်ထားနိုင်

**ရန်ကုန် မေ ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်)၌ အသက်(၁၈)နှစ်မှ (၄၅)နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် ၂၀၁၇-၂၀၁၈ ခုနှစ်၏ ပထမအပတ်စဉ်အဖြစ် တစ်နှစ်သင်တန်းဖြစ်သော အီလက်ထရွန်နစ်သင်တန်းနှင့် သုံးလသင်တန်းများ ဖြစ်ကြသော စက်ချုပ်သင်တန်း၊ ပိုးဇာပုံနှိပ်သင်တန်း၊ ခတ်ပုံသင်တန်း၊ ဆံသသင်တန်း၊ ကွန်ပျူတာသင်တန်းများကို မေ ၁၅ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်လိုသူများသည် အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းဝင်းအတွင်း မသန်စွမ်းသက်ကြီးသင်တန်းကျောင်း မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း(၀၁-၉၆၆၁၇၁၂၊ ၀၉-၂၅၀၇၉၇၀၂၁၊ ၀၉-၄၂၀၀၃၅၆၀ နှင့် ၀၉-၅၀၃၄၆၉၁) တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

သင်တန်းတက်ရောက်ခွင့်ရသူများသည် သင်တန်းကာလအတွင်း သင်ထောက်ကူပစ္စည်းများ အခမဲ့ထုတ်ပေးမည့်အပြင် အဆောင်နေစားစရိတ်ငြိမ်းဖြစ်ပြီး လစဉ်ထောက်ပံ့ကြေးနှင့် နယ်မှလာရောက်သော သင်တန်းသားများအတွက် အိမ်ပြန်ခရီးစရိတ်ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



ရထားရဲတပ်ဖွဲ့ အမှတ်(၁၉) တပ်ခွဲ(လက်ပံတန်း) တပ်ခွဲမှူး ဒုရဲမှူး ဖိုးဆယ် ဦးစီးတပ်ဖွဲ့ဝင်များသည် မေ ၂၅ ရက်က ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် တာဆုံအုပ်စု ခြသေ့်ကုန်းကျေးရွာ (ရန်ကုန်-ပြည် ရထားလမ်းဘေး)ရှိ ဦးကျော်လင်း (ရာအိမ်မှူး) နေအိမ်၌ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရဲထွဋ်ရှ ဦးဆောင်သည့် အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများအား ရထားနှင့် လူ၊ တိရစ္ဆာန် ကြိတ်တိုက် မှုခင်းများ၊ ရထားခဲပေါက်မှုခင်းများ လျော့နည်းကျဆင်းရေးအတွက် အသိပညာပေး ဟောပြောဆောင်ရွက်ခဲ့ပြီး ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးနေစဉ်။

**(ရထားရဲတပ်ဖွဲ့)**

□

# မြစိမ်းရောင်ကျေးရွာစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရွှေကူ မေ ၂၅**

ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းသုံးသပ်ဆွေးနွေးပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို မေ ၂၄ ရက် နံနက် ၁၀ နာရီက မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းချစ်တို့က အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးသိန်းလင်းက ၂၀၁၄-၂၀၁၅ မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ မြစိမ်းရောင်စီမံကိန်း ကျေးရွာများ၏ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး စံပြကျေးရွာဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးပွဲတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာများရှိ မြစိမ်းရောင်ကော်မတီ အဖွဲ့ဝင်များက စီမံကိန်းဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲ၊ အားနည်းချက်၊ အားသာချက်၊ အကြံပြုချက်များကို ဆွေးနွေးတိုင်ပင်ခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**

# မန္တလေးတိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ ဒုတိယအကြိမ် Networking Party ကျင်းပမည်

**မန္တလေး ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MRYEA)မှ ဒုတိယအကြိမ်မြောက် Networking Party ကို မန္တလေးမြို့ လမ်း(၃၀)နှင့် (၅၃)လမ်းထောင့်ရှိ Rupar Mandalar Resort ဟိုတယ်၌ ဧပြီ ၃၀ ရက် ညနေပိုင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့နှင့် အထက်မြန်မာပြည်ရှိ လုပ်ငန်းရှင်များ အချင်းချင်း၊ လုပ်ငန်းရှင်ဖြစ်ရန် ကြိုးစားနေသူများနှင့် လုပ်ငန်းရှင်များအကြား လုပ်ငန်းနယ်ပယ် ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်နိုင်စေရန်နှင့် မိမိတို့၏ လုပ်ငန်းနှင့် Social Network ကောင်းများရရှိလာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

Networking Party အား လူဦးရေ ၃၅၀ ကန့်သတ်ထားပြီး အသင်းဝင် ကျပ် ၁၅၀၀၀၊ ပြင်ပ ကျပ် ၂၀၀၀၀ သတ်မှတ်ကာ လက်မှတ်များကို မန္တလေးတိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MRYEA) ရုံးခန်း ဖုန်း-၀၉-၇၇၅၇၇၇၅၄၈၁၊ ၀၉-၇၇၅၇၇၇၅၄၈၃ တို့တွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**(၀၀၂)**






# ပဉ္စမအကြိမ်မြောက် ဘိုးဘွားများအား ကန်တော့

**ကျိုက်လတ် ဧပြီ ၂၅**

သုခမေတ္တာ လူမှုကူညီရေးအသင်းမှ ကျိုက်လတ်မြို့ပေါ် ရပ်ကွက်ခြောက်ခုရှိ အသက် (၈၀)နှင့်အထက် ဘိုးဘွားများအား ပဉ္စမအကြိမ်မြောက် ကန်တော့ပွဲအခမ်းအနားကို ဧပြီ ၂၃ ရက် နံနက် ၈ နာရီက ကျိုက်လတ်မြို့နယ် သဒ္ဓမ္မရံသီသာသနာ့ဗိမာန်၌ ကျင်းပရာ ကန်တော့ခံဘိုးဘွား ၃၂၂ ဦးအနက် ၁၃၇ ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျိုက်လတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်အောင်ဌေးနှင့် သုခမေတ္တာ လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးတင့်အောင်တို့က အသီးသီး ဂါရဝမုဒိတာ စကားများပြောကြားပြီး မြို့နယ်ဆရာဝန်ကြီးနှင့် အဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှုပေး၍ သုခမေတ္တာအသင်းဝင်များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များက အာဟာရဒါနပြု ကုသိုလ်ယူကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဘိုးဘွားများအား ကန်တော့ချီးဖြင့်ကန်တော့၍ ကန်တော့ပစ္စည်းများ ပေးအပ်လှူဒါန်းရာ ဘိုးဘွားများကိုယ်စား အဘိုးဦးစိန်လှိုင်က ဆုတောင်းမေတ္တာ ပတ္ထနာစကား ပြန်လည်ပြောကြားပြီး မတက်ရောက်နိုင်သည့် ဘိုးဘွားများအား အဆိုပါအသင်းက အိမ်တိုင်ရာရောက် သွားရောက်ကန်တော့မည်ဖြစ်ကြောင်း သိရသည်။

**(သပြေထွန်း)**

# မုံရွာမြို့တွင် အမှိုက်သိမ်းစနစ်ပြောင်းလဲဆောင်ရွက်ပြီး တစ်နှစ်အကြာလမ်းမကြီးများပေါ် အမှိုက်ထွက်ပုံသည့်စနစ် ပျောက်သလောက်ရှိလာ

**မုံရွာ ဧပြီ ၂၅**

မုံရွာမြို့နယ် စည်ပင်သာယာ၏ အမှိုက်သိမ်းစနစ်ပြောင်းလဲကျင့်သုံးဆောင်ရွက်ခဲ့ပြီးနောက် တစ်နှစ်အကြာတွင် မုံရွာမြို့ လမ်းမကြီးများပေါ် အမှိုက်ထွက်ပုံသည့်စနစ် ပျောက်သလောက်နီးပါးရှိနေပြီဖြစ်ကာ အများပြည်သူ ပူးပေါင်းပါဝင်မှုသည် ရာခိုင်နှုန်းပြည့် မဟုတ်သေးသော်လည်း ၇၅ ရာခိုင်နှုန်းခန့်အထိ ပူးပေါင်းဆောင်ရွက်လာသည်ကို တွေ့ရကြောင်း မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးဝင်းထံမှ သိရသည်။

"မုံရွာမြို့နေသူတွေရဲ့ အမှိုက်ပစ်တဲ့စနစ်ပုံစံက အရင်နဲ့စာရင် အများကြီးပြောင်းလဲလာနေပါပြီ။ အဲဒီလို ပြောင်းလဲလာအောင် ရုပ်ဝတ္ထုပစ္စည်းတွေဖြစ်တဲ့ အမှိုက်သိမ်းကားတွေ လုံလုံလောက်လောက်ဆောင်ရွက်ထားသလို အိမ်ရာရောက်လမ်းကြားတွေအထိ အမှိုက်သိမ်းစနစ်ကို နေ့စဉ်လုပ်တဲ့အတွက် အရင်လမ်းမကြီးတွေမှာ အမှိုက်ထွက်ပုံတာမျိုး ပျောက်သလောက်ရှိသွားပါပြီ။ ဒါပေမယ့် ရာခိုင်နှုန်းပြည့် လိုက်နာတာတော့မဟုတ်သေးပါဘူး။ ၇၅ ရာခိုင်နှုန်းလောက် လိုက်နာလာတာကို တွေ့ရပါတယ်။ တချို့က အမှိုက်ကားလာမှာသိပေမယ့် အမှိုက်ကို လမ်းထွက်ပစ်တဲ့ အလေ့အထကျန်နေသေးတာကိုလည်း တွေ့နေရပါသေးတယ်။ မုံရွာမြို့မှာ အမှိုက်ထွက်နှုန်းက အရင်က တစ်ရက်ကို တန် ၁၀၀ လောက် ထွက်တယ်လို့ သိထားရာက တစ်လောက စစ်တမ်းတစ်ခုပြန်ကောက်ကြည့်တော့ အမှိုက်တန် ၁၁၀ ထွက်တယ်လို့ သိလာရပါတယ်။ အမှိုက်တိုးတက်လာတယ်ပေါ့။ တိုးတက်လာတယ်ဆိုတာ အမှိုက်သိမ်း၊ အမှိုက်ကျုံးလုပ်တာတွေဟာ အရင်ကနဲ့စာရင် စည်ပင်ဝန်ထမ်းတွေရော ပြည်သူတွေကိုယ်တိုင်ကပါ ပူးပေါင်းပြီး စည်းကမ်းတကျဆောင်ရွက်လာတာတွေကြောင့် အမှိုက်တန်ချိန်ပိုပြီး သိမ်းဆည်းရရှိလာတာပါ"ဟု ဦးကျော်မျိုးဝင်းက ပြောသည်။

မုံရွာမြို့ပေါ်ရှိ စားသောက်ဆိုင်ကြီးများအပါအဝင် လုပ်ငန်းလုပ်သူအများစုအနေဖြင့် စီးပွားရေးအမှိုက်များကို စနစ်တကျပစ်လာသလို ရပ်ကွက်များအတွင်း အမှိုက်ကားများ အချိန်မှန်ရောက်ရှိလာသည့်အတွက် တစ်နှစ်အတွင်း အမှိုက်ထွက်တန် ပိုမိုလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အမှိုက်အများစုသည် မီးဖိုချောင်သုံးအမှိုက်များပြီး ယခင်က သူ့နည်းသူ့ဟန်ဖြင့် ပစ်ခဲ့ကြသည့်အမှိုက်ကိုလည်း ယခုအခါအခကြေးငွေဖြင့် စနစ်တကျ အမှိုက်ကားဖြင့် လိုက်လံကောက်ယူခြင်းဖြစ်ရာ လမ်းဘေးပစ်သည့် စနစ်မှာ လုံးဝနီးပါးပျောက်နေပြီဖြစ်သည်။ မုံရွာမြို့မှ ထွက်သမျှအမှိုက်များကို ယခင်က မြို့မသုသာန်သို့ သွားရောက်စွန့်နေရာမှ နာရေးလိုက်ပါပို့ဆောင်သူများ ဘေးပတ်ဝန်းကျင် ရပ်ကွက်နေသူများနှင့် ရပ်မိရပ်ဖတို့၏တောင်းဆိုချက်ဖြင့် သုသာန်အတွင်း အမှိုက်စွန့်ပစ်မှုကို လုံးဝရပ်နားသလို တားမြစ်မိန့်ထုတ်ကာ မုံရွာမြို့နယ် ကိုင်းရွာအနီး ၁၀ ဧက ကျယ်သောမြေကို ဝယ်ယူကာ အမှိုက်ပစ်ရန် လမ်းဖောက်နေပြီဖြစ်သည်။ လက်ရှိတွင် လုပ်ငန်းရှင်တစ်ဦး၏ ခြောက်ဧကအကျယ်မြေနေရာတွင်အမှိုက်များ သွားရောက်စွန့်ပစ်နေသဖြင့် လောလောဆယ် အမှိုက်ပစ်သည့်မြေနေရာ အခက်အခဲမရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ရက် ၁၀၀ သား YBS နှင့် ခရီးသွားများကြား အဆင်ပြေပြီလား

ရန်ကုန်တိုင်းဒေသကြီး အများပြည်သူသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုအာဏာပိုင်အဖွဲ့ (YRTA)သည် ခရီးသွားပြည်သူများ နေ့စဉ်သွားလာမှု အဆင်ပြေ လွယ်ကူချောမွေ့စေရေးရည်ရွယ်ကာ တိုင်းဒေသကြီးအတွင်း ယခင်ပြေးဆွဲခဲ့သည့် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(မထသ)ကို ဖျက်သိမ်းပြီး ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းမှစတင်ကာ ရန်ကုန်အများပိုင်ယာဉ်လိုင်း (YBS) စနစ်သစ်ဖြင့် အစားထိုးပြေးဆွဲခဲ့သည်။

ယင်းသို့စနစ်သစ်ဖြင့်အစားထိုးပြေးဆွဲခဲ့သည့် YBS သည် ဧပြီ ၂၅ ရက်ဆိုပါလျှင် ရက် ၁၀၀ ရှိပြီဖြစ်သည်။ ရက် ၁၀၀ သား YBS နှင့် ခရီးသွားများကြား အဆင်ပြေပြီလားဟုမေးပါလျှင် ရက် ၁၀၀ သား YBS နှင့် ခရီးသွားများကြား အဆင်မပြေသေးပါဟုသာ ဖြေဆိုရပါမည်။ ခရီးသွားများကား နေ့စဉ်အခက်အခဲများနှင့် ကြုံနေရဆဲဖြစ်ပါသည်။

ကြုံဆုံနေသည့်အခက်အခဲများတွင် YBS စတင်စဉ်ကကဲ့သို့ ခရီးသွားများ ကြိတ်ကြိတ်တိုး စီးနင်းနေရခြင်းဟူသော အခက်အခဲကား မရှိတော့ပါ။ ယင်းမှာ ယာဉ်လိုင်းစနစ်သစ် စတင်စဉ်က ယာဉ်လိုင်း ၆၁ လိုင်းသာရှိခဲ့သော်လည်း ယနေ့တွင် ယာဉ်လိုင်းပေါင်း ၈၀ ကျော်ရှိနေပြီဖြစ်သည်။ ယာဉ်စီးရေ ၃၈၀၀ ခန့်ဖြင့် နေ့စဉ်ခရီးသွားများအား သယ်ယူပို့ဆောင် ဝန်ဆောင်မှုပေးနေခြင်းကြောင့် ဖြစ်သည်။

နေ့စဉ် မိမိစီးနင်းနေရသည့် YBS ယာဉ်လိုင်းအတွေ့အကြုံအရ YBS စနစ်သစ် စတင်စဉ်က စည်းကမ်းစနစ်ကျနခဲ့သည်။ ယာဉ်လိုင်းတူ အချင်းချင်း ပြိုင်ဆိုင်မောင်းနှင်မှုမရှိခဲ့။ သတ်မှတ်မှတ်တိုင်ရောက်မှသာ ခရီးသည်အတင်အချပြုလုပ်သည် စသဖြင့် . . ။ ယနေ့တွင်ကား ယာဉ်လိုင်းနံပါတ်တူ အချင်းချင်းအပြင် အခြားယာဉ်လိုင်းမှယာဉ်နှင့် အပြိုင်အဆိုင်မောင်းနှင်လာကြသည်။ မှတ်တိုင်မဟုတ်သော်လည်း ခရီးသည်အတင်အချပြုလုပ်လာကြသည်ကို နေ့စဉ်တွေ့မြင်နေရသည်။ ယင်းမှာ ယာဉ်ပေါ်ပါ ခရီးသွားများ၊ လမ်းဘေးပလက်ဖောင်းပေါ်မှ ခရီးသွားများ၊ လမ်းပေါ်မောင်းနှင်နေသည့် ယာဉ်ကြီး၊ ယာဉ်ငယ်အားလုံးအတွက် အန္တရာယ်ကို ဖိတ်ခေါ်နေသလိုဖြစ်နေသည်။ သတိနှင့် ယှဉ်မောင်းနှင်ရန်လိုပါသည်။

ခရီးသွားများစိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် YBS ယာဉ်လိုင်းအတွင်း ပြေးဆွဲနေသည့် ဥပမိရုပ်မကောင်းသော ယာဉ်အို၊ ယာဉ်ဟောင်းနေရာတွင် ခေတ်မီလေအေးပေးစက်တပ် ယာဉ်သစ်ကြီးများ၊ CCTV တပ်ယာဉ်သစ်ကြီးများဖြင့် အစားထိုးပြေးဆွဲနိုင်ရန် စီစဉ်ပေးမည်ဟုဆိုခဲ့သည်။ ဆိုခဲ့သည့်အတိုင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က YBS ယာဉ်လိုင်းများတွင် ဖြည့်စွက်ပြေးဆွဲသွားရန် တရုတ်နိုင်ငံမှ ဘတ်စ်ကားသစ် အစီး ၁၀၀၀ ကို ဝယ်ယူရန် စီစဉ်ပြီးဖြစ်ကြောင်းသိရ၍ ခရီးသွားများကိုယ်စား ဝမ်းသာကြိုဆိုပါသည်။

ရက် ၁၀၀ သား YBS နှင့် ခရီးသွားများကြား အဆင်မပြေကြသေးသူများရှိသကဲ့သို့ ဝန်ဆောင်မှုကောင်းသည့် YBS ယာဉ်များကြောင့်လည်း သွားလာမှုအဆင်ပြေကြသူ များစွာရှိသည်။ ယာဉ်စီးခသက်သာသွားသူများ၊ အချိန်ကုန်သက်သာသွားကြသူများ၊ ခရီးစဉ်ကျုံ့သွားကြသူများ၊ နွေအပူရှိန်ကို အန်တုနိုင်သည့် လေအေးပေးစက်တပ် YBS ကြောင့် သက်ကြီးရွယ်အို ဘိုးဘွားများအတွက် အဆင်ပြေသွားကြသူများစွာရှိသည်။

ရက် ၁၀၀ သား YBS နှင့် ခရီးသွား အဆင်မပြေသေးသည်များကို အဆင်ပြေသွားအောင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး အများပြည်သူသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုအာဏာပိုင်အဖွဲ့တို့က လက်တွေ့ကျသော အစီအစဉ်များ ချမှတ်လုပ်ဆောင်နေပြီဖြစ်သည်။ လာမည့် ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်း YBS တစ်နှစ်သားအရွယ်တွင် YBSနှင့် ခရီးသွားများကြား အဆင်ပြေပြီလားဟူသော မေးခွန်းကိုဖြေရလျှင် အဆင်ပြေသင့်သည့်အတိုင်းအတာတစ်ခုအထိ အဆင်ပြေနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

**(ကိုချစ်)**

# လျှပ်စစ်အိမ်သုံးမီတာများ ရှောင်တခင်စစ်ဆေး

**ရမည်းသင်း ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ပေါ် ရပ်ကွက်ကြီး ငါးရပ်ကွက်အတွင်းရှိ အိမ်သုံးလျှပ်စစ်မီတာများကို ခရိုင်လျှပ်စစ်မန်နေဂျာ၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် ဧပြီ ၂၂ ရက် နံနက် ၈ နာရီမှစ၍ မြို့နယ်လျှပ်စစ် မန်နေဂျာရုံး မီတာကြီးကြပ်ရေးမှူးအဖွဲ့က ရှောင်တခင် ကွင်းဆင်းစစ်ဆေးကြသည်။ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျော့နည်းရေး၊ သုံးစွဲယူနစ်များ တစ်လချင်း မှန်ကန်မှုရှိ၊ မရှိ တို့ကို အဓိကထားစစ်ဆေးပြီး ရပ်/ပျက်၊ နှေး၊ အိမ်သုံးမီတာများ အစားထိုးတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**



# ရခိုင်တိုင်းရင်းသားမျိုးနွယ်စု ခမီအမျိုးသားနေ့ (၇)ကြိမ်မြောက် ကျင်းပမည်



**စစ်တွေ မေ ၂၅**
ရခိုင်တိုင်းရင်းသားမျိုးနွယ်စုဝင်ဖြစ်သော ခမီတိုင်းရင်းသားလူမျိုးများ၏ (၇)ကြိမ်မြောက် အမျိုးသားနေ့ကို မေ ၂၇ ရက်တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ ဂန္ဓာရီပရဟိတကျောင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြောက်ဦးမြို့နယ်တွင် ခမီယဉ်ကျေးမှုဖော်ထုတ်ရေးညီလာခံကြီးကို ကျင်းပခဲ့ပြီး ယင်းညီလာခံအား အသိအမှတ်ပြုသည့်အနေဖြင့် ခမီအမျိုးသားနေ့ ကျင်းပခြင်းဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်တွင် ခမီတိုင်းရင်းသားများ ဖြန့်ကြက်နေထိုင်မှုကိုကြည့်ပြီး မြို့နယ်များတွင် ခမီအမျိုးသားနေ့ကို စုပေါင်းကျင်းပကြခြင်းဖြစ်သည်။

"ကျွန်တော်တို့ ပထမအကြိမ် ခမီအမျိုးသားနေ့ကို ၂၀၁၁ ခုနှစ် မေ ၂၇ ရက်က မြောက်ဦးမြို့နယ် အကြီးတော်မ(၂)ကျေးရွာမှာ စတင်ကျင်းပခဲ့တာ မြောက်ဦးမြို့နယ်မှာ လေးကြိမ်၊ ပုဏ္ဏားကျွန်းမြို့နယ်မှာ တစ်ကြိမ်နဲ့ ခြောက်ကြိမ်မြောက်ကို ပေါက်တောမြို့နယ် ညောင်ပင်ချိုင်ကျေးရွာမှာကျင်းပခဲ့ပြီး အခု ခုနစ်ကြိမ်မြောက်ကို ဘူးသီးတောင်မြို့နယ်မှာကျင်းပမှာဖြစ်ပါတယ်။ ခမီတိုင်းရင်းသားမျိုးနွယ်စုတွေဟာ လူနည်းစုတွေဖြစ်တဲ့အတွက် မြို့နယ်အလိုက် အလှည့်ကျအနေနဲ့ကျင်းပရခြင်းဖြစ်ပါတယ်"ဟု ခမီတိုင်းရင်းသားကိုကျော်ဆန်းဝင်းက ပြောသည်။

ရခိုင်ပြည်နယ်တွင် ခမီတိုင်းရင်းသားလူဦးရေ ၈၀၀၀၀ ကျော်နေထိုင်လျက်ရှိပြီး မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ပေါက်တော၊ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်တို့တွင် အများဆုံးနေထိုင်ကြပြီး ကျောက်ဖြူခရိုင်နှင့် သံတွဲခရိုင်အတွင်းရှိမြို့နယ်တို့တွင်လည်း ဖြန့်ကြက်နေထိုင်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# နိုင်ငံတကာအဆင့်မီ အရေးပေါ်ကယ်ဆယ်ရေးသင်တန်းဖွင့်

**ပုသိမ် မေ ၂၅**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ရုံးမှ ကြီးမှူးဖွင့်လှစ်သော နိုင်ငံတကာအဆင့်မီ အရေးပေါ်ကယ်ဆယ်ရေးသင်တန်း (၈/၂၀၁၇)ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကိုးသိန်း မိုးလုံလေလုံ အားကစားခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမန်းဂျော်နီ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့မှ ရဲမှူးချုပ်(ငြိမ်း) ဦးဝင်းခေါင်၊ လူမှုထူးချွန်(တတိယ)အဆင့် ဦးလှထွန်းတို့က အသင်းကြီးအကြောင်း၊ အသင်းကြီး ရည်ရွယ်ချက်များ၊ အသင်းကြီး၏လုပ်ငန်းစဉ်များကို ပြောကြားပြီး အသက်ကယ်နည်းများကို သရုပ်ပြကြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အလှူငွေ ငါးသိန်းကိုပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီးအဆင့်ဌာန ဆိုင်ရာများ၊ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ရုံးမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ လူမှုရေးအသင်းများ၊ လူမှုရေးလုပ်ငန်းများကို စိတ်ဝင်စားသူ လူငယ် ၁၀၀ ကျော် တက်ရောက်မည်ဖြစ်ပြီး သင်တန်းတွင် ကိရိယာလွတ် လူနာသယ်ဆောင်ခြင်း၊ ကိရိယာနှင့် လူနာသယ်ဆောင်ခြင်း၊ လူနာစမ်းသပ်ခြင်း (တစ်ကိုယ်လုံး)၊ ပတ်တီးစည်းနည်း၊ ကျပ်စည်းနည်း၊ သွေးလည်ပတ်မှုနှင့် (CPR)သတိမေ့မြောခြင်းဆိုင်ရာများ၊ သင်ခန်းစာများကို ပြန်လည်လေ့ကျင့်ခြင်းနှင့် အဖွဲ့လိုက်စစ်ဆေးခြင်း၊ စွမ်းရည်ပြိုင်ပွဲ၊ ပြင်ပတွင် လက်တွေ့သရုပ်ပြခြင်း၊ လူနာတင်ယာဉ်အထောက်အကူပြု ကယ်ဆယ်ခြင်း သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ သင်ကြားမည်ဖြစ်ပြီး သင်တန်းကာလမှာ မေ ၂၄ ရက်မှ ၂၉ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**



# မိတ္ထီလာမြို့နယ်၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်နိုင်ရန် ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်

**မိတ္ထီလာ မေ ၂၅**
မိတ္ထီလာမြို့နယ်၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်ရည်ရွယ်၍ ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ချီတက်ဆန္ဒဖော်ထုတ်ပွဲကို ပြည်သာယာမြောက်ရပ်ကွက်မှ ဦးနန်းဝင်းမောင်(ခ) ဦးနန်းဝင်းက ဦးဆောင်ပြီး အင်အား ၇၀ ခန့်သည် "မြန်မာနိုင်ငံမူးယစ်ဆေးဝါးပပျောက်ရေး ပူးပေါင်းပါဝင်ကြပါစို့ (မိတ္ထီလာ)" စာတန်းပါအင်္ကျီများ တူညီဝတ်ဆင်၍ နန်းတော်ကုန်းရပ်ကွက် ဗိုလ်ချုပ်ကြေးရုပ်ရှေ့မှစတင်၍ ပထမလမ်းမတော်၊ ဇွဲရုံတို့မှတစ်ဆင့် ရတနာမာရ်အောင်ရပ်ကွက်၊ ဒိုဘီကုန်းလမ်းဆုံမှ တော်ဝန်နန်းမီးပွိုင့်အထိ၊ ထိုမှတစ်ဆင့် နာရီစင်၊ ဈေးအနောက်ဘက် လမ်းမအတိုင်း လှည့်လည်၍ နန်းတော်ကုန်းရပ်ကွက် ဗိုလ်ချုပ်ကြေးရုပ်ရှေ့အထိ ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ခဲ့သည်။

အဆိုပါ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒဖော်ထုတ်ရာ လမ်းတစ်လျှောက်တွင် "မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်စို့"၊ "မြန်မာနိုင်ငံ အနာဂတ်မျိုးဆက်သစ်လူငယ်များ ဖွံ့ဖြိုးတိုးတက်ဖို့ မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ကြစို့"၊ "မြန်မာနိုင်ငံမူးယစ်ဆေးဝါးပပျောက်ရေး ပူးပေါင်းပါဝင်ကြပါစို့(မိတ္ထီလာ)"စာတန်းပါ ဆိုင်းဘုတ်များ ကိုင်ဆောင်ပြီး "မူးယစ်ဆေးဝါးမသုံးစွဲရေး(ဒို့အရေး-ဒို့အရေး)၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး (ဒို့အရေး-ဒို့အရေး)၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး (ဒို့အရေး-ဒို့အရေး)"တို့ကို ကြွေးကြော်၍ ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မြန်မာနိုင်ငံသတင်းစာဆရာအသင်းမှ သက်ကြီးသတင်းစာဆရာကြီးများ ကန်တော့ပွဲကျင်းပမည်

**မန္တလေး မေ ၂၅**
မြန်မာနိုင်ငံ သတင်းစာဆရာအသင်း MJA (မန္တလေးတိုင်းဒေသကြီး)မှ ကြီးမှူး၍ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ သက်ကြီးသတင်းစာဆရာကြီးများအား ကန်တော့ပွဲကို ဒုတိယအကြိမ်မြောက်အဖြစ် မေ ၂၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း မေ ၂၄ ရက်က ကျင်းပသော အသင်းလပတ်ပုံမှန် အစည်းအဝေးက ဆုံးဖြတ်ကြောင်း သိရသည်။

ယခုနှစ်တွင်လည်း ကန်တော့ပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ရာ အသက် (၇၅)နှစ်နှင့်အထက် သတင်းစာဆရာကြီးများစာရင်း ပေးပို့နိုင်ရန်နှင့် အလှူငွေလှူဒါန်းလိုသူများ အနေဖြင့် တိုင်းဒေသကြီး သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘဦး ဖုန်း- ၀၉ ၇၇ ၇၇၇၀၈၈၆၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းဦး ဖုန်း-၀၉ ၂၀၂၁၆၃၂၊ အတွင်းရေးမှူး ဦးထွန်းဝင်း ဖုန်း- ၀၉ ၉၁၀၂၈၄၈၂ နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ဘဦး)**

## ရန်ကုန်မြို့ ကန်တော်ကြီးသစ်သားတံတား နှစ်ကာလကြာရှည်နေ၍ လမ်းအသုံးပြုသူများ အန္တရာယ်ရှိနိုင်

**ရန်ကုန် မေ ၂၅**
ရန်ကုန်မြို့ ကန်တော်ကြီးအတွင်း တည်ဆောက်ထားသော သစ်သားတံတားမှာ နှစ်ကာလကြာရှည်နေခြင်းကြောင့် သစ်သားများဆွေးမြည့်ခြင်း၊ ရိုက်ထားသော သံချောင်းများကြွခြင်း၊ သစ်သားများ တစ်ဖက်က နင်းလိုက်လျှင် တစ်ဖက်မှာ ထောင်သွားခြင်း၊ ကျိုးနေသောနေရာ အစားမထိုးနိုင်ခြင်း၊ လမ်းလျှောက်လျှင် ဖြောင့်ဖြောင့်တန်းတန်းလျှောက်လို့မရခြင်း၊ တချို့နေရာများတွင် သစ်သားကျိုးသည့်အပေါ် ထပ်၍ရိုက်ထားခြင်းကြောင့် ကြမ်းခင်းမျက်နှာပြင်မညီတော့ခြင်းများ တွေ့မြင်နေရသည်။

ဤတံတားပေါ်၌ နံနက်ခင်းတိုင်းနှင့် ညနေတိုင်း ကျန်းမာရေးအတွက် လမ်းလျှောက်သူ၊ ဒေသခံများနှင့် နိုင်ငံခြားသားများ၊ ပြေးသူများ၊ သွေးပူလေ့ကျင့်ခန်းလုပ်သူများနှင့် ရိုးရိုးလမ်းလျှောက်သူများအတွက် အန္တရာယ်ရှိနိုင်၍ သက်ဆိုင်ရာဌာနအနေဖြင့် အမြန်ဆုံးပြုပြင်ပေးရန် လိုအပ်လျက်ရှိသည်။

**(၆၂၄)**



## မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆန်းစစ်သုံးသပ်

**မော်လမြိုင်ကျွန်း မေ ၂၅**
၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသော မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆန်းစစ်သုံးသပ်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ယင်းအခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးကိုတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းများအပေါ် သုံးသပ်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသော မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာများမှ မြစိမ်းရောင်ကျေးရွာကော်မတီ ဥက္ကဋ္ဌများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများအပေါ် ဆန်းစစ်အကြံပြုဆွေးနွေးတင်ပြကြသည်။

**မော်ကျွန်းမြင့်အောင်**

# ရန်ကုန်ဘူတာကြီးတွင် ရှောင်တခင်စစ်ဆေးရာမှ အကောက်ခွန်မဲ့ပစ္စည်းများ သိမ်းဆည်းရမိ

**ရန်ကုန် မေ ၂၅**
အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) အထူးကင်းအဖွဲ့က ရန်ကုန်ဘူတာကြီးတွင် ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ရာ မော်လမြိုင်နှင့် ရေးမြို့တို့မှ သယ်ဆောင်လာသည့် အကောက်ခွန်မဲ့ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) အထူးကင်းအဖွဲ့က ရန်ကုန်ဘူတာကြီးတွင် ရှောင်တခင်စစ်ဆေးခဲ့ရာ မော်လမြိုင်နှင့် ရေးမြို့တို့မှ မေ ၂၄ ရက်က ရန်ကုန်မြို့သို့ ဝင်ရောက်လာသည့် အမှတ်(၃၆)နှင့် အမှတ်(၁၇၆) အစုန်ရထားတို့တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၆၃ ဒသမ ၅၁၅ သန်းအား ဖမ်းဆီးခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် မြန်မာနိုင်ငံအထက်ပိုင်း ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း၊ မြန်မာနိုင်ငံအောက်ပိုင်း ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော မြဝတီ-ရန်ကုန် လမ်းပိုင်းတွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို မတ် ၁ ရက်မှ စတင်ဖွင့်လှစ်ကာ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် တရားမဝင်ကုန်စည်များကို တားဆီးအရေးယူလျက်ရှိရာ မေ ၂၄ ရက်က ရေပူစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်သွယ်မှု တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးကျပ် ၁၇ သန်းခန့်၊ မရမ်းချောင် စစ်ဆေးရေးစခန်းတွင် တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးကျပ် ၉ ဒသမ ၉၂၄ သန်းခန့်ကို ဖမ်းဆီးခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ပူးပေါင်းအဖွဲ့များဖြင့် အဆိုပါ ဂိတ်စခန်းများတွင် တရားမဝင် ကုန်သွယ်မှုများကို တားဆီးစစ်ဆေးလျက်ရှိသည့်အပြင် ရန်ကုန်ဆိပ်ကမ်း၊ လေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံနှင့် အကောက်ခွန်ဂိတ်စခန်းအသီးသီးတို့တွင် စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၀၀၁)**



# မျိုးဆက်သစ်ရင်ပြင် လူငယ်စာပေ လက်ရာရှင်များသို့ စာမူများဖိတ်ခေါ်ခြင်း

The Global New Light of Myanmar သတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် မေလမှစ၍ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း မျိုးဆက်သစ်ရင်ပြင်ကဏ္ဍကို ဖော်ပြသွားမည်ဖြစ်ပါသည်။

အဆိုပါကဏ္ဍအတွက် အတွေးအမြင်၊ ကဗျာ၊ ဆောင်းပါး၊ အက်ဆေး၊ ဝတ္ထုတို စသည်တို့ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားပေးပို့နိုင်သည်။

အဆိုပါကဏ္ဍကို စာမူပေးပို့သူများအနေဖြင့် The Global New Light of Myanmar သတင်းစာတိုက်အမှတ် (၁၅၀) ငါးထပ်ကြီးဘုရားလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ dce@globalnewlightofmyanmar.com သို့ လိပ်မူ၍ (၁) ဖော်ပြလိုသည့်ကဏ္ဍ(၂) အမည်ရင်းနှင့်ကလောင်အမည် (၃) ပညာအရည်အချင်း(၄) ကျောင်း/ကောလိပ်/တက္ကသိုလ် (၅) ကိုယ်တိုင်ရေး စာမူဖြစ် ကြောင်းနှင့် အခြားသောသတင်းစာတိုက်၊ မဂ္ဂဇင်းတိုက်များသို့ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက်(၆) မိမိနှစ်သက်ရာ ရောင်စုံဓာတ်ပုံတစ်ပုံ (၇) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ (၈) ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်နှင့် လိပ်စာအပြည့်အစုံဖော်ပြ၍ ပေးပို့ကြပါရန်ဖိတ်ခေါ်အပ်ပါသည်။

**- စာတည်းအဖွဲ့**
**- The Global New Light of Myanmar သတင်းစာတိုက်**

# အရှိန်အထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောမှ ယာဉ်ကိုဝင်တိုက်

**ညောင်လေးပင် မေ ၂၅**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် တော်ဝိကျေးရွာအနီးတွင် မေ ၂၅ ရက် နံနက် ၈ နာရီခွဲခန့်က အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောမှ မောင်းနှင်လာသော ယာဉ်ကိုဝင်တိုက်၍ မှောက်သွားကြောင်း သိရသည်။



ဖြစ်စဉ်မှာ ညောင်လေးပင်မြို့နယ် တော်ဝိကျေးရွာအနီး ရန်ကုန်-မန္တလေးလမ်း မိုင်တိုင်အမှတ် (၁၀၃/၁) အရောက်တွင် ယာဉ်မောင်း အောင်ကို (၂၆) နှစ် ကူမဲမြို့ မြစ်သားမြို့နယ် နေထိုင်သူမောင်းနှင်လာသော ရန်ကုန်မှ မန္တလေးသို့ သကြားများတင်ဆောင်လာသည့် ယာဉ်အမှတ် 2L/----- SAN (နီညိုရောင်) ၁၂ဘီးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်သို့ ရောက်ရှိသွားပြီး မျက်နှာချင်းဆိုင်မှ မန္တလေးမှရန်ကုန်သို့ နှီးများတင်ဆောင်လာသည့် ယာဉ်မောင်း ဦးသံလွင်အောင်(၃၅)နှစ် (၁၃)ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူမောင်းနှင်လာသည့် ယာဉ်အမှတ် 1L/----TITEN အမျိုးအစားယာဉ်အား ဝင်ရောက်တိုက်မိပြီး လဲကျတိမ်းမှောက်ခဲ့သည်။

ယာဉ်တိုက်မှုကြောင့် 1L/---ယာဉ်ပေါ်တွင် ပါလာသည့် ဦးသောင်းမြင့်ဦး (၄၅)နှစ်၊ ဦးဝင်းနိုင်(၃၅)နှစ်၊ ဦးလှငွေး၊ ဒေါ်ခင်မြင့် (၄၅)နှစ်တို့ ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့ပြီး ယာဉ်မောင်းဦးမြင့်ဦးတွင် (စိုးရိမ်ရ) ဒဏ်ရာအသီးသီးရရှိကာ ပိန်းဇလုပ်တိုက်နယ်ဆေးရုံသို့ ကုသမှုခံယူလျက်ရှိသည်။

သို့ပါ၍ ယာဉ်မောင်းအောင်ကိုအား ညောင်လေးပင်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နေလင်း (ညောင်လေးပင်)**

# ကော့သောင်း-ရနောင်းခရီးသည်တင် ကူးတို့လှေတစ်စင်းနစ်မြုပ်၊ ခရီးသည်တစ်ဦးပျောက်ဆုံး

**ကော့သောင်း မေ ၂၅**
ထိုင်း-မြန်မာနယ်စပ် ကော့သောင်းမြို့ ဓမ္မာရုံကူးတို့ဆိပ်အရှေ့ ပါချန်မြစ်အတွင်း မေ ၂၅ ရက် မွန်းလွဲပိုင်းက ကော့သောင်း-ရနောင်းခရီးသည်တင် ကူးတို့လှေတစ်စင်းနစ်မြုပ်မှုဖြစ်ပွားကာ ခရီးသည်အမျိုးသားတစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါနေ့ မွန်းလွဲပိုင်းက ဦးထွန်းဝေ မောင်းနှင်သည့် ကော့သောင်း-ရနောင်းခရီးသည်တင်ကူးတို့လှေအမှတ် KT- 46 သည် ခရီးသည် ၁၅ ဦးနှင့်အတူ ထိုင်းနိုင်ငံ ရနောင်းမြို့သို့ ပို့ဆောင်ပေးရန် ထွက်ခွာလာစဉ် ကူးတို့ဆိပ်အရှေ့ မြစ်အတွင်းတောင်ဘက်မှ မြောက်ဘက်သို့ စက်ရှိန်မြင့်ခုတ်မောင်းလာသည့် ငါးကဲ့လှေကြီးတစ်စင်း၏ လှိုင်းဒဏ်ကြောင့် ရေဝင်နစ်မြုပ်မှုဖြစ်ပွားရာ အနီးအနားပဲ့ချိတ်လှေများ၏ ဝိုင်းဝန်းကယ်ဆယ်မှုကြောင့် ခရီးသည် ၁၄ ဦးအား ကယ်ဆယ်နိုင်ခဲ့သည်။ ကယ်ဆယ်ရရှိသူများထဲမှ အမျိုးသမီးနှစ်ဦးအား ကော့သောင်းပြည်သူ့ဆေးရုံသို့ အတွင်းလူနာအဖြစ် တင်ပို့ကုသပေးလျက်ရှိပြီး ဘီလူးကျွန်းချောင်းဆုံမြို့နယ် နေထိုင်သည့် အောင်ထိန်လင်း(၃၄)နှစ်မှာ ပျောက်ဆုံးလျက်ရှိရာ ကော့သောင်းခရိုင် ရဲတပ်ဖွဲ့မှူး၏ ဦးဆောင်မှုဖြင့် တာဝန်ရှိအဖွဲ့အစည်းများက ဆက်လက်ရှာဖွေကယ်ဆယ်မှု ပြုလုပ်လျက်ရှိသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကူးတို့လှေမောင်းနှင်သူနှင့် စက်ရှိန်မြင့်ခုတ်မောင်းသည့် ငါးကဲ့လှေမှ တာဝန်ရှိသူများအား ကော့သောင်းမြို့နယ်ရဲတပ်ဖွဲ့စခန်းက ရေယာဉ်များ မဆင်မခြင်မောင်းနှင်မှုဖြင့် စုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ကျပ်တစ်သောင်းတန် မြန်မာငွေစက္ကူအတု ကိုင်ဆောင်သုံးစွဲသူအား သဃ်န်းညီနောင် နယ်မြေရဲစခန်းမှူးနှင့် ပူးပေါင်းအဖွဲ့က ဖော်ထုတ်ဖမ်းဆီးရမိ

**သဃ်န်းညီနောင် မေ ၂၅**
ကရင်ပြည်နယ် မြဝတီမြို့နယ် မဲကနယ်ကျေးရွာတွင် မြန်မာငွေစက္ကူအတုများ ကိုင်ဆောင်သုံးစွဲနေသော အမျိုးသားတစ်ဦးအား သဃ်န်းညီနောင် နယ်မြေရဲစခန်းမှူးဦးစီးသည့် ပူးပေါင်းအဖွဲ့ဖြင့် ဖော်ထုတ်ဖမ်းဆီးခဲ့ရာမှ ကျပ်တစ်သောင်းတန် မြန်မာငွေစက္ကူအတု ၁၀ ရွက်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ မေ ၂၄ ရက် မွန်းတည့် ၁၂ နာရီက မြဝတီမြို့နယ် မဲကနယ်ကျေးရွာ၌ အမျိုးသားတစ်ဦးက ငွေစက္ကူအတုများ ကိုင်ဆောင်သုံးစွဲနေကြောင်း သတင်းရရှိသဖြင့် သဃ်န်းညီနောင်နယ်မြေရဲစခန်းမှူးနှင့် အမှတ်(၁၀) မှုခင်းရဲတပ်ဖွဲ့ဝင်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် ခရားအတွင်းကျေးရွာမှ ခင်မောင်ဝင်းအား မဲကနယ်ကျေးရွာ ဘုန်းကြီးကျောင်းရှေ့လမ်းမပေါ်တွင် တွေ့ရှိ၍ ရှာဖွေရာ ၎င်း၏ဝဲဘက်လက်အတွင်း ဆုပ်ကိုင်ထားသော မြန်မာအက္ခရာ ကင-၂၃၂၄၂၄၉၊ ကင-၂၃၂၄၂၅၀၊ ကင-၂၃၂၄၂၅၂၊ ကင-၂၃၂၄၂၅၄၊ ဃဂ- ၃၅၂၂၀၁၁၊ ဃဂ-၃၅၂၂၀၁၄၊ ဃဂ-၃၅၂၂၁၂၅၊ ဃဂ-၃၅၂၂၁၃၂၊ ဃဂ-၃၅၂၂၁၃၈၊ ဃဂ- ၃၅၂၂၁၄၀ နံပါတ်ပါ ကျပ်တစ်သောင်းတန် မြန်မာငွေစက္ကူအတု ၁၀ ရွက်အား ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိခဲ့သော မြန်မာငွေစက္ကူ တစ်သောင်းကျပ်တန်အတုများနှင့်ပတ်သက်၍ မေးမြန်းစစ်ဆေးရာ အဆိုပါ ကျပ်တစ်သောင်းတန်ငွေစက္ကူအတုများမှာ မေ ၂၂ ရက် ည ၉ နာရီခန့်တွင် မြဝတီမြို့ အမှတ်(၅) ရပ်ကွက် ချစ်ကြည်ရေးလမ်းမပေါ်၌ ယခင်က ခင်မင်ရင်းနှီးခဲ့ဖူးသူ ညွန့်ဝင်း(နေရပ်လိပ်စာစိစစ်ဆဲ)ထံမှ ထိုင်းဘတ်ငွေ ၁၀၀၀ အား မြန်မာငွေစက္ကူ ကျပ်တစ်သောင်းတန်အရွက် ၂၀ နှင့် လဲလှယ်ရရှိခဲ့ပြီး မြဝတီမြို့နယ် မဲကနယ်ကျေးရွာတွင် သုံးစွဲရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျပ်တစ်သောင်းတန် မြန်မာငွေစက္ကူအတုများအား လက်ဝယ်ထားရှိသုံးစွဲသူ ခင်မောင်ဝင်းအား ဥပဒေနှင့်အညီ သဃ်န်းညီနောင် နယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားပြီး ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။



**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ဖြူးမြို့နယ်တွင် သစ်ကားမှောက်ရာမှ သုံးဦးသေ၊ ငါးဦးထိခိုက်ဒဏ်ရာရ

**ဖြူး မေ ၂၅**
ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ပင်သာနယ်မြေရဲစခန်းအပိုင်တွင် မေ ၂၄ ရက် ညနေ ၄ နာရီခွဲက ထင်းကားတိမ်းမှောက်ရာမှ လူသေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြူးမြို့နယ် ညောင်ပင်သာရဲစခန်းအပိုင် အနောက်တောင်ဘက် ၁၈ မိုင် ခန့်အကွာ ခြောက်မြောင်တောင်မကြီးအဆင်း၌ ယာဉ်မောင်း ဝင်းသူ(၃၀) နှစ် ရွာမ (၅)လမ်း ညောင်ပင်သာမြို့နေသူမောင်းနှင်လာသော ယာဉ်အမှတ် 7G/------- အပြာရောင်ဖောကားမှာ ယာဉ်ပေါ်တွင်ထင်း၊ သစ်များတင်ဆောင်ကာ လူရှစ်ဦးခန့်လိုက်ပါစီးနင်းလာခဲ့သည်။ ခြောက်မြောင်တောင်မကြီးအဆင်း၌ ရှေ့ဘီးပေါက်ရာမှ ဘီးကျွတ်ထွက်သွားပြီး ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ယာဉ်ပေါ်လိုက်ပါသူများအနက် ကိုကရင်(၄၀)နှစ်၊ ကိုဖိုးဆေး(၃၂)နှစ်နှင့် ဦးထွန်းနိုင်(၅၀)နှစ်၊ ရွာမ (၅)ရပ်ကွက် ညောင်ပင်သာမြို့နေသူတို့မှာ ယာဉ်တိမ်းမှောက်ရာမှ သစ်များပိ၍ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ကျန်လူအမျိုးသားငါးဦးတို့မှာ အသီးသီးထိခိုက်ဒဏ်ရာများရရှိသွားသဖြင့် ဖြူးမြို့နယ်ညောင်ပင်သာဆေးရုံသို့ တင်ပို့ဆေးကုသလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပက်သက်၍ ယာဉ်မောင်းအား ညောင်ပင်သာနယ်မြေရဲစခန်းက ယာဉ်(ပ)၁၀/၂၀၁၇၊ ရာဇသတ်ကြီး ပုဒ်မ၃၀၄-က ၃၃၇/၃၃၈ဖြင့် အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ပိုင်း)**



# ပရီမီယာလိဂ်ကို ချက်ချင်း ပြန်လည်တန်းတက်လာမယ့် နယူးကာဆယ်

နယူးကာဆယ်အသင်းဟာ ပရက်စ်တန်အသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီးတဲ့နောက်မှာတော့ ပရီမီယာလိဂ်ကို ချက်ချင်းပြန်လည်တန်းတက်ခွင့်ရရှိသွားခဲ့ပါပြီ။

နယူးကာဆယ်အသင်းအနေနဲ့ ပရက်စ်တန်အသင်းကို ပီရက်ဇ်၊ အက်ဆူ၊ ရစ်ချီတို့ရဲ့သွင်းဂိုးတွေနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး နယူးကာဆယ်ရရှိခဲ့တဲ့ သွင်းဂိုးလေးဂိုးစလုံးဟာ ပရက်စ်တန်အသင်းခံစစ်ပိုင်းရဲ့ အားနည်းချက်တွေကြောင့် ရရှိခဲ့တာဖြစ်ပါတယ်။

နည်းပြရာဖေးလ်ဘင်နီတက်ဇ်ရဲ့ နယူးကာဆယ်အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်သုံးပွဲမှာ တစ်မှတ်သာ ရယူနိုင်ခဲ့ပေမယ့် အခုနိုင်ပွဲကြောင့်လည်း ပရီမီယာလိဂ်ကို ချန်ပီယံရှစ်ကနေတန်းတက်လာမယ့် ထိပ်ဆုံးနှစ်သင်းအဖြစ် ရပ်တည်ခွင့်ပိုမိုခိုင်မာလာခဲ့တာဖြစ်ပါတယ်။

နည်းပြရာဖေးလ်ဘင်နီတက်ဇ်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက နယူးကာဆယ်အသင်းကို ပရီမီယာလိဂ်ကနေ တန်းဆင်းမသွားရရေး မစွမ်းဆောင်နိုင်ခဲ့ပေမယ့် ချန်ပီယံရှစ်ကနေ ပရီမီယာလိဂ်ကို ချက်ချင်းပြန်လည်တက်လှမ်းနိုင်ခဲ့တာကတော့ ဘင်နီတက်ဇ်အတွက် ကြီးမားတဲ့အောင်မြင်မှုလိုပဲ ဆိုရမှာပါ။ ဘင်နီတက်ဇ်ဟာ လီဗာပူးအသင်းနဲ့အတူ ချန်ပီယံလိဂ်ဆုဖလားကို ရယူပေးနိုင်ခဲ့တဲ့ နည်းပြတစ်ဦးဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့ချိန်မှာတော့ နှစ်လပဲ တာဝန်ယူကိုင်တွယ်ခွင့်ရရှိခဲ့ပါတယ်။

နယူးကာဆယ်အသင်း အခုလို ပရီမီယာလိဂ်ကို ပြန်လည်တန်းတက်ခွင့်ရရှိအောင်လည်း အပြောင်းအရွှေ့ဈေးကွက်အတွင်းမှာ ပေါင်သန်း ၅၀ အထိအသုံးပြုခဲ့တာဖြစ်ပြီး ချန်ပီယံရှစ်ပြိုင်ပွဲသမိုင်းမှာ တန်ဖိုးအမြင့်ဆုံးအသင်းတစ်သင်းအဖြစ်လည်းမှတ်တမ်းဝင်ခဲ့ပါတယ်။

နယူးကာဆယ်အသင်းဟာ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီကုန်မှာ ရမှတ် ၃၇ မှတ်နဲ့ အမှတ်ပေးဇယားရဲ့ အဆင့်(၁၈) တန်းဆင်းဇုန်အတွင်းကျရောက်ခဲ့ပြီး ချန်ပီယံရှစ်ကို တန်းဆင်းသွားခဲ့ရပါတယ်။ ဒါပေမယ့် ချန်ပီယံရှစ်မှာ တစ်ရာသီသာ ကစားခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘောလုံးရာသီမှာ ပရီမီယာလိဂ်ကို တန်းပြန်တက်လာတော့မှာပါ။

ဒီအသင်းရဲ့ သမိုင်းကြောင်းကို အနီးကပ်ဆုံးပြန်ကြည့်မယ်ဆိုရင် ၂၀၀၈-၂၀၀၉ ဘောလုံးရာသီကုန်မှာ တန်းဆင်းသွားခဲ့ပြီး ၂၀၀၉-၂၀၁၀ ဘောလုံးရာသီမှာ ချန်ပီယံရှစ်မှာဖြတ်သန်းခဲ့ရကာ ၂၀၁၀-၂၀၁၁ ဘောလုံးရာသီအရောက်မှာတော့ ပရီမီယာလိဂ်ကို တန်းပြန်တက်လာတာတွေ့ရမှာဖြစ်ပါတယ်။

နယူးကာဆယ်အသင်းအနေနဲ့ အက်ဖ်အေဖလားပြိုင်ပွဲမှာ ခြောက်ကြိမ်အထိ ဗိုလ်စွဲထားခဲ့သလို ချန်ပီယံရှစ်ပြိုင်ပွဲမှာ်လည်း လေးကြိမ်အထိဗိုလ်စွဲထားခဲ့ပါတယ်။

လက်ရှိမှာတော့ ချန်ပီယံရှစ်ကနေ ပရီမီယာလိဂ်ကို တန်းတက်လာဖို့ သေချာနေပြီဖြစ်တဲ့ အသင်းနှစ်သင်းကတော့ ရမှတ် ၉၂ မှတ်နဲ့ ထိပ်ဆုံးမှာရပ်တည်နေတဲ့ ဘရိုက်တန်အသင်းနဲ့ ရမှတ် ၈၈ မှတ်နဲ့ ဒုတိယနေရာက နယူးကာဆယ်အသင်းတို့ဖြစ်ပါတယ်။

ဒီနှစ်သင်းဟာ လာမယ့်ဘောလုံးရာသီ ပရီမီယာလိဂ်မှာ မြင်တွေ့ရဖို့သေချာနေပြီဖြစ်ပြီး နောက်ထပ်တက်လာနိုင်မယ့်အသင်း တစ်နေရာအတွက်ကတော့ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာကြောင့် တတိယမြောက်တက်ခွင့်ရမယ့်အသင်းဘယ်အသင်းဖြစ်လာမလဲဆိုတာ စောင့်ကြည့်ရဦးမှာပါ။

**(ငွေကြယ်)**

## ဂရစ်ဇ်မန်းအား ပေါင် ၈၅ သန်းဖြင့် ခေါ်ယူရန် မန်ယူအသင်းပြင်ဆင်

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်း တိုက်စစ်မှူး ဂရစ်ဇ်မန်းအား ပြောင်းရွှေ့ကြေးပေါင် ၈၅ သန်းဖြင့် ခေါ်ယူရန်ပြင်ဆင်လျက်ရှိပြီး ပရီမီယာလိဂ်ပြိုင်ဘက်အသင်းများဖြစ်ကြသည့် မန်စီးတီးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ကလည်း ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိသည်။

ထို့ပြင် အက်သလက်တီကိုမက်ဒရစ်အသင်း တိုက်စစ်မှူး ဂရစ်ဇ်မန်းအား စပိန်ကလပ်အသင်းများဖြစ်ကြသည့် ဘာစီလိုနာအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ကလည်း ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်းသိရသည်။

တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် ယခုနှစ်ဘောလုံးရာသီတွင် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ပွဲပေါင်း ၄၆ ပွဲပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၂၅ ဂိုးသွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးပေးနိုင်မှု ၁၁ ကြိမ်အထိပြုလုပ်နိုင်ခဲ့သည်။

ထို့ကြောင့် ဂရစ်ဇ်မန်းအား ခေါ်ယူရန် မန်ယူအသင်းက ပထမဆုံးပြင်ဆင်လာခဲ့ပြီး မန်စီးတီးအသင်းနည်းပြ ဂွာဒီယိုလာကလည်း ဂရစ်ဇ်မန်းမှာ နွေရာသီအပြောင်းအရွှေ့ဈေးကွက်အတွင်း ပထမဦးစားပေးခေါ်ယူမည့် ကစားသမားအဖြစ် သတ်မှတ်ထားသည်။

မန်ယူအသင်းမှာ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဒဏ်ရာရရှိနေခဲ့ခြင်းကြောင့် ဂရစ်ဇ်မန်းကို ပိုစိတ်ဝင်စားလာခြင်းဖြစ်ပြီး ဂွာဒီယိုလာကလည်း အဂူရိုနေရာတွင် အစားထိုးရန် ပြင်ဆင်လျက်ရှိသည်။ ထို့ပြင် ချယ်လ်ဆီးနည်းပြ ကွန်တီကလည်း ဇန်နဝါရီလကတည်းက အထိုင်မကျဖြစ်နေသည့် ဒီယေဂိုကော်စတာနေရာတွင် အစားထိုးရန် ဂရစ်ဇ်မန်းကို မျက်စိကျနေခြင်းဖြစ်သည်။**(ငွေကြယ်)**




## စပါးကွင်းလယ်လူ ဒီလီအလီအား မန်စီးတီးအသင်း ခေါ်ယူမည်

မန်စီးတီးအသင်းနည်းပြ ဂွာဒီယိုလာသည် စပါးအသင်းကွင်းလယ်ကစားသမား ဒီလီအလီအား ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ဒီလီအလီသည် ၂၀၁၅ ခုနှစ်အတွင်းက စပါးအသင်းသို့ အမ်ကေဒွန်းအသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၄သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

အဆိုပါအင်္ဂလန်လူငယ်ကစားသမား ဒီလီအလီအား မန်စီးတီးအသင်းက ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည့်အပြင် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းကလည်း ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိကြောင်းသိရသည်။

နည်းပြဂွာဒီယိုလာသည် မန်စီးတီးအသင်းနှင့်အတူ ရာသီကုန်တွင် ပထမဆုံးအကြိမ်အဖြစ် ဖလားလက်မဲ့ရာသီကို ဖြတ်သန်းရတော့မည်ဖြစ်သောကြောင့် လာမည့်ရာသီတွင် ဖလားလက်မဲ့မဖြစ်စေရေးအတွက် ကစားသမားကောင်းများကို ထပ်မံခေါ်ယူရန် စီစဉ်နေခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် လက်ရှိတွင် ပရီမီယာလိဂ်အမှတ်ပေးဇယား၌ အဆင့်(၄)နေရာတွင် ရပ်တည်လျက်ရှိပြီး လာမည့်ဘောလုံးရာသီ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန်အတွက် မန်ယူအသင်းနှင့် အပြိုင်ဖြစ်နေသည်။**(ငွေကြယ်)**

## စိတ်ဝင်စားဖွယ်ပွဲကောင်းများစွာနဲ့ စီးရီးအေပွဲစဉ် ၃၄

**စီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ် ၃၄ ကိုလာမယ့်ဧပြီ ၂၉၊ ၃၀ ရက်နဲ့ မေ ၁ ရက်တွေမှာကျင်းပသွားမှာဖြစ်ပြီး အဆိုပါပွဲစဉ်မှာတော့ ရောမဒါဘီပွဲဖြစ်တဲ့ ရိုမာနဲ့လာဇီယိုအပြင် အင်တာနဲ့နာပိုလီ၊ အတ္တလန္တာနဲ့ ဂျူဗင်တပ်တို့ဆုံတွေ့နေတာကြောင့် ပွဲကောင်းတွေဖြစ်လာနိုင်သလိုစိတ်ဝင်စားဖို့လည်းကောင်းနေပါတယ်။**

### အတ္တလန္တာ - ဂျူဗင်တပ်   နံနက် ၁း၁၅ (၂၉-၄-၁၇)

အတ္တလန္တာရဲ့လက်ရှိခြေစွမ်းပိုင်းကောင်းမွန်နေပါတယ်။ တိုက်စစ်ပိုင်းကလည်းဂိုးသွင်းခြေရရှိနေသလို အိမ်ကွင်းပွဲတွေမှာရှုံးအား ပိုမိုကောင်းမွန်တတ်ပါတယ်။ ဂျူဗင်တပ်ကတော့ခြေစွမ်းပိုင်းကောင်း မွန်တယ်ဆိုပေမယ့် ဒီပွဲအပြီးမှာချန်ပီယံလိဂ်ကစားရဖို့ရှိနေပါတယ်။ ဂျူဗင်တပ် အနိုင်ရခဲ့ရင် တောင်ဂိုးပြတ်ဖို့ခက်ပါတယ်။

### တိုရီနို - ဆမ်ဒိုးရီးယား   နံနက် ၁း၁၅ (၃၀-၄-၁၇)

တိုရီနိုရဲ့ခြေစွမ်းပိုင်းကအခုနောက်ပိုင်းကောင်းမွန်မှုရှိလာတယ် လို့ဆိုနိုင်ပါတယ်။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် တိုရီနိုတို့နိုင် ပွဲရယူနိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ ဆမ့်ဒိုးရီးယားက တော့လက်ရှိအချိန်မှာခြေစွမ်းပိုင်းထင်သလောက်တည်ငြိမ်မရှိပါဘူး။ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေအားနည်းမှုအချို့ရှိနေတယ်။

### ဂျီနိုအာ - ချီယေဗို   ည ၇း၃၀ (၃၀-၄-၁၇)

ဂျီနိုအာက တန်းမဆင်းရဖို့ အာမခံချက်မရှိသေးဘူးလို့ဆိုနိုင်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာနိုင်ပွဲရယူနိုင်ဖို့ အိမ်ကွင်းအားနဲ့ ဖိအားပေးကစားလာနိုင်ပါတယ်။ လက်ရှိအချိန်မှာ ဂျီနိုအာရဲ့ခြေစွမ်း ပိုင်းကအားနည်းမှုတွေရှိနေတယ်ဆိုပေမယ့်လည်း ချီယေဗိုရဲ့ခြေစွမ်းပိုင်းကလည်းလက်ရှိအချိန်မှာပျက်ယွင်းနေပါတယ်။

### ရိုးမား - လာဇီယို   ညနေ ၅း၀၀ (၃၀-၄-၁၇)

လက်ရှိအချိန်မှာ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရဖို့မသေချာသေးတာကြောင့် ရိုးမားဟာပွဲတိုင်းကိုအားစိုက်ကစားနေပါတယ်။ အထူးသဖြင့် ရိုးမားကအိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်ပါတယ်။ လာဇီယိုကတော့ လက်ရှိအချိန်မှာခြေစွမ်းပိုင်းအနည်းငယ် ကျဆင်းတာကို တွေ့ရသလို အဝေးကွင်းပွဲတွေမှာ စွမ်းဆောင်ရည်ပိုမိုအားနည်းတတ်ပါတယ်။ အိမ်ကွင်းမှာ တိုက်စစ်အားပြုကစားလာမယ့် ရိုးမား ဂိုးပြတ်ဖို့တော့ခက်ပါတယ်။

### ဘလော့ညာ-အူဒီးနီးစ်   ည ၇း၃၀ (၃၀-၄-၁၇)

ဘလော့ညာရဲ့လက်ရှိခြေစွမ်းပိုင်းကအားနည်းမှုတွေရှိနေပါတယ်။ ဒါပေမယ့်လည်း ဒီပွဲကအိမ်ကွင်းဖြစ်တဲ့အပြင် တန်းမဆင်းရဖို့မသေချာသေးတာကြောင့် ဘလော့ညာတို့အားစိုက်ကစားမှာဖြစ်သလို နိုင်ပွဲရယူနိုင်ဖို့ ခြေကုန်ထုတ်သွားမှာပါ။ ဒါပေမယ့်လည်း အူဒီးနီးစ်ပဲကပ်နိုင်မယ်။

### အမ်ပိုလီ - ဆာစူအိုလို   ည ၇း၃၀ (၃၀-၄-၁၇)

တန်မဆင်းရဖို့အတွက် အာမခံချက်လုံးဝမရှိသေးတဲ့ အမ်ပိုလီက နောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေသလိုခြေစွမ်းပိုင်းလည်းတိုးတက်လာတာကိုတွေ့ရပါတယ်။ အမ်ပိုလီတို့ပိုမိုအားစိုက်ကစားလာမှာသေချာနေပါတယ်။ ဆာစူအိုလိုကတော့လက်ရှိအချိန်မှာခြေစွမ်းပိုင်းအားနည်းမှုအချို့ရှိနေသလို အဝေးကွင်းခံစစ်ပိုင်းစိတ်မချရပါဘူး။ ဒါကြောင့် အမ်ပိုလီ တို့သရေလောက်မျှော်လင့်နိုင်မှာပါ။

### ပါလာမို - ဖီယိုရင်တီးနား   ည ၇း၃၀ (၃၀-၄-၁၇)

ဖီယိုရင်တီးနားရဲ့ခြေစွမ်းက လက်ရှိအချိန်မှာ ကောင်းမွန်မှုရှိတယ် လို့ဆိုနိုင်ပါတယ်။ အဝေးကွင်းပွဲစဉ်တွေမှာ ဖီယိုရင်တီးနားတို့ ကစားအားကျဆင်းတတ်တယ် ဆိုပေမယ့်လည်း ဥရောပဝင်ခွင့်မျှော်လင့်နိုင်သေးတာကြောင့် ဒီပွဲမှာနိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာပါ။ ဒီပွဲမှာ ဖီယိုရင်တီးနားပဲ အနိုင်ရသွားမှာပါ။

### ခရိုတိုနီ - မီလန်   ည ၇း၃၀ (၃၀-၄-၁၇)

မီလန်ရဲ့လက်ရှိခြေစွမ်းပိုင်းကပြန်လည်ကောင်းမွန်နေပါတယ်။ အတ္တလန္တာ၊ လာဇီယိုတို့လိုဥရောပဝင်ခွင့်နေရာတွေက အသင်းတွေ ပွဲကျပ်ကြုံနေတာကြောင့်လည်း မီလန်တို့ဥရောပဝင်ခွင့်ရယူနိုင်ဖို့ နိုင်ပွဲရရှိအောင်ပိုမိုအားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာ တန်းမဆင်းရဖို့အားစိုက်ကစားနေတဲ့ ခရိုတိုနီ ခြေစွမ်းက ကောင်းမွန်နေသလို ခရိုတိုနီရဲ့အိမ်ကွင်းလည်းဖြစ် နေတာကြောင့် မီလန်လွယ်လွယ်နဲ့တော့အနိုင်မရနိုင်ပါဘူး။

### အင်တာ - နာပိုလီ   နံနက် ၁း၁၅ (၁-၅-၁၇)

နာပိုလီချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်နေရာအတွက် ရိုးမားကို ဖိအားပေးနိုင်ဖို့ အားစိုက်ကစားလာမှာသချောနေပါတယ်။လက်ရှိ နာပိုလီခြေကကောင်းမွန်မှုရှိနေပါတယ်။ ဒါပေမယ့်လည်း အင်တာက ဥရောပဝင်ခွင့်ရဖို့ပြန်လည်အားစိုက်လာမှာဖြစ်သလို အိမ်ကွင်းပွဲလည်းဖြစ်နေပါတယ်။ အထူးသဖြင့်အင်တာက အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းကောင်းမွန်တာကြောင့် နာပိုလီကိုထိန်းချုပ်နိုင်ခြေ ရှိနေပါတယ်။ ဒါကြောင့် ဒီပွဲမှာ နာပိုလီတို့ သရေလောက်ပဲရမယ်။

**ရှိုင်းမင်းမင်း**

# ရပ်ကွက်လေး၏ဒိုင်ယာရီ

ဆူးငှက်



တကယ်တော့ ၁၇ နှစ်ဟူသည်မှာ ပြန်လှန်စဉ်းစားလိုက်တော့ တစ်နေ့မနေ့ကပဲဟု ထင်မှတ်နေဆဲဖြစ်သည်။ ကျွန်တော် ယခုနေရာလေးသို့ ပြောင်းရွှေ့ အခြေချခဲ့တာ ၁၇ နှစ်တဲ့။ ၁၇ နှစ်ဆိုတာ လူပျိုပေါက်အရွယ်ပဲ။ ပညာရေးအရပြောလျှင် တက္ကသိုလ်ဝင်တန်း(သို့မဟုတ်) တက္ကသိုလ်သို့ရောက်ရှိပြီး တစ်စုံတစ်ရာ ခိုင်မာမှုလမ်းကြောင်းပေါ်သို့ ခြေချမြဲမြဲနေရမယ့် ကာလပေပဲ။

သို့သော် အခုနေရာလေးအပေါ် ယုံကြည်မှုက သံသယဖြစ်ဆဲ။ တည်ငြိမ်ပြီဟု ခိုင်မာစွာ မယူဆရဲ။ တရေးနိုးလေတိုင်း တစ်တီတူးတစ်ကောင်လို မြေကြီးထကာစမ်းပြီး မလုံမလဲအိပ်နေရဆဲ။ သည်နေရာလေးကို ရောက်သည်မှစ၍ ကျော်ဖြတ်ခဲ့ရသော အခက်အခဲတွေက နည်းနည်းနောနောမှ မဟုတ်ဘဲ။ နောက်ကြောင်းကို ပြန်လှန်လိုက်မှ ဒီခရီးက အာဏာရှင်တို့၏ အခမ့်အနိုင်ကျင့်မှုဖြစ်စဉ်တွေက အထင်းသားပေါ်ခဲ့တာပဲ။ ကြီးကြီးကျယ်ကျယ် ပြောရလျှင် ဒီနေရာလေးသမိုင်းက မြန်မာ့နိုင်ငံရေးသမိုင်း၏ ပုံရိပ်ပဲမဟုတ်ပါလော။ ကျွန်တော် အခု ဒီနေရာလေး၏ ရက်စွဲသမိုင်း ဒိုင်ယာရီကို ချရေးကြည့်သည်။ မိတ်ဆွေတို့ ဖတ်ကြည့်ပြီး ထင်မြင်သုံးသပ်ချက်ပေးကြပါကုန်။ ဒိုင်ယာယီလေးက အရည်မရ အဖတ်မရ အလဟဿတော့မဟုတ်တန်ဟု ထင်ပါ၏။

**ရက်စွဲ သမိုင်း**

**သက္ကရာဇ် ၅၁၇ ခုနှစ်**

မန္တလေးမြို့မတည်မီ ပုဂံခေတ် မင်းရှင်စော လက်ထက်ကတည်းက အောင်ပင်လယ်ကန် ရေသောက် လမိုင်းလယ်များ စိုက်ပျိုးလုပ်ကိုင်ကြသည့် ရွာများအနက် တစ်ရွာဖြစ်သည်။

**သက္ကရာဇ် ၁၁၅၀ ပြည့်နှစ်**

ဘိုးတော်ဘုရားက အောင်ပင်လယ်ကန်ကို ပြန်လည်ဆည်ဖို့ပြီး လမိုင်းလယ်လုပ် ကျေးရွာများကို ချီးမြှင့်မြောက်စားကာ လယ်ယာမဲ့များကို လယ်မြေများချထားပေးသနားခဲ့သည်။

**သက္ကရာဇ် ၁၁၅၀ ပြည့်နှစ်**

အောင်ပင်လယ်ကန်နယ်နိမိတ်နှင့် လမိုင်းလယ်များ ထိန်းသိမ်းမှု၊ ဘေးမဲ့ပေးမှုနှင့် ပတ်သက်သည့် ကျောက်စာများ ရေးထိုးစိုက်ထူရာ သရက်ကုန်းရွာဦးတွင် ကျောက်စာတစ်ချပ် စိုက်ထူခဲ့သည်။ (ယခု မြို့ပတ်ကားလမ်းဘေး နန်းဦးလွင်၌ရှိ)

**သက္ကရာဇ် ၁၁၅၃ ပြည့်နှစ်**

ဘိုးတော်ဘုရားက အောင်ပင်လယ်ကန်ကို သုံးနှစ်ကြာပြုပြင်ရာတွင် ဘုရင့်ဆင်နှင့် မြင်းများ သောက်သုံးရန်အတွက် ရေကန်ငယ်များကို အောင်ပင်လယ်ကန် ပေါင်ပတ်လည်၌ တူးဖော်ခဲ့ရာ ထိုစဉ်ကတည်းက တည်ရှိခဲ့သည့် သရက်ကုန်းဘုန်းတော်ကြီးကျောင်း၏ တောင်ဘက်ယွန်းယွန်းတွင် တစ်ကန် ပါဝင်ခဲ့သည်။ ထိုကန်ကို မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက်တိုင် လယ်ထွန်မင်္ဂလာအချိန်၌ ဆင်တော်မြင်းတော် နွားရှဉ်းတော်များ သောက်ရေအတွက် အသုံးပြုခဲ့ပြီး ကျန်အချိန်များတွင် လမိုင်းလယ်သားများ၏ ကျွဲနွားများ သောက်ရေကန်အဖြစ် အသုံးပြုခဲ့သည်။ (ယခုအခါ ပုဂ္ဂလိက အိမ်ဝင်းခြံဖြစ်နေပါသည်)

**သက္ကရာဇ် ၁၁၈၁ ခုနှစ်**

ဘကြီးတော်မင်းကလည်း သရက်ကုန်းရွာအနီးရှိ မင်္ဂလာလယ်တော်၌ တပ်အင်္ဂါ အခင်းအကျင်းနှင့် လယ်ထွန်မင်္ဂလာဆင်းခဲ့သည်။

**သက္ကရာဇ် ၁၂၂၇–၂၈–၃၀ ခုနှစ်**

ရတနာပုံမန္တလေးမြို့တည်နန်းတည် မင်းတုန်းမင်းကလည်း သက္ကရာဇ် ၁၂၂၇ တွင် တစ်ကြိမ်၊ သက္ကရာဇ် ၁၂၂၈ တွင်တစ်ကြိမ်၊ သက္ကရာဇ် ၁၂၃၀ ပြည့်တွင်တစ်ကြိမ်၊ သရက်ကုန်းရွာအနီးရှိ မင်္ဂလာလယ်တော်၌ လယ်ထွန်မင်္ဂလာဆင်းခဲ့ရာ ရွာထိပ်ရှိယာယီနန်းတော်၌ စံမြန်းသည်။ (မင်္ဂလာလယ်တော်များမှာ သရက်ကုန်းဘုန်းကြီးကျောင်းအနီး ယခု ငါးစခန်းဝင်းအတွင်းရှိခဲ့သည်။)

**သက္ကရာဇ် ၁၂၂၇ မှ ၄၇ ခုနှစ်**

မင်းတုန်းမင်း လယ်ထွန်မင်္ဂလာဆင်းသောအခါ၌လည်းကောင်း၊ သားတော်သီပေါမင်း ဝါခင်းကုန်းဘုရားဖူးစဉ်အခါ၌လည်းကောင်း ရွှေမြို့တော်၏ အရှေ့ဦးထိပ်တံခါးမှထွက်၍ တပ်အင်္ဂါ အခင်းအကျင်းနှင့်ချီရာလမ်းမှာ ဆင်လမ်းဟုအမည်တွင်ပြီး ယခုသရက်ကုန်းကွက်သစ်၏ ၅၇ လမ်း အမည်ပေါက်လမ်းဖြစ်သည်။

**ခရစ်နှစ် ၁၈၉၀ ခုနှစ်**

အင်္ဂလိပ်ခေတ်တွင် မင်္ဂလာရှိသော ဤနေရာများကို နာမ်နှိမ်၍ မြေပုပ်မြေဆိုးအသွင်ပြောင်းလဲ၍ သမိုင်းမြှုပ်ခဲ့သည်။

**၁၉၉၁ ခုနှစ်**

၁၉၉၁ခုနှစ်တွင် ဇွန်လ (၁၁) ရက်နေ့စွဲပါ စာအမှတ် ၂၂၁/မအ-၁(၂၀/၉၀-၉၁)ဖြင့် လယ်မြေ ၂၅ ဒသမ ၅၇ ဧကကို လန ၃၈(၁) ထုတ်ပေးခဲ့သည်။

**၁၉၉၃–၉၄ ခုနှစ်**

၁၉၉၃-၉၄တွင် လန၃၈(၁)ကျပြီး ကွင်းအမှတ် ၄၉၂ ကို အောင်မြေသာစံမြို့နယ် သရက်ကုန်းကွက်သစ် အဖြစ် အမှတ်(၁)မြေတိုင်းအဖွဲ့က မြေပုံထုတ်ကာ မူလပိုင်ရှင်များ၊ ဝန်ထမ်း၊ အရာထမ်းများကို နေရာချထားပြီး လတ်တလောနေထိုင်သူများကို ဂရန်ချထားပေးသည်။

**၁၉၉၉ ခုနှစ်**

၁၉၉၉ ခုနှစ်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးအဖွဲ့ကမြေကြီးမြေပုံမှန်ကန်ရေးနှင့် မူလမြေပုံအတည်ပြုနိုင်ရေးအတွက် ကွင်းဆင်းတိုင်းထွာခဲ့သည်။

**၂၀၀၃ ခုနှစ်**

၂၀၀၃ ဇူလိုင်လတွင် ခ-ယ-က ဥက္ကဋ္ဌက အိမ်ထောင်ဦးစီးများကို ခ-ယ-ကရုံးသို့ ဆင့်ခေါ်ပြီး နိုင်ငံတော်စီမံကိန်းဟု အကြောင်းပြကာ ချက်ချင်းဖယ်ရှားရန် နှုတ်မိန့်ပေးသည်။

**၂၀၀၃ – ၂၀၀၄ ခုနှစ်**

ရပ်ကွက်ထိပ် ၂၆ ဘီလမ်းတစ်လျှောက် 'စီမံကိန်းမြေ၊ တပ်ပိုင်မြေ မကျူးကျော်ရ' ဟူသော ဆိုင်းဘုတ်များ၊ အကြိမ်ကြိမ်တင်၊ ကန့်သတ်နယ်မြေအလံများစိုက်ပြီး ခြိမ်းခြောက်။

**၂၀၀၃ – ၂၀၀၄ ခုနှစ်**

ရပ်ကွက်ပြည်သူများက မတရားမှုကို တပ်မတော်ထောက်လှမ်းရေးအကြီးအကဲနှင့် နိုင်ငံတော်အကြီးအကဲများထံ အကြိမ်ကြိမ်တိုင်ကြားခဲ့သည်။

**၂၀၀၄ ခုနှစ်**

နိုင်ငံတော်အဆင့် စီမံကိန်းမရှိပါဘဲ လိမ်ညာအာဏာသုံးသဖြင့် ခရိုင်အဆင့်၊ တိုင်းအဆင့် တာဝန်ရှိသူအချို့ အရေးယူခံရသည်။

**၂၀၀၄ မှ ၂၀၁၀ ခုနှစ်**

သို့သော် အဓိကလက်သည် ပုဂ္ဂိုလ်က လွတ်နေသဖြင့် ခရိုနီများနှင့် ပူးပေါင်းကာ သရက်ကုန်းကွက်သစ်မြေကို ကိုယ်ကျိုးအတွက် သိမ်းဆည်းရန် နည်းလမ်းပေါင်းစုံဖြင့် အကြိမ်ကြိမ်ကြိုးစားခဲ့ပြီး မူလဂရန်များ ပိုင်ဆိုင်မှုစာချုပ်စာတမ်းများကို သိမ်းဆည်းခဲ့သည်။

**၂၀၁၂ ခုနှစ်**

ရပ်ကွက်နေပြည်သူများကလည်း မတရားမှုကို ငုံ့မခံဘဲအဖြစ်မှန်ပေါ်ပေါက်ရေးကို ပြန်လှန် တောင်းဆိုခဲ့ရာ အရပ်သားအစိုးရဖွဲ့စည်းပြီးနောက် ၂၀၁၂ ခုနှစ် စက်တင်ဘာ ၂၅ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့တော်ဝန်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ရပ်ကွက်လူထုတွေ့ဆုံပွဲ၌ အဖြစ်မှန် အသေးစိတ်တင်ပြကာ တရားဝင်ဂရန်များ ထုတ်ပေးနိုင်ရေးတင်ပြခဲ့သည်။

> နေရာလေးအပေါ် ယုံကြည်မှုက သံသယဖြစ်ဆဲ။ တည်ငြိမ်ပြီဟု ခိုင်မာစွာ မယူဆရဲ။ တစ်ရေးနိုးလေတိုင်း တစ်တီတူးတစ်ကောင်လို မြေကြီးထကာစမ်းပြီး မလုံမလဲအိပ်နေရဆဲ။ သည်နေရာလေးကို ရောက်သည်မှစ၍ ကျော်ဖြတ်ခဲ့ရသော အခက်အခဲတွေက . . .

**၂၀၁၆ ခုနှစ်**

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် ကွင်းဆင်းလာသော ပြည်သူ့ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာများထံ အောက်ပါအချက်များတင်ပြခဲ့။

(၁) ဂရန်ထုတ်ပေးခြင်းကို စီမံချက်ဖြင့် အလျင်မြန်ဆုံး ဆောင်ရွက်ပေးရေး။
(၂) ဂရန်ပါမြေပုံအတိုင်း ဝင်းခြံများ စနစ်တကျ ကာရံပြီး လမ်းမြေသတ်မှတ်၍ လမ်းများခင်းရေး။
(၃) ရေဝပ်ဇရိယာဖြစ်၍ ရေထုတ်မြောင်းများ စနစ်တကျ တူးဖော်ပေးရေး။
(၄) သန့်ရှင်းသော သောက်သုံးရေ ရှားပါးသောကြောင့် ရေစစ်ကန်မှပေးဝေသော စီမံကိန်းရေကို ရေမီတာများဖြင့် သွယ်ယူပေးရေးတို့နှင့်အတူ
(၅) ဤသရက်ကုန်းကွက်သစ်သည် ရှေးခေတ်လယ်ယာမြေနှင့်ပတ်သက်၍ သမိုင်းဝင်နေရာဖြစ်သည့်အပြင် အာဏာဖြင့် မတရားအနိုင်ကျင့် သိမ်းဆည်းမှုကို ညီညီညွတ်ညွတ် ကြံ့ကြံ့ခံကာ တရားကိုနတ်စောင့်သည့် ပြယုဂ်ဖြစ်သောကြောင့် 'ဒီမိုကရေစီခေတ်၏ စံပြရပ်ကွက်' အဖြစ် အသိအမှတ်ပြုပေးပါရန်နှင့် တာဝန်ရှိသူများနှင့် ရပ်ကွက်ပြည်သူလူထု ပူးပေါင်းမှုဖြင့် 'မြို့ပြအင်္ဂါရပ်နှင့်အညီ ရပ်ရွာစည်ပင်တိုးတက်ရေး' ကို နမူနာပြဆောင်ရွက်နိုင်ပါရန် ဟူ၍ဖြစ်သည်။

ဤ ရက်စွဲသမိုင်းကိုဖတ်ရှုပြီးနောက် 'ပြောင်းလဲချိန်တန်ပြီ' ဟူသောကြွေးကြော်မှုနှင့်အတူ ဇာတ်သိမ်းပိုင်း၌ ပျော်ရွှင်စွာ ဇာတ်ပေါင်းကြလေသတည်းဟု စွဲမြဲစွာ ယုံကြည်ပြီး သတင်းစာ စာမျက်နှာကို မပိတ်လိုက်ပါနှင့်ဦး။ "အခုတော့ မြို့ကြီးတွေလို၊ ဓာတ်မီးရောင်ထိန်" ကုသိုလ်ဖြစ်ဆေးရုံ၊ ပွဲနှင့်လမ်းနှင့် သာသာယာယာဖြစ်ဖို့ တော့လိုသည်။ ဒီ'အပြောင်းအလဲ'က ပြည်သူတစ်ဦးတည်းမရ။ ပြည်သူက အခမ့်မှုပေါင်းစုံကြားက လွတ်ကင်းအောင် ရဲရဲဝံ့ဝံ့ရုန်းထွက်ခဲ့ရပြီ။ ဒါကို ဥပဒေဘောင်အတွင်း အတည်ဖြစ်ဖို့ ဂရန်တွေလိုသည် (တချို့တစ်ဝက်ပဲရသေးသည်။ ဆောင်ရွက်ချက်နှေးသေးသည်)။ ရေတွေလိုသည် (ရေပေးဝေဖို့ ပိုက်တွေ ချသွားသည်၊ လသားအရွယ် ကိုယ့်အားကိုယ်ကိုး လမ်းလေးတွေပျက်သွားသည်)။ လမ်းတွေလိုသည်။ မြောင်းတွေလိုသည်။ မီးတွေလိုသည် (လျှပ်စစ်မီးကတော့မဆိုး)။ ဒါမှလည်း 'အခုတော့ မြို့ကြီးတွေလို ဓာတ်မီးရောင်ထိန် ကုသိုလ်ဖြစ်ဆေးရုံ၊ ပွဲနှင့် လမ်းနှင့် သာသာယာယာ" ဖြစ်ပေလိမ့်မည်။ ပြည်သူက ရွှေပြည်တော်ဆီ မျှော်လင့်သည်။ ပြည်သူ့ကိုယ်စားလှယ် ပြည်သူ့ဝန်ထမ်းတွေက 'ပြည်သူနှင့်အတူ' ထက်ကြပ်မကွာပါမှ။

## ပြည်နယ်၏တိုးတက်မှုကို ဆောင်ရွက်သယ်ပိုးနိုင်သည့် လူငယ်များဖြစ်ကြရေး မှာကြား

**မြစ်ကြီးနား ဧပြီ ၂၅**
ဘက်စုံထူးချွန်လူငယ်များ၏ ပဉ္စမအကြိမ် ပုဂံ၊ အင်းလေး၊ ငွေဆောင် အပန်းဖြေလေ့လာရေးခရီးသို့ သွားရောက်ကြမည့် ကချင်ပြည်နယ်အတွင်းရှိ ခရိုင်လေးခရိုင်မှ ဘက်စုံပညာထူးချွန်သည့် ကျောင်းသား ကျောင်းသူများအား ဧပြီ ၂၄ ရက် မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က တွေ့ဆုံ၍ ဆုံးမဩဝါဒစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်သည်။

ရှေးဦးစွာ ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိပြီး မြစ်ကြီးနားခရိုင်မှ ၁၂ ဦး၊ မိုးညှင်းခရိုင်မှခြောက်ဦး၊ ဗန်းမော်ခရိုင်မှခြောက်ဦးနှင့် ပူတာအိုခရိုင်မှခြောက်ဦး စုစုပေါင်း ပြည်နယ်ကိုယ်စားပြုရွေးချယ်ခံရသည့် ဘက်စုံပညာထူးချွန်သည့် ကျောင်းသား ကျောင်းသူ ၃၀ တို့နှင့် ကြီးကြပ်သူဆရာ ဆရာမသုံးဦးတို့က ဂါရဝပြုမိတ်ဆက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဘက်စုံထူးချွန်အရွေးချယ်ခံ လူငယ်မောင်မယ်များအနေဖြင့် ယခုလိုအောင်မြင်မှုတွေရရှိသည့်အတွက် မိဘ၊ ဆရာဆရာမများနှင့်အတူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အပန်းဖြေစခန်းများတွင် သွားလာနေထိုင်စားသောက်မှုများကို အထူးဂရုစိုက်ရန်လိုအပ်ပါကြောင်း၊ ပညာကိုဆက်လက်ဆည်းပူး၍ အနာဂတ်တွင် ပြည်နယ်၏တိုးတက်မှုကို ဆောင်ရွက်သယ်ပိုးနိုင်တဲ့ လူငယ်လူရွယ်တွေ ဖြစ်နိုင်ကြပါစေကြောင်းဖြင့် ဆုံးမဩဝါဒစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က အမှာစကားပြောကြားပြီး ပြည်နယ်ပညာရေးမှူး ဦးအောင်သန်းမြင့်က ဘက်စုံပညာထူးချွန်လူငယ်များ သွားရောက်ရမည့် အပန်းဖြေလေ့လာရေးခရီးစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဘက်စုံထူးချွန်လူငယ်များအတွက် ထောက်ပံ့ငွေကျပ် ၉၀၀၀၀ ကို ကျောင်းသူတစ်ဦးထံ ပေးအပ်ပြီး ဘက်စုံပညာထူးချွန် နှစ်ထပ်ကွမ်းရကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ **ပြည်နယ်(ပြန်/ဆက်)**

## လေကြောင်းလူငယ်အခြေခံသင်တန်း(၁/၂၀၁၇) ဖွင့်လှစ်

**မကွေး ဧပြီ ၂၅**
ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)နှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် လေကြောင်းလူငယ်အခြေခံသင်တန်း (၁/၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၄ ရက် နံနက် ၉ နာရီက မကွေးမြို့တော်ခန်းမ၌ ပြုလုပ်သည်။



အဆိုပါအခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် မကွေးလေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်မြင့်စန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသော ဧည့်သည်တော်များမှ သင်ထောက်ကူပစ္စည်းများအား ကြည့်ရှုလေ့လာခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်းတို့ ဆောင်ရွက်ခဲ့သည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက သင်တန်းကို မြန်မာပြည်တစ်ဝန်းလေတပ်စခန်းရှိသည့်နေရာများတွင် တစ်ပြိုင်တည်း ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း၊ လေကြောင်းပညာကို စိတ်ပါဝင်စားသည့် မျိုးဆက်သစ်များအနေဖြင့် နောင်တစ်ချိန် ခေါင်းဆောင်ကောင်းများဖြစ်လာစေရန် ကြိုးပမ်းသွားကြစေလိုကြောင်း လေကြောင်းလူငယ်အခြေခံသင်တန်းဖွင့်ပွဲတွင် ထည့်သွင်းပြောကြားသည်။

မကွေးလေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်မြင့်စန်းက လေကြောင်းပညာသမိုင်းကိုလေ့လာခြင်းဖြင့် လေကြောင်းနှင့်အာကာသသိပ္ပံဆိုင်ရာပညာရပ်များကို စိတ်ဝင်စားမှု တိုးပွားလာစေရန်၊ လေယာဉ်ပျံသန်းမှုနှင့်သက်ဆိုင်သော ပညာရပ်များကို တတ်သိနားလည်ကာ နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောသည်။

လေကြောင်းလူငယ်အခြေခံသင်တန်းတွင် စစ်ရေးပြဘာသာရပ်၊ လေကြောင်းသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှု အခြေခံဘာသာရပ် (R/C လေယာဉ်နှင့် Simulator မောင်းနှင်ပျံသန်းခြင်း) လေယာဉ်တည်ဆောက်မှုဘာသာရပ်၊ စက်ရုံတည်ဆောက်မှုဘာသာရပ်၊ လေယာဉ်ပုံစံငယ်တည်ဆောက်မှုဘာသာရပ် (S/C လေယာဉ်နှင့် Solid Model လေယာဉ်ပုံစံငယ်) စသည့်ဘာသာရပ်ခြောက်မျိုးကို သင်ကြားသွားမည်ဖြစ်သည်။

သင်တန်းသို့ မကွေးတိုင်းဒေသကြီးအတွင်းမှ သင်တန်းသား ၂၉ ဦး၊ သင်တန်းသူ ၁၁ ဦး စုစုပေါင်း သင်တန်းသား ၄၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်သည်။

လေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၇) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မကွေးတပ်နယ်အသီးသီးမှအရာရှိစစ်သည်များ၊ မကွေးလေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် သင်တန်းသားမိဘများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## မန္တလေးမြို့တွင် Smart Home များ တည်ဆောက်လာ

**မန္တလေး ဧပြီ ၂၅**
ခေတ်မီတိုးတက်လာခြင်းနှင့်အတူ အဆောက်အအုံပိုင်းတွင်လည်း ပုံစံအမျိုးမျိုးဖြင့် တည်ဆောက်လာခဲ့ကြသည်။ မန္တလေးမြို့တွင်လည်း Smart Home တည်ဆောက်လာသည်ကို တွေ့မြင်နေရသည်။ အထူးသဖြင့် မိုးဒဏ်၊ လေဒဏ် မီးသင့်ဒဏ်၊ ငလျင်ဒဏ်ခံနိုင်ပြီး မြေနေရာများစွာနေရာမယူသည့် အမြင်ဆန်းသော Smart Home များကို စိတ်ဝင်စားမှုများလာသည်။ အမြင်ဆန်းသည့် Smart Home များကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ UD group မှာ တာဝန်ယူတည်ဆောက်ပေးလျက်ရှိသည်။



Smart Home နှင့်ပတ်သက်သည်များကို မေးမြန်းကြည့်ခဲ့ရာ " Smart Home ကိုတည်ဆောက်ရာမှာ အဆင့်သုံးဆင့်ခွဲခြားတည်ဆောက်ပေးပါတယ်။ အဆင့် A အနေဖြင့် အဆောက်အအုံချည်းတည်ဆောက်ပေးပြီး ငွေကျပ်သိန်း ၃၀ ကုန်ကျပါမယ်။ အဆင့် B မှာကတော့ အတွင်းပိုင်း အပူခံဖော့များနှင့် အဆောက်အအုံပါဝင်ပြီး ငွေကျပ် ၃၅ သိန်းကုန်ကျပါမယ်။ အဆင့် C မှာ အဆောက်အအုံ အပူခံဖော့ပြား၊ အိမ်သာ၊ ရေချိုးခန်းအခန်းဖွဲ့ပါဝင်ပြီး အပြီးအစီး ငွေကျပ်သိန်း ၄၀ ကုန်ကျပါမယ်။

အဆောက်အအုံအမျိုးအစားမှာ Fiberglass အမျိုးအစားဖြစ်ပြီး အမြင့် ၁၂ ပေရှိပါတယ်။ နွေမိုးဆောင်း သုံးရာသီစလုံးနဲ့ကိုက်ညီအောင် တည်ဆောက်ပေးထားပါတယ်။ အဆောက်အအုံက လုံးဝန်းတဲ့ပုံသဏ္ဌာန်တည်ဆောက်ထားတဲ့အတွက် လေဒဏ်ခံနိုင်ပါတယ်။ တစ်နာရီလေတိုက်နှုန်း ၂၀၀ ကျော်အထိ ခံနိုင်ရည်ရှိတဲ့အတွက် ကမ်းရိုးတန်းတွေမှာလည်း အလွယ်တကူတည်ဆောက်နိုင်ပါတယ်။ အလေးချိန်က ၅၅၀ ကီလိုဂရမ်ခန့်သာ ရှိတဲ့အတွက် အောက်ခံဖောင်ဒေးရှင်းအသင့်အတင့်ဖြင့် တည်ဆောက်နိုင်ပါတယ်။ အဆောက်အအုံကို နှစ် ၅၀ ကျော်အထိ အာမခံချက်ပေးထားပါတယ်။ ထူးခြားတာက မီးသင့်ဒဏ်ခံနိုင်ခြင်းပါ။ လက်ရှိကာလမှာတော့ ကော့သောင်း၊ ညောင်ရွှေ၊ တောင်ကြီး၊ မန္တလေးမြို့နှင့် အခြားဒေသတွေက မှာယူတည်ဆောက်နေပါတယ်။ Smart Home တွေကို မှာယူမည်ဆိုလျှင် မန္တလေးစက်မှုဇုန်(၁) ပြည်ကြီးတံခွန်မြို့နယ်ရှိ UD group တွင်ဆက်သွယ်မှာယူနိုင်ပါတယ်" ဟု တာဝန်ရှိဝန်ထမ်းတစ်ဦးက ရှင်းပြသည်။ **တိမ်တမန်**

## ကလေးစာပေပွဲတော်( တောင်ကြီး) အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**တောင်ကြီး ဧပြီ ၂၅**
ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် မေ ၂၇ မှ ၂၉ ရက်အထိ ကျင်းပရန်လျာထားသည့် ကလေးစာပေပွဲတော် ( တောင်ကြီး) အောင်မြင်စွာကျင်းပနိုင်ရေး အထောက်အကူပြုကော်မတီ ဆပ်ကော်မတီများဖွဲ့စည်းရေးလုပ်ငန်းများစနစ်တကျ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၄ ရက် နံနက် ၁၀ နာရီခွဲက ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးညွှန့်ရွှေက လုပ်ငန်းဆောင်ရွက်ရမည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး လွိုင်လင်ခရိုင်ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်နှင့် တောင်ကြီးခရိုင် ဒုတိယဦးစီးမှူး (ဦးစီးအရာရှိ-တာဝန်ပေး-မော်လိုက်ခရိုင်)ဦးနိုင်ဝင်းထွန်းတို့က ကလေးစာပေပွဲတော် (မော်လမြိုင်) အတွေ့အကြုံများအား ရှင်းလင်းတင်ပြဆွေးနွေးသည်။

ယင်းနောက် တွဲဖက်ပြည်နယ်(လားရှိုး) လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းက ကလေးစာပေပွဲတော် (လားရှိုး) အတွေ့အကြုံများ၊ ကြိုတင်စီမံဆောင်ရွက်ထားသင့်သည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ တွဲဖက်ပြည်နယ်(ကျိုင်းတုံ) လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်ကြည်က ကြိုတင်ဆောင်ရွက်ထားသင့်သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြပြီး ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးက ကလေးစာပေပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်ကဏ္ဍအလိုက် အထောက်အကူပြုကော်မတီများတွင် ပြည်နယ်အတွင်း အရာထမ်း အမှုထမ်းများဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ အတွေ့အကြုံရှိသူများ၊ တာဝန်ယူ တာဝန်ခံဆောင်ရွက်နိုင်မည့်သူများအား တာဝန်ပေးအပ်နိုင်ရေးရှင်းလင်းဆွေးနွေးပြီး တွဲဖက်ပြည်နယ်မှူး၊ ခရိုင်ဦးစီးမှူးများနှင့် မြို့နယ်ဦးစီးမှူးများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

အဆိုပါကြိုတင်ညှိနှိုင်းအစည်းအဝေးသို့ ရှမ်းပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး၊ တွဲဖက်ပြည်နယ်မှူး (လားရှိုး)၊ (ကျိုင်းတုံ) နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ခရိုင်ဦးစီးမှူးများနှင့် တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ်များမှ ဦးစီးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

## ရောင်းလိုအားနည်းပြီး ဝယ်လိုအားများ၍ ဖရဲ၊ သခွားဈေးနှုန်း ထက်ဝက်မကတက်

**မုံရွာ ဧပြီ ၂၅**
ဇန်နဝါရီလမှစတင်သော ပြည်ပဈေးကွက်ဝင် ဖရဲနှင့်သခွားမွေးစိုက်ရာသီသည် ဧပြီလတွင်ပြီးစီးရာ လက်ရှိတွင် ရောင်းလိုအားနည်းပြီး ဝယ်လိုအားများလာနေသောကြောင့် မတ်လအစောပိုင်းကဈေးနှုန်းသည် ထက်ဝက်မကတက်သွားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဖရဲနှင့် သခွားစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးလွင်ထံက သိရသည်။

"မတ်လအစောပိုင်းက အေးစက်ခဲ့တဲ့ဈေးနှုန်းဟာ မတ်လနောက်ပိုင်းကာလမှာ မထင်မှတ်ဘဲ ဈေးတွေထိုးတက်သွားလိုက်တာ ဖရဲ သခွားမွေးစိုက်တောင်သူတွေနောက်ဆုံးပိတ်အိတ်နဲ့လွယ်တဲ့အခြေအနေပါ။ သခွားမွေးက တရုတ်ငွေသုံးယွမ်လောက်ကနေ ၅ ယွမ်နဲ့ ၆ ယွမ်ခွဲအထိခုန်တက်သွားသလို ဖရဲက ၁ ယွမ်ခွဲ ၂ ယွမ်ကနေ ၃ ယွမ်ခွဲအထိတက်သွားပါတယ်။ ဈေးတက်ရတဲ့အကြောင်းက ဖရဲ၊ သခွားစိုက်ရာသီကုန်တော့ ပို့စရာကုန်နည်းလာတဲ့အတွက် ရောင်းလိုအားနည်းတာ ဝယ်လိုအားများပြီး ဈေးတက်တာဖြစ်ပါတယ်။ အခုအချိန်က သရက်ပေါ်ချိန်ဖြစ်တဲ့အတွက် ပြီးခဲ့တဲ့နှစ်က ဖရဲ သခွားဈေးကွက်ပျက်ခဲ့ပေမယ့် ဒီနှစ်မှာတော့ အဲဒီလိုမဟုတ်ဘဲ ဖရဲ သခွားဈေးကွက်က ကောင်းသထက်ကောင်းနေတာတွေ့ရပါတယ်" ဟု ဦးစိုးလွင်က လက်ရှိဖရဲသခွားဈေးကွက်ကို ပြောသည်။

ချောင်းဦးမြို့နယ် ဖရဲသခွားစိုက်တောင်သူများအနေဖြင့် တရုတ်နိုင်ငံနယ်စပ်ဈေးကွက်သို့တင်ပို့ရာတွင် သင်္ကြန်မတိုင်မီက တစ်ရက်လျှင် ၁၂ ဘီးနှင့် ၆ ဘီးဖရဲကားအစီး ၇၀၀ ကျော်နှင့် သခွားမွေးကားအစီး ၄၀၀ ခန့် တင်ပို့ခဲ့ရသလို ဈေးတက်နောက်ဆုံးအချိန် ဧပြီ ၂၄ ရက်တွင် ဖရဲကားအစီး ၃၀၀ ခန့်နှင့် သခွားမွေးကားအစီးရေ ၆၀ နှင့် ၇၀ ကြား တင်ပို့ရကြောင်း သိရသည်။ ဖရဲနှင့်သခွားတင်ပို့ရာတွင် ၁၂ ဘီးကားတွင် ၁၇ တန်ခန့်နှင့် ၆ ဘီးကားတွင် ၁၀ တန်ခန့်တင်ပို့ရာ သင်္ကြန်မတိုင်ခင်နှင့် သင်္ကြန်အပြီးကာလတွင် ဈေးနှုန်းအပြောင်းအလဲမရှိဘဲ တစ်တန်လျှင်ကျပ် ၈၀၀၀၀ ဖြင့် တင်ပို့လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းမှ ၂၀၁၅-၂၀၁၆ ဧပြီလမှ ၂၀၁၆-၂၀၁၇ မတ်လအထိ ဖရဲတန်ချိန်ပေါင်း ၆၀၀၀၀၀ ကျော်နှင့် သခွားမွေးတန်ချိန်ပေါင်း ၁၃၀၀၀၀ ကျော်တင်ပို့ကာ နိုင်ငံတော်ဘဏ္ဍာနှင့် ဒေသစိုက်တောင်သူများ၏ စီးပွားရေးကို ဖြည့်ဆည်းရာရောက်စေနိုင်သည်ဟု ဦးစိုးလွင်က ပြောသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# သီရိလင်္ကာနိုင်ငံ (သီဟိုဠ်) မြတ်စွယ်တော်ပွား၊ ဘုရားရဟန္တာအရှင်မြတ်တို့၏ ဓာတ်တော်မွေတော်များနှင့် ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်တို့အား ပူဇော်



**သံတွဲ ဧပြီ ၂၅**
ကမ္ဘာ့သာသနာပြု အလိုတော်ပြည့်ဆရာတော်ကြီး ကြီးမှူးပြုလုပ်သည့် သီရိလင်္ကာနိုင်ငံ (သီဟိုဠ်) မြတ်စွယ်တော်ပွား၊ ဘုရားရဟန္တာအရှင်မြတ်တို့၏ ဓာတ်တော်မွေတော်များနှင့် ရွှေဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်တို့အား ပူဇော်ပွဲအခမ်းအနားကို ဧပြီ ၂၄ ရက် နံနက် ၈ နာရီက ငပလီမြို့ ဂျိတ္တောရပ်ကွက် အလိုတော်ပြည့်တောရကျောင်း၌ ပြုလုပ်သည်။

သံတွဲမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တရေဝတ အမှူးပြုသည့် ဆရာတော် သံဃာတော်အရှင်သူမြတ်များက ဗုဒ္ဓမြတ်စွယ်တော်ပွားနှင့် ဘုရားရဟန္တာအရှင်မြတ်တို့၏ ဓာတ်တော်မွေတော်များနှင့် ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်တို့အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများက သီရိလင်္ကာနိုင်ငံ (သီဟိုဠ်) မြတ်စွယ်တော်ပွား၊ ဘုရားရဟန္တာအရှင်မြတ်တို့၏ ဓာတ်တော်မွေတော်များနှင့် ရွှေဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်တို့အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။

**သန့်ဇင်(မြန်/ဆက်)**

# ပြည်သူ့အစိုးရဖြစ်သည်နှင့်အညီ ပြည်သူလူထု၏ လိုလားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်



**ပဲခူး ဧပြီ ၂၅**
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ဧပြီ ၂၄ ရက် မွန်းလွဲ ၂ နာရီက ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲပြုလုပ်သည်။

ရှေးဦးစွာ ဝန်ကြီးချုပ်ဦးဝင်းသိန်းက မိမိတို့အစိုးရသည် ပြည်သူ့အစိုးရဖြစ်သည်နှင့်အညီ ပြည်သူလူထု၏ လိုလားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထားပြီးဖြစ်သည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေရကြောင်း၊ ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြန့်ကြာနေမှုများ၊ အခက်အခဲများလည်းရှိကြောင်း၊ ထို့ကြောင့် ပြည်သူလူထုအား ဗဟိုပြုပြီး ပြန်လည်ဖြေလျှော့ပေးရမည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ မူဝါဒများလည်းရှိကြောင်း၊ တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများကလည်း မိမိတို့ဌာနများအတွင်း ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် ဖြစ်ပေါ်နေသည့် အခက်အခဲများအား တင်ပြဆွေးနွေးပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် အစိုးရအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့်ကိစ္စများ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ အဖွဲ့(၄) အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန် ဒေါ်ခင်စန်းဦးက မိမိတို့အဖွဲ့သည် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဗဟိုအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအကြား လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းစွာနှင့် ထိရောက်မှုရှိစွာ အချိန်တိုအတွင်း ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၏ နေ့စဉ်လုပ်ငန်းဆောင်ရွက်ရာမှာ ဖြစ်ပေါ်နေသည့်အခက်အခဲများ၊ သဘောထားအမြင်များကို ပေါင်းစပ်ညှိနှိုင်းပေးရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဝန်ကြီးများနှင့် အတွင်းရေးမှူးတို့က ပြည်ထောင်စုဝန်ကြီးဌာနအဆင့်မှ တိုင်းဒေသကြီးအတွင်း လုပ်ငန်းစီမံကိန်းများ၊ ဘတ်ဂျက်ဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ အခွင့်အာဏာခွဲဝေရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးရမည့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ဌာနဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြခဲ့ရာ အဖွဲ့လေး၏ အဖွဲ့ဝင်များက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်းသည်။

တိုင်းဒေသကြီးအစိုးရအကြား ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းမှုရှိစေရေးအတွက် ယခုလာရောက်သည့် ပြည်ထောင်စုဝန်ကြီးဌာနများမှာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်ခင်စန်းဦးခေါင်းဆောင်သော ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများပါဝင်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# တန်ဖိုးသင့် ထမင်းနှင့် ဟင်းလျာများ၊ အသီးအရွက်နှင့် သားငါးများ ဆက်လက်ရောင်းချ

**ပြည် ဧပြီ ၂၅**
ဒေသခံပြည်သူလူထု၏ စားသောက်ရေးတွင် အထောက်အကူဖြစ်စေရန်နှင့် ကုန်ဈေးနှုန်းမြင့်တက်လာမှုအား တစ်ဖက်တစ်လမ်းမှလျှော့ချပေးနိုင်ရန်ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံများမှထွက်ရှိသော အသား၊ ငါးများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်ဥ၊ ဘဲဥများ၊ ကျန်းမာရေးနှင့်ညီညွတ်သော တန်ဖိုးသင့် ထမင်းနှင့် ဟင်းလျာများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ကွပ်ကဲမှုအောက်တပ်ရင်း/တပ်ဖွဲ့များက တပ်နယ်များ၌ ဒေသခံပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

တန်ဖိုးသင့်ထမင်းနှင့် ဟင်းလျာများ၊ အသီးအရွက်များနှင့် အသားငါးများအား ရောင်းချပေးလျက်ရှိရာ ဧပြီ ၂၄ ရက်တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ လားရှိုးမြို့ လားရှိုးကြီးဈေး၊ မန်တုံမြို့ ပြည်သူ့ဆေးရုံရှေ့၊ နမ္မတူမြို့ မြို့မဈေးနှင့် လောက်ကိုင်မြို့ အမှတ်(၂)ရပ်ကွက် ငြိမ်းချမ်းရေးကျောက်တိုင်အနီးတို့တွင်လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ကလောမြို့မဈေးနှင့် ဖယ်ခုံမြို့မဈေးတို့တွင်လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ခိုလမ်မြို့ဈေးအနီးတွင်လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ မော်လမြိုင်မြို့ အောင်မင်္ဂလာ အမှတ်(၂)ရပ်ကွက်၊ လမိုင်းမြို့ အမှတ်(၂)ရပ်ကွက် ဘူတာအနီး၊ မုဒုံမြို့ ကွေ့ဝှမ်းကျေးရွာနှင့် သထုံမြို့ အောက်ကျင်းရပ်ကွက် မြို့မဈေးအနီးတို့တွင်လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ရေဖြူ မြို့ဈေးရှေ့၊ မြိတ်မြို့ဆိပ်ကမ်း၊ ဘုတ်ပြင်းတပ်နယ်ဈေး၊ ခမောက်ကြီးမြို့နယ် အောင်ဘာရွာလှေဆိပ်နှင့် ခမောက်ကြီးမြို့စာသင်ကျောင်းရှေ့တို့တွင်လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ မင်္ဂလာဒုံမြို့နယ် လေးထောင့်ကန်စံပြကျေးရွာ အောင်သပြေအမှတ်(၁)လမ်း၊ အင်းစိန်မြို့နယ် အမှတ်(၃) သံမဏိစက်ရုံရှေ့၊ တာမွေမြို့နယ် တာမွေကြီးရပ်ကွက်၊ အင်းစိန်မြို့နယ် ထန်းပင်ကုန်းရပ်ကွက်၊ သန်လျင်မြို့နယ် ဘုရားကုန်းဈေးနှင့် အောင်ချမ်းသာကျေးရွာ၊ မှော်ဘီမြို့နယ် တပ်နယ်အခွန်လွတ်ဈေး၊ လှည်းကူးမြို့နယ်၊ လှည်းကူးမြို့မဈေးနှင့် ဇရပ်ကွင်းကျေးရွာရှိ သရက်ကုန်းဈေး၊ တိုက်ကြီးမြို့နယ် ဥက္ကံဈေးနှင့်ပြည်သူ့ဆေးရုံ၊ ဒလမြို့နယ် နာရီစင်ဈေးတို့တွင်လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ပုသိမ်မြို့ ကမ်းနားလမ်းရှိ ပုသိမ်ထီးစက်လှေဆိပ်၊ ဈေးချောင်းဗောတံတားဆိပ်၊ မြေနုလမ်းဗောတံတားဆိပ်နှင့် ကွင်းကောက်မြို့ ငွေသာစည်ဈေးရှေ့တို့တွင်လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ မုံရွာမြို့ရှိ တပ်မတော်ဆေးရုံရှေ့နှင့် မတူပီမြို့ဈေးအနီးတွင်လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ငဖဲမြို့နယ် ပဒါန်းကျေးရွာဈေးတွင်လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီး၊ သာဂရမြို့ သာဂရဈေးရှေ့၊ အုတ်တွင်းမြို့ ဗောဓိကုန်းလမ်းဆုံ၊ ကညွတ်ကွင်းမြို့ ကညွတ်ကွင်းဈေးရှေ့၊ ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးရှေ့၊ အင်းတကော်မြို့ တောင်သုံးလုံးလမ်းဆုံနှင့် ခမိတ်ဈေးရှေ့၊ ပြည်မြို့ပြည်သူ့ဆေးရုံကြီးရှေ့၊ ပေါက်ခေါင်းမြို့ ခုတင်ငါးဆင့်ကျေးရွာ၊ အင်းမမြို့ ကူကြီးကျေးရွာ၊ တိမ်ညွန့်ကျေးရွာနှင့် ထန်းပင်ကွင်းကျေးရွာ၊ ပန်းတောင်းမြို့ ကြာအင်းကျေးရွာတို့တွင်လည်းကောင်း ဒေသခံပြည်သူများအတွက် တန်ဖိုးသင့်ထမင်း၊ ဟင်းလျာများနှင့် သန့်ရှင်းလတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များ၊ အသားငါးများကို ဈေးနှုန်းချိုသာစွာဖြင့် ဒေသအသီးသီးတွင် ရောင်းချပေးခဲ့ကြောင်းသိရသည်။

**သူရိန်ထွန်း(ပဲခူး)**




# ကော့သောင်းမြို့တွင် ကမ်းရိုးတန်းတိုင်းစစ်ဌာနချုပ်မှ တန်ဖိုးသင့်ထမင်းနှင့် ဟင်းလျာများရောင်းချ

**ကော့သောင်း ဧပြီ ၂၅**
တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ကမ်းရိုးတန်းတိုင်းစစ်ဌာနချုပ် စစ်ဗျူဟာအဖွဲ့မှ တန်ဖိုးသင့်ထမင်းနှင့်ဟင်းလျာများအား ရွေ့လျားအရောင်းဆိုင်များအဖြစ် ဧပြီ ၂၃ ရက် နံနက်ပိုင်းက မြို့ဆင်ခြေဖုံးရပ်ကွက်များအတွင်း လှည့်လည်ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြို့နေပြည်သူများ သက်သာချောင်ချိရေးနှင့် ကုန်ဈေးနှုန်းကြီးမြင့်လာနေမှုအား ကာမိစေရန်ရည်ရွယ်၍ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကော့သောင်းတပ်နယ် စစ်ဗျူဟာအဖွဲ့အစီအစဉ်ဖြင့် တပ်နယ်စိုက်ပျိုးမွေးမြူရေးခြံထွက် ဟင်းသီးဟင်းရွက်များ၊ အသားငါး၊ ကြက်ဥ၊ ဘဲဥများအား အခြေခံ၍ လတ်ဆတ်သန့်ရှင်းကာ ကျန်းမာရေးနှင့်ညီညွတ်စွာချက်ပြုတ်ထားသည့် တန်ဖိုးသင့်ထမင်းနှင့် ဟင်းလျာများအား ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက်နှင့် ရွှေပြည်သာရပ်ကွက်တို့တွင် မော်တော်ယာဉ်များဖြင့် ရွေ့လျားစနစ်အဖြစ် လိုက်လံရောင်းချပေးခြင်းဖြစ်ရာ လာရောက်ဝယ်ယူကြသည့် ရပ်ကွက်ပြည်သူများ စည်ကားလျက်ရှိကြောင်း သိရသည်။

ရောင်းချသည့်ဟင်းလျာများအဖြစ် ထမင်းဖြူအပါအဝင် ကြက်သား၊ ဝက်သား၊ ငါး၊ ကြက်ဥ၊ ပဲကုလားဟင်းလျာများဖြစ်ပြီး ဧရတ်သီးကြော်အား မေတ္တာလက်ဆောင်အဖြစ် အပိုဆောင်းပေးရာ ချက်ပြုတ်ထားသည့် လက်ရာ အရသာကောင်းမွန်၍ ဈေးနှုန်းသင့်တင့်လှသဖြင့် ရပ်ကွက်ပြည်သူများ ကြိတ်ကြိတ်တိုးဝယ်ယူစားသုံးခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# တစ်ပတ်အတွင်းထူးခြားအားကစားသတင်း

ယခုတစ်ပတ်ထူးခြားအားကစားသတင်းတွေအဖြစ် ကစားသမားဘဝ (၂၂)ကြိမ်မြောက် အနီကတ်ပြခံရတဲ့ ရာမို့စ်၊ ဘာစီလိုနာအသင်းနဲ့အတူ ဂိုး(၅၀၀)မြောက် မက်ဆီသွင်းယူ၊ ဒေးဗစ်ဘက်ခမ်း PFA Merit Award ဆုဆွတ်ခူး၊ ဖလားလက်မဲ့ရာသီနဲ့ အဆုံးသတ်ရတော့မယ့် ဂွါဒီယိုလာ၊ စီးရီးအေဖလားခြောက်နှစ်ဆက်တိုက် ဆွတ်ခူးဖို့နီးစပ်လာတဲ့ ဂျူဗင်တပ် စတဲ့ဒီတစ်ပတ်ရဲ့ထူးခြားသတင်းတွေကို ထုတ်နုတ်တင်ဆက်ပေးလိုက်ပါတယ်။









နိုင်လင်းကြည်
စုစည်းရေးသားသည်

## ကစားသမားဘဝ(၂၂)ကြိမ်မြောက် အနီကတ်ပြခံရတဲ့ရာမို့စ်

ရီးယဲလ်မက်ဒရစ်အသင်းရဲ့ အသင်းခေါင်းဆောင်ဖြစ်သူ ဆာဂျီယိုရာမို့စ်ဟာ ဘာစီလိုနာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အယ်လ်ကလက်စီကိုပွဲစဉ်မှာ အနီကတ်ပြထုတ်ပယ်ခြင်းခံခဲ့ရပြီး အဲဒီအနီကတ်ဟာ နောက်တန်းကစားသမား ရာမို့စ်အတွက် ကစားသမားဘဝဖြတ်သန်းခဲ့ရာမှာ (၂၂)ကြိမ်မြောက် အနီကတ်ပြသခံခဲ့ရတာဖြစ်ပါတယ်။ နောက်တန်းကစားသမား ဆာဂျီယိုရာမို့စ်ဟာ ဘာစီလိုနာတိုက်စစ်မှူး လီယွန်နယ်မက်ဆီကို ကြမ်းတမ်းစွာကစားခဲ့တာကြောင့် အနီကတ်ပြထုတ်ပယ်ခံခဲ့ရတာဖြစ်ပြီး ပွဲအပြီးမှာ ဘာစီလိုနာအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်ပတ်က ဘာစီလိုနာတိုက်စစ်မှူး နေမာ အနီကတ်ပြစ်ဒဏ်ကြောင့် သုံးပွဲပယ်ခံခဲ့ရပေမယ့် ရီးယဲလ်မက်ဒရစ် အသင်းခေါင်းဆောင် ရာမို့စ်ကတော့ သူ့ရဲ့အချေအတင်ပြောခဲ့မှုတွေဟာ ကွင်းလယ်ဒိုင်ကို မရည်ရွယ်ဘဲ ဘာစီလိုနာ နောက်ခံလူ ပီကေးကိုသာ ရည်ရွယ်ပြောကြားခဲ့တာကြောင့် သုံးပွဲပယ်ပြစ်ဒဏ်ကနေ လွတ်မြောက်ဖို့ရှိနေခဲ့ပါတယ်။

## ဘာစီလိုနာအသင်းနဲ့အတူ ဂိုး(၅၀၀)မြောက်မက်ဆီသွင်းယူ

ဘာစီလိုနာအသင်းရဲ့ အားထားရတဲ့ တိုက်စစ်မှူး မက်ဆီဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အယ်လ်ကလက်စီကိုပွဲစဉ်မှာ သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ဘာစီလိုနာအသင်းနဲ့အတူ ဂိုး (၅၀၀) ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ လီယွန်နယ်မက်ဆီဟာ ပွဲကစားချိန် ၃၃ မိနစ်မှာ တစ်ဂိုးသွင်းယူပေးခဲ့သလို ရီးယဲလ်မက်ဒရစ်အသင်းက ရာမို့စ် အနီကတ်ပြထုတ်ပယ်ခံခဲ့ရတာကြောင့် တစ်ယောက်လျော့အနေအထားဖြစ်နေချိန် နာကျင်အချိန်ပိုမှာ ဘာစီလိုနာအတွက် အနိုင်ဂိုးကို ထပ်မံသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ဘာစီလိုနာအသင်းဟာ ရမှတ်သုံးမှတ်အပြည့်ရယူနိုင်ခဲ့တာကြောင့် ရီးယဲလ်မက်ဒရစ်အသင်းထက်တစ်ပွဲပိုကစားထားပြီး ရမှတ်တူအနေအထားနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။

## ဒေးဗစ်ဘက်ခမ်း PFA Merit Award ဆုဆွတ်ခူး

မန်ယူအသင်းနဲ့ အင်္ဂလန်အသင်းတို့ရဲ့ ဂန္ထဝင်ကစားသမားတစ်ဦးဖြစ်ခဲ့တဲ့ ဒေးဗစ်ဘက်ခမ်းဟာ မန်ယူအသင်းနဲ့ အင်္ဂလန်အသင်းတို့အောင်မြင်မှုရရှိရေး အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့(ပီအက်ဖ်အေ)ကပေးတဲ့ PFA Merit Award ဆုကို ဆွတ်ခူးနိုင်ခဲ့ပါပြီ။ ဘက်ခမ်းဟာ ၂၀၀၂ ခုနှစ် ၂၀၀၆ ခုနှစ်တို့မှာ အင်္ဂလန်အသင်းကမ္ဘာ့ဖလားနောက်ဆုံးဗိုလ်လုပွဲတက်လှမ်းနိုင်ခဲ့ချိန်မှာ အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့တာဖြစ်ပြီး အင်္ဂလန်အသင်းနဲ့အတူ ပွဲပေါင်း ၁၁၅ ပွဲပါဝင်ကစားပေးခဲ့ပါတယ်။ မန်ယူအသင်း၊ ရီးယဲလ်မက်ဒရစ်အသင်း၊ ပီအက်စ်ဂျီအသင်းနဲ့ အယ်လ်အေဂလက်ဆီအသင်းတို့မှာလည်း ပါဝင်ကစားပေးခဲ့ပြီး ဘက်ခမ်း ကစားခဲ့တဲ့ ကလပ်အသင်းအားလုံးနဲ့အတူ ဆုဖလား ၁၉ ကြိမ်အထိ ရယူနိုင်ပါတယ်။

## ဖလားလက်မဲ့ရာသီနဲ့ အဆုံးသတ်ရတော့မယ့်ဂွါဒီယိုလာ

စပိန်လာလီဂါပြိုင်ပွဲနဲ့ ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတို့မှာ အောင်မြင်မှုသရဖူဆောင်းနိုင်ခဲ့တဲ့ ဝါရင့်နည်းပြတစ်ဦး ဖြစ်တဲ့ ဂွါဒီယိုလာဟာ ဘောလုံးရာသီကုန်ဆုံးသွားချိန်မှာ ဖလားလက်မဲ့ရာသီနဲ့ အဆုံးသတ်ရတော့မှာပါ။ နည်းပြ ဂွါဒီယိုလာဟာ ဘာစီလိုနာအသင်းနဲ့အတူ လာလီဂါဖလားသုံးကြိမ်၊ စပိန်ကိုပါဒယ်ရေးဖလားနှစ်ကြိမ်၊ ချန်ပီယံလိဂ်ဖလားနှစ်ကြိမ်၊ ယူအီးအက်ဖ်အေစူပါဖလားနှစ်ကြိမ်စသဖြင့် အောင်မြင်မှုရခဲ့သလို ဘိုင်ယန်မြူးနစ်အသင်းနဲ့လည်း ဘွန်ဒက်လီဂါဖလားသုံးကြိမ်၊ ဂျာမန်ပိုကယ်ဖလားနှစ်ကြိမ်၊ ယူအီးအက်ဖ်အေစူပါဖလားတစ်ကြိမ် စသဖြင့်ရယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဂွါဒီယိုလာဟာ ဘိုင်ယန်မြူးနစ်ကနေ မန်စီးတီးကိုပြောင်းလာချိန်မှာတော့ ပရီမီယာလိဂ်ဖလား မရယူနိုင်ခဲ့တဲ့အပြင် အဆင့်(၄)နေရာနဲ့ ရာသီကုန်ဆုံးဖို့ပင် ကြိုးစားရဦးမှာပါ။ ဒါ့ပြင် သူ့ရဲ့နည်းပြသမိုင်းမှာ တစ်ခါမှ မရှိခဲ့ဘူးတဲ့ စံချိန်တစ်ရပ်ကတော့ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့ရတာကြောင့် အက်ဖ်အေဖလားရရှိနိုင်မယ့် မျှော်လင့်ချက်ပါ ပျောက်ဆုံးခဲ့ရပြီး ဖလားလက်မဲ့ရာသီနဲ့ အဆုံးသတ်ရတော့မှာပါ။

## စီးရီးအေဖလားခြောက်နှစ်ဆက်တိုက် ဆွတ်ခူးဖို့နီးစပ်လာတဲ့ဂျူဗင်တပ်

လက်ရှိ အီတလီစီးရီးအေချန်ပီယံ ဂျူဗင်တပ်အသင်းဟာ ဂျီနိုအာအသင်းကို တူရင်မြို့မှာ လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် စီးရီးအေဆုဖလားကို ခြောက်နှစ်ဆက်တိုက် ဆွတ်ခူးနိုင်မယ့် အခွင့်အရေးတစ်ရပ်နဲ့ နီးစပ်နေခဲ့ပါပြီ။ ဂျူဗင်တပ်အသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဘာစီလိုနာအသင်းကို အနိုင်ရရှိကာ ဆီမီးဖိုင်နယ် တက်လှမ်းနိုင်ခဲ့တာကြောင့် ချန်ပီယံလိဂ်ဆုဖလားရယူနိုင်မယ့် အသင်းအဖြစ် ရေပန်းစားနေတဲ့အသင်းဖြစ်တဲ့အပြင် လက်ရှိ စီးရီးအေပြိုင်ပွဲမှာလည်း အမှတ်ပေးဇယားရဲ့ ဒုတိယနေရာမှာ ရပ်တည်နေတဲ့ ရိုးမားအသင်းကို ၁၁ မှတ်အထိ ဖြတ်ထားနိုင်ခဲ့တာကြောင့် စီးရီးအေဆုဖလားကို ရယူရန် နီးစပ်မှုရှိနေပါတယ်။ အခုတစ်ကြိမ်စီးရီးအေဆုဖလားကို ရယူနိုင်ခဲ့မယ်ဆိုရင်တော့ ဂျူဗင်တပ်အသင်းဟာ စီးရီးအေဆုဖလားကို ခြောက်နှစ်ဆက်တိုက်ဆွတ်ခူးနိုင်တဲ့အသင်းအဖြစ် မှတ်တမ်းဝင်သွားမှာလည်းဖြစ်ပါတယ်။

# တစ်ပတ်အတွင်း အကောင်းဆုံးသော တေးသံရှင် ဟယ်ရီစတိုင်



အွန်လိုင်းမီဒီယာတစ်ခုဖြစ်တဲ့ အေ့စ်ရှီးဘစ်ဇ်ဒေါ့ကွန်းက ပြီးခဲ့တဲ့သီတင်းပတ်အတွက် တေးဂီတပညာရှင်ကို ရွေးချယ်ခဲ့ရာမှာတော့ ယခုလအစပိုင်းမှာ သူ့ရဲ့ပထမဆုံးသော တစ်ကိုယ်တော်တေးသီချင်းသစ်ကို စတင်ထုတ်လွှင့်ခဲ့ကာ ဂီတခရီးကို တစ်ဦးတည်းစတင်လျှောက်လှမ်းခဲ့တဲ့ "One Direction"တေးဂီတအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟယ်ရီစတိုင်ကို ရွေးချယ်ဖော်ပြခဲ့ပါတယ်။

ဟယ်ရီစတိုင်ဟာ ပြီးခဲ့တဲ့ ဧပြီ ၇ ရက်က သူ့ရဲ့ ပထမဆုံးသောတစ်ကိုယ်တော်တေးသီချင်း "Sign of the Times"ကို စတင်ထုတ်လွှင့်ခဲ့ပြီး ထုတ်လွှင့်ပြီးပြီးချင်းမှာပဲ တေးသီချင်းနဲ့ပတ်သက်ပြီး သူ့ရဲ့ပရိသတ်တွေက ချီးကျူးစကားတွေပြောကြားကြကာ တေးဂီတဝက်ဘ်ဆိုက်ဒ်တွေမှာလည်း ကူးယူမှုအများဆုံးခံခဲ့ရတဲ့ တေးသီချင်းအဖြစ် ထိပ်ဆုံးက ရပ်တည်နိုင်ခဲ့ပါတယ်။ ဒီလိုပထမဆုံးသော တစ်ကိုယ်တော်တေးသီချင်းမှာပဲ အောင်မြင်မှုတွေကြီးစွာ ရရှိခဲ့တဲ့ ဟယ်ရီစတိုင်ကို ပြီးခဲ့တဲ့ သီတင်းပတ်အတွက် တေးဂီတပညာရှင်အဖြစ် ရွေးချယ်ဖော်ပြခဲ့တာဖြစ်ပါတယ်။

လတ်တလောမှာ အသက် (၂၃)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဗြိတိန်ရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ "One Direction"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟယ်ရီစတိုင်ဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း တေးဂီတအဖွဲ့ရဲ့ အဖွဲ့လိုက် လှုပ်ရှားမှုတွေကို ခေတ္တရပ်နားထားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးတဲ့နောက် တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ဂီတခရီးဆက်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် သူ့ရဲ့ပထမဆုံးသော တစ်ကိုယ်တော် တေးအယ်လ်ဘမ်အတွက် ပြင်ဆင်မှုတွေပြုလုပ်ခဲ့ပြီး ယင်းတေးအယ်လ်ဘမ်မှာပါဝင်မယ့် တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Sign of the Times"ကို ပထမဆုံး ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ တေးသီချင်းမထုတ်လွှင့်မီက တစ်ကိုယ်တော် တေးသံရှင်တစ်ဦးအဖြစ် ဂီတခရီးလမ်းကို စတင်လျှောက်လှမ်းဖို့အတွက် စိုးရိမ်စိတ်တွေရှိနေခဲ့ပေမယ့် တေးသီချင်း ထုတ်လွှင့်ပြီးနောက်ပိုင်းမှာတော့ ချီးမွမ်းသံတွေနဲ့ အောင်မြင်မှုတွေရရှိခဲ့တဲ့အတွက် တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်ဖို့အတွက် အားအင်တွေဖြစ်စေခဲ့တာဖြစ်ပါတယ်။

ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ "Sign of the Times"တေးသီချင်းဟာ ဟယ်ရီစတိုင်ကိုယ်တိုင် ရေးသားစပ်ဆိုထားတဲ့ တေးသီချင်းတစ်ပုဒ်လည်းဖြစ်တာကြောင့် ပရိသတ်တွေ အနေနဲ့ ဟယ်ရီရဲ့ ဂီတအရည်အသွေး နောက်ထပ်တစ်မျိုးကိုလည်း တွေ့ရှိခွင့်ရခဲ့ပြီဖြစ်ပါတယ်။ ဟယ်ရီစတိုင်ရဲ့ ပထမဆုံးသော တစ်ကိုယ်တော်တေးသီချင်းဟာ ပေ့ါပ်-ရော့ခ်တေးသီချင်းအမျိုးအစားဖြစ်ပြီး ၁၉၇၀ ပြည့်နှစ်တွေအတွင်း အောင်မြင်ကာ ရေပန်းစားခဲ့တဲ့ ဗြိတိန်တေးသီချင်းတွေရဲ့ လွှမ်းမိုးမှုတွေရှိနေတာကိုလည်း ခံစားခဲ့ရပါတယ်။ "Sign of the Times"ဟာ ခြောက်မိနစ်ခန့်ကြာမြင့်တဲ့ စတူရီယိုတေးသီချင်းတစ်ပုဒ်ဖြစ်ပြီး တေးသံရှင် ဒေးဗစ်ဘိုဝီနဲ့ ပရင့်စ်တို့ရဲ့ တေးသီချင်းတွေနဲ့ အနည်းငယ်တူနေတာကို တွေ့ရကြောင်းလည်း သိရပါတယ်။ ဟယ်ရီကိုယ်တိုင်က ဒေးဗစ်ဘိုဝီနဲ့ ပရင့်စ်တို့ရဲ့ ပင်တိုင်ပရိသတ်တစ်ဦးဖြစ်တာကြောင့် သူ့ရဲ့ပထမဆုံးသော တစ်ကိုယ်တော်တေးသီချင်းဟာ ယခင်ကထွက်ရှိခဲ့တဲ့ "One Direction"ရဲ့ တေးသီချင်းတွေနဲ့မတူဘဲ သူနှစ်သက်အားကျရတဲ့ တေးသံရှင်တွေရဲ့ တေးသီချင်းပုံစံနဲ့ နီးစပ်နေတာဖြစ်ပါတယ်။

တေးသီချင်းကို စပ်ဆိုဖြစ်ခဲ့တဲ့ ခံစားချက်နဲ့ပတ်သက်ပြီးလည်း ဟယ်ရီစတိုင်က ယင်းတေးသီချင်းဟာ ရင်သွေးလေးကို မွေးဖွားပေးရင်းက သေလုမျောပါးခံစားနေရတဲ့ မိခင်တစ်ဦးရဲ့နေရာက ခံစားကာ ရေးဖွဲ့ထားတာဖြစ်ကြောင်းလည်း ရိုးလင်းစတုန်းမဂ္ဂဇင်းကြီးနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ ထုတ်ဖော်ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။ အဆိုပါအင်တာဗျူးမှာ ဟယ်ရီစတိုင်က "ဒီတေးသီချင်းဟာ ကလေးတစ်ဦးကို မွေးဖွားပေးနေတဲ့ မိခင်တစ်ဦးရဲ့ အမြင်ရှုထောင့်ကနေ ခံစားရေးဖွဲ့ထားတာဖြစ်ပြီး ဒီလိုမီးဖွားနေချိန်မှာပဲ ရှုပ်ထွေးမှုတွေဟာလည်း ရှိနေခဲ့တာဖြစ်ပါတယ်"လို့ ပြောကြားခဲ့ပါတယ်။ ဆက်လက်ပြီး ဟယ်ရီက "မိခင်က ပြောတယ်။ ကလေးကတော့ အဆင်ပြေပါတယ်။ ဒါပေမယ့်လည်း မင်းဒါကို လုပ်နိုင်မှာ မဟုတ်တော့ပါဘူး။ မိခင်က သူ့ရဲ့ကလေးကို ဘဝကို ရင်ဆိုင်တိုက်ခိုက်ပြီး အနိုင်ယူပါလို့ ပြောဖို့အချိန်တောင် ငါးမိနစ်လောက်ပဲ သူ့မှာ ကျန်နေတော့တာဖြစ်ပါတယ်"လို့လည်း တေးသီချင်းရေးဖွဲ့ခဲ့စဉ်က သူ့ရဲ့ ခံစားချက်တွေနဲ့ပတ်သက်ပြီးလည်း ရှင်းပြခဲ့ပါတယ်။

"Sign of the Times"ကို ထုတ်လွှင့်ပြီးနောက် ကမ္ဘာတစ်ဝန်းက ပရိသတ်များစွာက ယင်းတေးသီချင်းအတွက် ပြန်ဆိုတေးတွေကိုလည်း အွန်လိုင်းမီဒီယာတွေပေါ်ကနေတစ်ဆင့် သီဆိုဖော်ပြခဲ့ကြပြီး တေးဂီတနဲ့ပတ်သက်တဲ့ပညာရှင်များစွာကလည်း ဝေဖန်မှုတွေ ပြုခဲ့ကြပါတယ်။ ယင်းတေးသီချင်းထုတ်လွှင့်ပြီး မကြာမီမှာလည်း ဗြိတိန်ရဲ့ တေးဂီတဇယားမှာ ယခင်က သီတင်းပတ် ၁၃ ပတ်ခန့် နံပါတ်တစ်နေရာကို ရယူထားခဲ့တဲ့ အက်ဒ်ရှီရန်ရဲ့ တေး သီချင်း "Shape of You"ကို ဖြုတ်ချကာ နံပါတ်တစ်နေရာကို ရယူထားနိုင်ခဲ့ပါတယ်။ အမေရိကန်နိုင်ငံရဲ့ တေးဂီတလောကမှာတော့ "Sign of the Times" တေးသီချင်းဟာ နာမည်ကျော်တေးဂီတဝက်ဘ်ဆိုက်ဒ်တစ်ခုဖြစ်တဲ့ ဘေဘုတ်ပေါ်က အကျော်ကြားဆုံးသော တေးသီချင်း ၁၀၀ စာရင်းမှာ နံပါတ်လေးနေရာမှာ ရပ်တည်နေနိုင်ခဲ့ကြောင်းလည်း သိရပါတယ်။

လာမယ့်လအတွင်းမှာ ဟယ်ရီစတိုင်ရဲ့ ပထမဆုံးသောတစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို စတင်ထုတ်လွှင့်သွားမှာဖြစ်ပြီး မကြာသေးမီက ဟယ်ရီက သူ့ရဲ့ပထမဆုံးသောတစ်ကိုယ်တော်တေးအယ်လ်ဘမ်မှာ ပါဝင်မယ့် တေးသီချင်းတွေရဲ့အမည်တွေကိုလည်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ တေးအယ်လ်ဘမ်သစ်မှာတော့ တေးသီချင်းစုစုပေါင်း ၁၀ ပုဒ်ပါဝင်နေတာဖြစ်ပြီး ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ "Sign of the Times"တေးသီချင်းအပြင် ပါဝင်နေကြတဲ့ အခြားသောတေးသီချင်းတွေကတော့ တွေကတော့ "Meet Me in the Hallway"၊ "Carolina"၊ "Two Ghosts"၊ "Sweet Creature"၊ "Only Angel"၊ "Kiwi"၊ "Ever Since New York"၊ "Woman"နဲ့ "From the Dining Table" တို့ဖြစ်ကြကြောင်း သိရပါတယ်။ ဟယ်ရီက သူ့ရဲ့ပထမဆုံးသောတစ်ကိုယ်တော် တေးသီချင်းအတွက် ရုပ်သံဖျော်ဖြေမှုကိုလည်း ပြီးခဲ့တဲ့ ဧပြီ ၁၅ ရက်က ပြုလုပ်ခဲ့တာဖြစ်ပြီး "Saturday Night Live"ရုပ်သံအစီအစဉ်မှ တိုက်ရိုက်ထုတ်လွှင့်ခဲ့ရာမှာတော့ ဟယ်ရီစတိုင်က "Sign of the Times"တေးသီချင်းအပြင် တေးအယ်လ်ဘမ်မှာပါဝင်တဲ့ အခြားသောတေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့ "Ever Since New York"နဲ့ပါ ဖျော်ဖြေခဲ့ကြောင်းလည်း သိရပါတယ်။

ဟယ်ရီစတိုင်ရဲ့ ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်တစ်ခုလုံးကိုတော့ လာမယ့် မေ ၁၂ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# လီဆန်းကွန်းနဲ့ နမ်ဂျူဟွတ်ခ်တို့ ချစ်သူတွေဖြစ်နေကြောင်း အေဂျင်စီက အတည်ပြု



လတ်တလောမှာ တောင်ကိုရီးယားမီဒီယာတွေအကြား ရေပန်းအစားဆုံးသော ဇာတ်လမ်းတစ်ပုဒ်ကတော့ ကြယ်ပွင့်စုံတွဲဖြစ်ကြတဲ့ လီဆန်းကွန်းနဲ့ နမ်ဂျူဟွတ်ခ်တို့ရဲ့ အချစ်ဇာတ်လမ်းပဲဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ရုပ်သံဇာတ်လမ်းထဲမှာသာမက အပြင်မှာလည်း ချစ်သူတွေဖြစ်နေကြောင်း သူတို့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်က လတ်တလောမှာတော့ အတည်ပြုပြောကြားခဲ့တယ်လို့ ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မင်းသမီးတစ်ဦးဖြစ်တဲ့ လီဆန်းကွန်းနဲ့ သရုပ်ဆောင်မင်းသားတစ်ဦးဖြစ်တဲ့ နမ်ဂျူဟွတ်ခ်တို့ဟာ မကြာသေးမီက ထုတ်လွှင့်ပြီးစီးသွားခဲ့တဲ့ ရုပ်သံဇာတ်လမ်းတွဲ "Weightlifting Fairy Kim Bok Joo Couple"မှာ ခေါင်းဆောင်မင်းသား၊ မင်းသမီးတွေအဖြစ် ပါဝင်ခဲ့ကြတာဖြစ်ပြီး လတ်တလောမှာတော့ တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲအဖြစ် သူတို့နှစ်ဦးအကြားက ဆက်ဆံရေးကို တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

လီဆန်းကွန်းနဲ့ နမ်ဂျူဟွတ်ခ်တို့ချစ်သူတွေဖြစ်နေကြကြောင်း သတင်းတွေဟာ ပြီးခဲ့တဲ့သီတင်းပတ်တွေကတည်းက မီဒီယာတွေအကြား ပျံ့နှံ့နေခဲ့တာဖြစ်ပြီး မကြာသေးမီက လီဆန်းကွန်းက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖျော်ဖြေပွဲတစ်ခုမှာ ရောက်ရှိနေတဲ့ သူ့ရဲ့ဓာတ်ပုံကို ဖော်ပြခဲ့ရာမှာတော့ နမ်ဂျူဟွတ်ခ်လို့ ယူဆရတဲ့ပုံရိပ်တစ်ခုလည်း ပါဝင်နေတာကြောင့် ကောလာဟလတွေ ပိုမိုကြီးထွားလာခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် ပြီးခဲ့တဲ့ ဧပြီ ၂၄ ရက်မှာတော့ သူတို့နှစ်ဦးရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်မှတစ်ဆင့် လီဆန်းကွန်းနဲ့ နမ်ဂျူဟွတ်ခ်တို့က သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။

အခြားသောတောင်ကိုရီးယားမီဒီယာတစ်ခုဖြစ်တဲ့ ဟန်စင်းနီးမားဒေါ့ကွန်းရဲ့ဖော်ပြချက်အရ လီဆန်းကွန်းနဲ့ နမ်ဂျူဟွတ်ခ်တို့ဟာ ကျော်ကြားတဲ့ သရုပ်ဆောင်တွေမဖြစ်မီ မော်ဒယ်လ်တွေအဖြစ် အနုပညာလှုပ်ရှားမှုတွေ စတင်ခဲ့စဉ်ကတည်းက ရင်းနှီးခဲ့ကြသူတွေဖြစ်ကြပြီး နောက်ပိုင်းမှာ " Weightlifting Fairy Kim Bok Joo Couple"ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်မှာ ပါဝင်ခဲ့ပြီး နောက်မှာမှ ချစ်သူတွေဖြစ်ခဲ့ကြတာဖြစ်တယ်လို့လည်း သိရပါတယ်။



# ချစ်သူသစ်ရသွားပြီဖြစ်တဲ့ အမ်ဘာဟာ့ဒ်

ယခုနှစ်နှစ်စပိုင်းမှာ "Pirates of the Caribbean"ရုပ်ရှင်ရဲ့ ပင်တိုင်ဇာတ်ဆောင်မင်းသားကြီး ဂျွန်နီဒပ်နဲ့ တရားဝင်ကွာရှင်းခဲ့ပြီးဖြစ်တဲ့ မင်းသမီး အမ်ဘာဟာ့ဒ်ဟာ လတ်လောမှာတော့ ချစ်သူသစ်နဲ့အတူ ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကို သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကို သယ်ဆောင်လာခဲ့ကာ ချစ်သူသစ်ရသွားပြီဖြစ်ကြောင်း အတည်ပြုဖော်ပြလိုက်ပြီဖြစ်တယ်လို့ အေ့စ်ရှီးဘစ်ဇ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၂၃ ရက်မှာတော့ အမ်ဘာဟာ့ဒ်က သူနဲ့ ချစ်သူသစ် အယ်လန်မက်စ်ခ်တို့ အတူညစာစားနေစဉ်ရိုက်ကူးထားတဲ့ဓာတ်ပုံကို လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။ ယင်းဓာတ်ပုံနဲ့ အလားတူ ဓာတ်ပုံကိုလည်း အယ်လန်မက်စ်ခ်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

သူတို့ချစ်သူနှစ်ဦးဟာ ပြီးခဲ့တဲ့သီတင်းပတ်အတွင်းကလည်း ဩစတြေးလျနိုင်ငံမှာ အတူရှိနေခဲ့ကြပြီး ပြီးခဲ့တဲ့ ဧပြီ ၂၃ ရက်က နှစ်ဦးသားအတူတကွ အလည်အပတ်ထွက်ခဲ့ကြတဲ့ ဓာတ်ပုံတွေဟာလည်း အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့နေခဲ့ပါတယ်။

အမ်ဘာဟာ့ဒ်ဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်း ခင်ပွန်းဟောင်းဖြစ်သူ ဂျွန်နီဒပ်နဲ့ တရားဝင်ကွာရှင်းဖို့ စတင်လုပ်ဆောင်စဉ်ကပင် အယ်လန်မက်စ်ခ်နဲ့ ချစ်သူတွေဖြစ်နေကြောင်း ကောလာဟလတွေပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် လတ်တလောအချိန်မှသာ သူတို့နှစ်ဦးချစ်သူတွေဖြစ်နေကြောင်း တရားဝင်ဖော်ပြလာခဲ့တာ ဖြစ်ပါတယ်။

အေးပြည့် - စုစည်းသည်

# ကရင်ပြည်နယ်အတွင်းလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက် အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းညှိနှိုင်း

**ဘားအံ မေ ၂၅**
ကရင်ပြည်နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးကဏ္ဍ၌ စိုက်ပျိုးသီးနှံများ အရည်အသွေးမြင့်မားပြီး ပြင်တွင်းပြည်ပဈေးကွက်သို့ တွင်ကျယ်စွာရောက်ရှိနိုင်ရေးသည် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍတစ်ရပ်ဖြစ်ရာ ပြည်နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂၄ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားရာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍသည် အဓိကအရေးပါကြောင်း၊ မြေလွတ်မကျန်စိုက်ပျိုးစေလိုကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ အတူတကွ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းနှင့် မျိုးစေ့ထုတ်လုပ်သူများအသင်းအဖွဲ့များ ဖွဲ့စည်းထားခြင်းကိုလည်း အားပေးကြောင်း၊ ရော်ဘာပင်တန်းကြား၌ ကော်ဖီပင်ကို ညှပ်စိုက်စေခြင်းဖြင့် နှစ်သီးစား အကျိုးရှိစေနိုင်ကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အကျိုးရှိစေသော ပြောင်းစက်ရုံကို တည်ထောင်ချင်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များမှလည်း တောင်သူများ လိုအပ်သောနည်းပညာများကို အပြည့်အဝ ကူညီကြစေချင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက စိုက်ပျိုးရေးကဏ္ဍ၏ ၂၀၁၇-၂၀၁၈ ခုနှစ်၌ ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များဖြစ်သည့် တောင်သူများ မျိုးကောင်းမျိုးသန့်ပြောင်းလဲစိုက်ပျိုးနိုင်စေရန် မျိုးစေ့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာများအဖြစ် ထူထောင်မည်ဖြစ်ကြောင်း တင်ပြဆွေးနွေးသည်။

ထို့နောက် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ကျေးရွာစိုက်ပျိုးရေးအဖွဲ့မှ ဒေသ၏ မျိုးစေ့လိုအပ်ချက်များ တင်ပြမှုအပေါ် ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ်ဦးစီးမှူးတို့က ဆွေးနွေးဖြေကြားပေးခဲ့ကြောင်းနှင့် အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံရော်ဘာအသင်း အမှုဆောင်များ၊ ပြည်နယ် မျိုးစေ့ထုတ်လုပ်သူများအသင်းအဖွဲ့၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ စိုက်ပျိုးရေး ဦးစီးမှူးများ၊ စိုက်ပျိုးရေးခြံတာဝန်ခံများနှင့် ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး၊ ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသော အစားအစာများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး၊ စိုက်ပျိုးရေးဆိုင်ရာ ဥပဒေများနှင့်အညီ လယ်ယာကဏ္ဍအား ကူညီဆောင်ရွက်ပေးနိုင်ရေးတို့ကို အဓိကထား ဆွေးနွေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# မန္တလေးကျုံးပတ်လည် နိုင်ငံတကာအဆင့်မီ လမ်းမီးတိုင်များတပ်ဆင်

**မန္တလေး မေ ၂၅**
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်း၍ ကျုံးပတ်လည်သာယာလှပစေရေးနှင့် လုံခြုံရေး၊ ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် မန္တလေးမြို့ကျုံးပတ်လည် လမ်းလယ်ကျွန်းများအတွက် နိုင်ငံတကာအဆင့်မီ လမ်းမီးတိုင်များအား ဧပြီလဆန်းပိုင်းမှ စတင်တပ်ဆင်ပြီ မြေအောက်လိုင်းကြိုးများ တပ်ဆင်ကာ ဧပြီတတိယပတ်မှစတင်ပြီး မီးများလင်းလျက်ရှိသည်။



ပထမအဆင့်အနေဖြင့် အောင်မြေသာစံမြို့နယ် ၆၆ လမ်း၊ ၁၂ လမ်းနှင့် ၂၆ လမ်းကြားတွင် ပေ ၁၀၀ အကွာ တစ်တိုင်နှုန်းဖြင့် ကွန်ကရစ်ခုံပေါ်တွင် ကိုးမီတာအမြင့်ရှိ လမ်းမီးတိုင်များအား မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ လျှပ်စစ်အင်ဂျင်နီယာများက အနီးကပ်ကြီးကြပ်ပြီး စင်ကာပူနိုင်ငံအခြေစိုက် Krislite လျှပ်စစ်ပစ္စည်းကုမ္ပဏီမှ ဝန်ထမ်းများ၊ လုပ်သားများဖြင့် သင်္ကြန်ပွဲတော်အမီ မီးလင်းရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လမ်းမီးတိုင်တစ်တိုင်တွင် ၁၁၅ ဝပ်ရှိ LED မီးလုံးနှစ်လုံးပါရှိသည်။ ၆၆ လမ်း၊ ၁၂ လမ်းနှင့် ၂၆ လမ်းကျုံး အရှေ့ဘက်ခြမ်းတွင် အလူမီနီယံ သတ္တုစပ်အမျိုးအစား မီးတိုင် ၇၅ တိုင်ရှိပြီး LED ၁၁၅ ဝပ်မီးလုံး ၁၅၀ တပ်ဆင်သွားမည်ဖြစ်သည်။ တပ်ဆင်နေသော LED မီးလုံးများသည် လျှပ်စစ်ဓာတ်အား ယူနစ်ချွေတာစွာဖြင့်အသုံးပြုနိုင်ပြီး လင်းအားကောင်းမွန်ကြောင်း တွေ့ရသည်။

မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး၊ ဆားဗစ်ကြိုးများ ရှုပ်ထွေးမှု မရှိစေရေးအတွက် ကျုံးပတ်လည်တွင် လျှပ်စစ်ဓာတ်အားလိုင်းကြိုးများအား နိုင်ငံတကာအဆင့်မီကာဗာဖုံးအုပ်ထားသော ဗို့အားမြင့် ကြေးကြိုးများဖြင့်ပြောင်းလဲတပ်ဆင်ပြီး ဒဏ်ခံဖိုက်ဘာအိမ်များဖြင့် ထိန်းချုပ်ကာသွယ်တန်းပေးခဲ့သည်။ နိုင်ငံတကာအဆင့်မီ လမ်းမီးတိုင်များအား ကျုံးတောင်ဘက်လမ်းတွင်လည်း ဆက်လက်တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ကလေးများနားလည်သဘောပေါက်အောင် သင်ကြားရေးဆိုင်ရာ ပညာရေးသဘောတရားများလေ့လာ

**တွံတေး မေ ၂၅**
ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် မြို့နယ်အခြေပြု မူလတန်း ဆရာအတတ်ပညာသင်တန်း(၃/၂၀၁၇) ဖွင့်ပွဲကို မေ ၂၄ ရက် နံနက် ၉ နာရီက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ပညာရေးမှူး ဦးငွေသူရကအဖွင့်အမှာစကားပြောကြားပြီး သင်တန်းမှူး ကျွန်းတော ထခွဲကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးခင်ဇော်ညွန့်က ဆရာ ဆရာမများအနေဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကလေးများနားလည် သဘောပေါက်အောင်လိုအပ်သည့် သင်ကြားရေးဆိုင်ရာ ပညာရေးသဘောတရားများကို လေ့လာသင်ယူသိရှိထားဖို့လိုအပ်ပါကြောင်းနှင့် အဆိုပါ ပညာရေးသဘောတရားများကို နားလည်သိရှိနိုင်အောင်လည်း ယခုသင်တန်းတွင် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် စည်းကမ်းပိုင်းဆိုင်ရာများနှင့် ပတ်သက်၍လည်း ကျောင်းသားကျောင်းသူများ စည်းကမ်း လိုက်နာတတ်စေရန်နှင့် အလေ့အကျင့်ကောင်းများရရှိစေရန် ကလေးများအားလုံး သင်ကြားသင်ယူမှုစနစ်ဖြင့် စည်းကမ်းလိုက်နာတတ်အောင် လုပ်ဆောင်ပေးသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလ၊ ဆိပ်ကြီးခနောင်တိုမြို့နယ်တို့မှ ၂၀၁၆ ခုနှစ်တွင် ခန့်အပ်သော မူလတန်းပြ ဆရာ ဆရာမ ၁၅၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၂၄ ရက်မှ မေ ၂၃ ရက်အထိ တစ်လကြာမြင့်မည်ဖြစ်ကြောင်း၊ သင်တန်းတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ လူမှုသိပ္ပံ၊ အိမ်တွင်းမှုဂီတ၊ ပန်းချီ၊ စိုက်ပျိုးရေး၊ စက်မှုပညာရေး သဘောတရား၊ ပညာရေးစိတ်ပညာနှင့် ကာယပညာအစရှိသည့် ဘာသာရပ် ၁၃ မျိုးကို သင်တန်းနည်းပြ ဆရာ ဆရာမများက ပြန်လည်သင်ကြား ပို့ချမည်ဖြစ်သည်။

**မျိုးလှိုင် (တွံတေး)**

# လူစုလူဝေးအား ကိုင်တွယ်ထိန်းသိမ်းရာတွင် နိုင်ငံတကာမှ ကျင့်သုံးဆောင်ရွက်နေမှုများအား နားလည်သဘောပေါက်စေရန် သင်တန်းဖွင့်

**စစ်ကိုင်း မေ ၂၅**
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ လမ်းညွှန်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှ လူစုလူဝေးအား စနစ်တကျထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်းအမှတ်စဉ် (၁/၂၀၁၇) သင်တန်းဖွင့်ပွဲကို မေ ၂၄ ရက် နံနက် ၉ နာရီက စစ်ကိုင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးရှိ ရဲရင့်ရိပ်သာခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲကို စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြသင်းက သင်တန်းဖွင့်လှစ်ပေးရခြင်းရည်ရွယ်ချက်ကိုပြောကြားရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ရဲလုပ်ငန်းတာဝန်များဆောင်ရွက်စဉ် တရားခံများ၏ ပြန်လည်အကြမ်းဖက်ရန်တုံ့ပြန်မှုများကြောင့် ရဲတပ်ဖွဲ့ဝင်များ ထိခိုက်အနာတရဖြစ်ခဲ့ရသည့်ဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည့်အတွက် ထိခိုက်ဒဏ်ရာရရှိမှုမှ ရှောင်လွှဲနိုင်စေရန် လူစုလူဝေးအား ကိုင်တွယ်ထိန်းသိမ်းရာတွင် နိုင်ငံတကာမှ ကျင့်သုံးဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များ၏ စနစ်တကျ ကိုင်တွယ်ဆောင်ရွက်နေမှုအား နားလည်သဘောပေါက်စေရန်၊ အမှုအခင်းများဖြစ်ပွားရာတွင် ဖြစ်စဉ်အခြေအနေ၊ အမှုမှန်ပေါ်ပေါက်ရေးနှင့် သက်သေခံပစ္စည်းများအား စနစ်တကျမှတ်တမ်းတင်ဆောင်ရွက်တတ်စေရန်၊ ယခုသင်တန်းကပို့ချပေးသွားမည့် ပညာရပ်များကို စိတ်ဝင်စားစွာသင်ယူသွားကြဖို့ မိမိတို့ တာဝန်ကျရာဒေသရောက်ရှိတဲ့အခါ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားကြစေလိုကြောင်း စသည်ဖြင့်ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့နယ်ရဲစခန်း၊ ရဲကင်းအသီးသီးမှ သင်တန်းသား၊ သင်တန်းသူ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားတပ်ဖွဲ့ဝင် ၆၀ တက်ရောက်ကြကြောင်း သိရသည်။ **ဇော်မြင့်နိုင်(ခရိုင်ပြန်/ဆက်)**

# မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာသင်တန်းဖွင့်လှစ်

**ပဲခူး မေ ၂၅**
ပဲခူးမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ မေ ၂၅ ရက် နံနက် ၉ နာရီက ပဲခူးမြို့နယ်ပညာရေးမှူးရုံးမှဦးဆောင်၍ မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာသင်တန်း ဖွင့်ပွဲအခမ်းအနား ပြုလုပ်သည်။

ရှေးဦးစွာ ပဲခူးခရိုင်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဆရာမကြီး ဒေါ်ဝင်းစန္ဒာက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဆရာကြီးဦးအေးသိန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို မေ ၂၅ ရက်မှ မေ ၁၉ ရက်အထိ မူလတန်းအဆင့်သင် ကျောင်းသူ ကျောင်းသားများအား ဘာသာရပ်အလိုက် သင်ယူတတ်မြောက်စေရန်၊ ငယ်စဉ်ဘဝကပင် ယဉ်ကျေးလိမ္မာ၍ စည်းကမ်းရှိပြီး ပြည်ထောင်စုကိုချစ်မြတ်နိုးတတ်စေရန်၊ ကျောင်းနေမြဲ၍ ကျောင်းထွက်နှုန်းကျဆင်းစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး ပဲခူးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ နေ့စားလပေး မူလတန်းသင်ဆရာ ဆရာမ ၃၆၄ ဦးတက်ရောက်ကာ တွဲဖက်သင်ရိုးဝင်ဘာသာရပ်များ၊ လေ့ကျင့်ရေးဘာသာရပ်များကို လေ့ကျင့်သင်ကြား ပို့ချမည်ဖြစ်သည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဦးဆောင်၍ အခြေခံပညာအထက်တန်းသင် ဆရာ ဆရာမများအား ဘာသာရပ်စွမ်းရည်မြင့်ဆွေးနွေးပွဲများကို ပဲခူးမြို့ အမှတ် (၂၊ ၄၊ ၆၊ ၇၊ ၉) အခြေခံပညာအထက်တန်းကျောင်းများနှင့် မြို့တွင်းအနောက် အခြေခံပညာအထက်တန်းကျောင်းခွဲတို့တွင်လည်းကောင်း၊ ပဲခူးခရိုင်ပညာရေးမှူးရုံးမှဦးဆောင်၍ ခရိုင်အတွင်းရှိ အခြေခံပညာအလယ်တန်းသင်ဆရာ၊ ဆရာမများကို အထက (၁၊ ၈၊ ပန်းလှိုင်၊ မြို့တွင်းကြီး) အခြေခံပညာကျောင်းများတွင်လည်းကောင်း ဘာသာရပ်စွမ်းရည်မြင့်ဆွေးနွေးပွဲများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# ဖမ်းဆီးနည်း (ဆင့်ပွား)သင်တန်းဖွင့်ပွဲ ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ကျင်းပ

**ကော့ကရိတ် မေ ၂၅**
ကရင်ပြည်နယ်ရဲတပ်ဖွဲ့ ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင် မေ ၂၄ ရက် နံနက် ၉ နာရီက ဖမ်းဆီးနည်း(ဆင့်ပွား) သင်တန်းအမှတ်စဉ် (၁၁/၂၀၁၇) ဖွင့်ပွဲအခမ်းအနား ပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ကော့ကရိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသန့်ဇင်လင်းနှင့် ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးများ၊ သင်တန်းသားများအပါအဝင် စုစုပေါင်း ရဲတပ်ဖွဲ့ဝင်အင်အား ၇၀ ခန့်တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ဒုတိယရဲမှူးကြီးသန့်ဇင်လင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အဆိုပါသင်တန်းအား ရဲတပ်ဖွဲ့ဝင်သင်တန်းသား အရာရှိ၊ အခြားအဆင့် ၂၀ ဖြင့် မေ ၂၄ ရက်မှ မေ ၅ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **မင်းသူ/ထွန်းထွန်းထွေး**

## အမ်းမြို့၌ စတုတ္ထအကြိမ်မြောက် ရှင်အပါး(၁၀၀) ရှင်ပြုအလှူတော်ပွဲကျင်းပ

**အမ်း မေ ၂၅**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့ မဟာဂန္ဓာရုံ အေးရိပ်သာကျောင်းတိုက် မင်္ဂလာမဏ္ဍပ်မွှာရုံ၌ မေ ၂၂ ရက် ညနေ ၄ နာရီက အမ်းမြို့နယ်အတွင်းရှိ မောင်ရင်လောင်းအပါး ၁၀၀ အား ရှင်ပြုအလှူတော်မင်္ဂလာပွဲ စတင်ကျင်းပခဲ့သည်။

ရှေးဦးစွာ အလှူရှင်မျိုးချစ်မြန်မာမိသားစုမှ မောင်ရင်လောင်းအပါး ၁၀၀ နှင့်အတူ ဧည့်ပရိသတ်များပါဝင်လိုက်ပါလျက် မြို့တွင်းသို့ စီတန်းလှည့်လည်ခဲ့ပြီး မြို့နယ် သံဃနာယကအဖွဲ့(ရွေကျင်)ဥက္ကဋ္ဌ မဟာဂန္ဓာရုံအေးရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတသာရက ရှင်လောင်းအပါး ၁၀၀ အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပေးခဲ့သည်။

ထို့နောက် မေ ၂၃ ရက် နံနက် ၁၀ နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက် ဝပ်ဖင်ငဆရာတော်ကြီးနှင့် ရွှေပါရမီ ပညာဒါန နာယကဆရာတော်များ ကြွရောက်ချီးမြှင့်ကာ ဖိတ်ကြားထားသော အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ဒုတိယတိုင်းမှူးနှင့် ဇနီး ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အလှူရှင် မိသားစုဝင်များ၊ ဧည့်ပရိသတ်အပေါင်းတို့က ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး အလှူတော်အောင်ပွဲ ရေစက်ချအမျှပေးဝေကြသည်။

**မြို့နယ် (ပြန်/ဆက်)**





## ဘာသာ သာသနာထူးချွန်မှု ဂုဏ်ထူးဆောင်ဆု ဆက်ကပ်လှူဒါန်း

**သံဖြူဇရပ် မေ ၂၅**

မွန်ပြည်နယ်အစိုးရအဖွဲ့မှ ဘာသာသာသနာထူးချွန်မှု ဂုဏ်ထူးဆောင်ဆုဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို သံဖြူဇရပ်မြို့ အောင်ဇေယျရပ်ကွက် ဓမ္မာရာမတောရစာသင်တိုက်ကျောင်းဓမ္မာရုံ၌ မေ ၂၄ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ သံဖြူဇရပ်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အလှူရှင်ပြည်သူများ တက်ရောက်ပူဇော်ကြသည်။

ဂုဏ်ထူးဆောင်ဆု ဆက်ကပ်ပူဇော်ပွဲတွင် သံဖြူဇရပ်မြို့ ဓမ္မာရာမတောရကျောင်းတိုက်၏ စာချဆရာတော် ပိဋကတ်တစ်ဖုံဆောင် အရှင်ဓမ္မရက္ခိတာလင်္ကာရအား ဘာသာသာသနာထူးချွန်မှု ဂုဏ်ထူးဆောင်ဆုမှတ်တမ်းအား ဝန်ကြီးချုပ် ဒေါက်တာအေးဇံကလည်းကောင်း၊ ဂုဏ်ထူးဆောင်တံဆိပ်အား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိကလည်းကောင်း၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်ဥပဒေချုပ်တို့က အလှူငွေကျပ် ၃၀၀၀၀၀ တို့ကို ဆက်ကပ်ပူဇော်ပြီး ဆရာတော် အရှင်ဓမ္မရက္ခိတာလင်္ကာရထံမှ သာဓုအနုမောဒနာတရား နာယူကြကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

## စီပီပြောင်း နှစ်နှစ်ဆက်တိုက်ဈေးကျ၍ အကျိုးအမြတ်နည်း

**မြင်းခြံ မေ ၂၅**

စီပီပြောင်းဈေးနှစ်နှစ်ဆက်တိုက်ကျဆင်းမှုကြောင့် မြင်းခြံမြို့နယ် လေးအိမ်တန်းကျေးရွာရှိ ပြောင်းစိုက်တောင်သူများ အကျိုးအမြတ်နည်းပါးနေသည်။ ယမန်နှစ်က စီပီပြောင်းတစ်ပိဿာလျှင်ငွေကျပ် ၂၀၀ ကျော်ရှိပြီး ယခုနှစ်တွင်လည်း ယမန်နှစ်ကဈေးအတိုင်း ၂၀၀ ကျော်သာရှိသည့်အတွက် တောင်သူများ တွက်ခြေကိုက်မှုနည်းပါးနေကြောင်း သိရသည်။ လေးအိမ်တန်းကျေးရွာ တစ်ရွာလုံးနီးပါး စီပီပြောင်းကို အားထားစိုက်ပျိုးကြသည်။

ထွန်ထယ်စရိတ်က ငွေကျပ် ၇၀၀၀၀ ကျော်၊ မျိုးစေ့က ၅၀၀၀၀ ကျော်၊ မြေဆီကတစ်ဧကကို လေးအိတ် ထည့်ပြီး ငွေကျပ် ၁၀၀၀၀၀ နီးပါးကုန်တယ်။ ပြောင်းချိုးချိန်ဆိုလျှင်လည်း လူငှားပြီးချိုးရတယ်။ စိုက်ပျိုးချိန်ကနေစပြီး ပြောင်းချိုးချိန်အထိ စားရိတ်အနေဖြင့် ငွေကျပ် ၆၀၀၀၀၀ ကျော်ကုန်ပါတယ်။ တစ်ဧကဆိုလျှင် စီပီပြောင်းကောင်းပါက တင်း ၁၁၀ ခန့်ထွက်ပြီး ပိဿာဖြင့်တွက်လျှင် ပိဿာ ၂၀၀၀ ကျော်ထွက်ပါတယ်။ လက်ရှိကာလမှာ နှစ်နှစ်ဆက်တိုက် ပြောင်းဈေးနှုန်း ကျဆင်းနေတဲ့အတွက် ပြောင်းစိုက်တောင်သူတွေ တွက်ခြေကိုက်မှုနည်းပါးနေပါတယ်" ဟု လေးအိမ်တန်းမှ ပြောင်းစိုက်တောင်သူတစ်ဦးက ရှင်းပြသည်။

**နွေနဒီ (မြစ်ငယ်)**



## သက်ရင်နှစ်စပါးရိတ်သိမ်း၊ ပွဲစားများ ဈေးကစားနိုင်၍တောင်သူများသတိပြုရန်လို

**ရေတာရှည် မေ ၂၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ယခုရက်ပိုင်းအတွင်း သက်ရင်နှစ်စပါးများ စတင်ရိတ်သိမ်းကြပြီဖြစ်ရာ စပါးအစိုတင်း ၁၀၀ လျှင် ကျပ် ၃၇၀၀၀၀၊ အခြောက်စပါးတင်း ၁၀၀ လျှင် ကျပ် ၄၀၀၀၀၀ ဝန်းကျင်ပေါက်ဈေးနှင့်ဝယ်ယူလျက်ရှိပြီး တောင်သူများ၏ ငွေကြေးလိုအပ်ချက်အရ မဖြစ်မနေရောင်းချရမည်ကိုသိရှိနေသော ပွဲစားများ၏ဈေးကစားမှုများကို သတိပြုကာ ဈေးကွက်အနေအထားကိုလေ့လာဆန်းစစ်၍ရောင်းချသင့်ကြောင်း တောင်သူအချင်းချင်း သတိပေးပြောကြားမှုများရှိနေသည်။

နွေစပါးစိုက်ပျိုးရာတွင် သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးအမျိုးမျိုးတို့အား အတိုးပါအကြွေးစနစ်ဖြင့်ဝယ်ယူထားကြရခြင်းဖြစ်ပြီး နွေစပါးပေါ်သည်နှင့် အဆိုပါအကြွေးများကို အရင်ဆုံးပေးဆပ်ကြရသည်ကို တွေ့ရသည်။

"စပါးဈေးကတော့ အားရစရာမရှိပါဘူး။ မရောင်းလို့လည်းမရဘူး။ လူသာအိပ်တာ အတိုးကအိပ်နေတာမဟုတ်တော့ အကြွေးဆပ်နိုင်အောင်ရောင်းကြရတာ တောင်သူတွေအနေနဲ့ ဈေးကွက်အနေအထားကိုကျွမ်းကျင်မှုမရှိကြတော့ ပွဲစားတွေပါးစပ်ပြောတဲ့အတိုင်းရောင်းချရတာပဲ။ ကျန်တဲ့ကုန်းဈေးနှုန်းက အမြင့်ကြည့်ပဲ တောင်သူတွေထွက်တဲ့ စပါးကျတော့ ဈေးကောင်းမရကြတော့။ ကြာရင်တောင်သူတွေအနေနဲ့ အခက်အခဲတွေအများကြီး ကြုံတွေ့နိုင်ပါတယ်" ဟု ကုန်းကြီးကျေးရွာအုပ်စု ပြီစုတ်ကျေးရွာနေ တောင်သူတစ်ဦးကပြောကြားသည်။

လယ်ယာလုပ်ငန်းကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးခြင်းကြောင့် ပြည်ပထွက်ခွာ၍ အလုပ်အကိုင်ရှာဖွေသူပိုမိုများပြားလျက်ရှိပြီး တောင်သူများအနေဖြင့် လယ်ယာစိုက်ပျိုးစရိတ်ချေးငွေ၊ သမဝါယမချေးငွေနှင့် အခြားသော ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးကုန်ကျစရိတ်အကြွေးများပြန်လည်ပေးဆပ်နိုင်ရန် စပါးဈေးကွက်ကောင်းမွန်ရန် အားလုံးက မျှော်လင့်နေကြရခြင်းဖြစ်သည်။

**ကိုလွင်(ဆွာ)**

## လေကြောင်းလူငယ်အခြေခံသင်တန်းဖွင့်

**မြစ်ကြီးနား မေ ၂၅**

မြစ်ကြီးနားမြို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ မြစ်ကြီးနားလေတပ်စခန်းဌာနချုပ် မေခခန်းမ၌ မေ ၂၄ ရက် နံနက် ၉ နာရီက လေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၇) ဖွင့်ပွဲအား ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညီညီဆွေတို့က သင်တန်းဖွင့်အမှာစကားများ အသီးသီးပြောကြားခဲ့သည်။

ထို့နောက် ကချင်ပြည်နယ် ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လေကြောင်းလူငယ် အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၁၇)အတွက် ငွေကျပ် ၁၀ သိန်းစီ ချီးမြှင့်ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့သည်။

အဆိုပါသင်တန်းကို မေ ၂၄ ရက်မှ မေ ၁၉ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကာ သင်တန်းတွင် မြစ်ကြီးနားလေတပ်စခန်းဌာနချုပ်မှ နည်းပြအရာရှိနှင့် စစ်သည်များက စစ်ရေးပြဘာသာရပ်၊ လေကြောင်းသမိုင်း ဘာသာရပ်၊ လေယာဉ်တည်ဆောက်မှု ဘာသာရပ် လေယာဉ်စက်အုံတည်ဆောက်မှု ဘာသာရပ်၊ လေယာဉ်ပုံစံငယ် တည်ဆောက်မှုဘာသာရပ်၊ ရဟတ်ယာဉ် သရုပ်ပြပျံသန်းခြင်းနှင့် လေယာဉ်ငယ် သရုပ်ပြ ပျံသန်းခြင်းများအား စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်အပြင် ခရီးသွားခြင်း ဗဟုသုတရရှိစေမည့် လေ့လာရေးခရီးများပါ ထည့်သွင်းထားပြီး သင်တန်းသို့ မြစ်ကြီးနားမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ၂၀ နှင့် ကျောင်းသူ ၂၀ စုစုပေါင်း ၄၀ တက်ရောက်ကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

## သံတောင်ကြီးတွင် ကရင်(ဘွဲ့စာပေ) ဆရာဖြစ်မွမ်းမံသင်တန်းဖွင့်

**သံတောင်ကြီး မေ ၂၅**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့တွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသားကျောင်းသူများအား ကရင် (ဘွဲ့စာပေ) ဆင့်ပွားသင်ကြားနိုင်ရေးအတွက် ဘွဲ့စာပေနှင့်ယဉ်ကျေးမှုကော်မတီမှ ကြီးမှူးသင်ကြားမည့် ဆရာ ဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲကို မေ ၂၄ ရက် နံနက် ၉ နာရီက သံတောင်ကြီး အထက ကျောင်းဝင်းအတွင်းရှိ မိုးလုံလေလုံအားကစားရုံအတွင်း၌ ကျင်းပသည်။

ကရင်(ဘွဲ့စာပေ)ကို ယခုနှစ်ပညာသင်နှစ်မှ စတင်ကာ book(1) အဖြစ် သင်ကြားပို့ချပေးမည်ဖြစ်သောကြောင့် ဆင့်ပွားပို့ချသင်ကြားပေးမည့် ဆရာဆရာမများ အခက်အခဲ့မရှိစေရေးနှင့် စနစ်တကျ သင်ကြားပေးနိုင်ရန်အတွက် မွမ်းမံသင်တန်းများကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်းနှင့် ဘွဲ့စာပေကို အင်္ဂလိပ်စာဗျည်းများဖြင့် အခြေခံအသုံးပြုထားပြီ အသံထွက်အဖြစ် ဘွဲ့လိုအသံထွက်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ဘွဲ့စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစောယုဒက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များပြောကြားပြီးသင်တန်းကို ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါသင်တန်းတွင် သံတောင်ကြီးမြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၂၃ ကျောင်းမှ ဆရာ ဆရာမ စုစုပေါင်း ၄၈ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာမေ ၂၄ ရက်မှ ၂၈ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်းနှင့် ဘွဲ့စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ဘွဲ့စာပေ book (2၊ 3၊ 4) ထုတ်ဝေနိုင်ရန်အတွက် ဘာသာရေး ခေါင်းဆောင် ဘုန်းတော်ကြီးများ၊ ဘွဲ့စာပေ ဝါသနာရှင်လူကြီးများက ယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည် ဖော်ထုတ်ကာ ခေတ်ကာလနှင့် လျော်ညီသော စာအုပ်များအဖြစ်သို့ ရေးသားထုတ်ဝေသွားနိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များပြိုကျပျက်စီး

**မိုးကောင်း မေ ၂၅**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မရမ်းကျေးရွာတွင် မိုးအဆက်မပြတ်ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

မေ ၂၄ ရက် ညနေ ၄ နာရီက မိုးသည်းထန်စွာရွာသွန်းပြီး မိနစ် ၄၀ ခန့် လေပြင်းတိုက်ခတ်မှုကြောင့် မရမ်းကျေးရွာနေ ဦးနော်တောင် (မရ-၇/၁၉) ၏ (၂၀ ပေ × ၁၀ ပေ) သွပ်မိုး၊ ထရံကာ တစ်ထပ်အိမ်တစ်လုံး၊ ဦးကျော်လင်း (မရ-၇/၅) ၏ (၁၅ ပေ × ၁၀ ပေ)သွပ်မိုး၊ ထရံကာ တစ်ထပ်အိမ်တစ်လုံး၊ ဦးဂလမ်တန်ဂွမ်း (မရ-၂/၅၆-ခ) ၏ (၁၅ ပေ × ၁၀ ပေ)သက်ငယ်မိုး၊ ထရံကာ တစ်ထပ်အိမ်တစ်လုံး၊ ကျေးလက်ကျန်းမာရေးဌာန ခြံစည်းရိုးသံဆန်ခါ (၄) ပေ အကျယ်သုံးခန်း ပြိုလဲပျက်စီး၊ ကွန်ကရစ်လမ်းမီးတိုင်တစ်တိုင် ကျိုးကျပျက်စီးခဲ့သည်။

လေမုန်တိုင်းဒဏ်ကြောင့် နေအိမ်ပျက်စီးခဲ့သူမိသားစုများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်းက သွားရောက်ကြည့်ရှုကာ ယာယီနေရာထိုင်ခင်းများ စီစဉ်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

## ကြော်ငြာ

### စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဦးမြင့်ဌေး[စည်ပင်/ရေသန့်(ငြိမ်း)]-ဒေါ်ယဉ်ယဉ်မိုး (တည်ဆောက်ရေး-၉၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန-ရန်ကုန်)တို့၏ သားကြီး

**မောင်ကောင်းမြတ်ဆက်**

**B.Sc (Geology),AGTI (Civil),Diploma in Geotechnical Engineering (UK), Specialist Diploma in Construction Management (SG),**

**Project Engineer (Ryobi Geotechnique International Pte Ltd.,SG)**

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ တရားလွှတ်တော်ရှေ့နေ ဦးသန်းဇော်(ခ)ကြော်ငြာဒါရိုက်တာဇော်လှုထက်-(ဒေါ်ခင်ခင်အေး)တို့၏ သမီးငယ်၊ မသီဂီဇော်(Head & Founder of Htet Media Group)၏ ညီမငယ်၊ မောင်ဇာဏီထက်လင်း(BE.Petroleum,Final Year,TU)၏အစ်မ

**မစုချစ်ဇော်**

**LL.B**

**Art Director of Htet Media Group**

တို့သည် ၂၄-၄-၂၀၁၇ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်ကောင်းမြတ်ဆက်-မစုချစ်ဇော်**

ဗျာပုံပေါ် ဆန်းမွှေးကောင်းကောင်း
အရောတ်ပို့ (၄၀၀၀၀)ကျပ်
ပွဲတော်အုပ်ဆန်ဆိုင်
01-512443,09-5055574

ကမာရွတ်၊ အောင်မြေသာစည်
68' x 73' ခြံတွင် 30' x 40'
2RC(3MBR, 5 AC, Ph)
ဆိုင်ဖွင့်လိုသူငှားမည်
Ph:09-73220635

ဇွန်တခုစ် အုဒ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(၆၀၄)အင်းလေး(၁)လမ်းရုံ(၂)တောင်ဒဂုံ








**Mingalar Cinemas**
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | |
|---|---|---|---|
| သမ္မတ<br>၀၁-၂၄၆၉၆၂<br>၀၁-၂၄၆၉၆၃ | သွင်<br>၀၁-၃၇၂၅၉၄<br>၀၉၇၃၂၃၅၅၆၀ | မင်္ဂလာ(၁)<br>သိမ်ကြီးဈေး<br>၀၁-၂၄၃၀၅၇<br>၀၁-၂၄၃၀၅၈ | မင်္ဂလာစံပြ<br>၀၉၂၆၀၈၈၇၀၃၅<br>၀၉၂၆၀၈၈၇၀၃၆<br>၀၁ ၂၃၀၃၁၆၅ |
| Top Royal<br>(စိန်လေဟာ-ပဲခူး)<br>၀၉၄၂၀၁၈၆၂၉၁<br>၀၉၄၂၀၁၈၆၂၉၂ | မင်္ဂလာ ဂမုန်းပွင့်<br>လှည်းတန်း - ဆံချိန်ဆိပ်<br>၀၉ ၇၇၉၀၅၄၆၈၇၁<br>၀၉ ၇၇၉၀၅၄၆၈၇၂<br>၀၉ ၇၇၉၀၅၄၆၈၇၃ | မင်္ဂလာထွန်းသီရိ<br>(ပြည်)<br>၀၉၇၉၁၁၀၈၃၇၅၁<br>၀၉၇၉၁၁၀၈၃၇၅၂ | မင်္ဂလာ<br>ICON Mall - ပဲခူး<br>၀၉၄၅၆၆၀၀၀၁၅<br>၀၉၄၅၆၆၀၀၀၁၆ |

| | | | | |
|---|---|---|---|---|
| မန္တလေး<br>ဝင်းလိုက်<br>၀၂-၃၉၁၂၈<br>၀၂-၆၀၂၉၁ | မန္တလေး<br>မြို့မ<br>၀၂-၃၉၁၃၆<br>၀၂-၃၉၁၃၇ | မင်္ဂလာ<br>မန်းနေပြည်တော်<br>၀၉၉၆၀၉၁၁၂၁၁<br>၀၉၉၆၀၉၁၁၃၁၁ | မင်္ဂလာစံပြ<br>(မကွေး)<br>၀၉ ၇၆၈၅၂၅၇၄၁<br>၀၉ ၇၆၈၅၂၅၇၄၂<br>၀၉ ၇၆၈၅၂၅၇၄၃ | NEW 3D<br>Cinema<br>တောင်ငူ<br>၀၉၈၆၆၆၄၅၅<br>၀၉၇၇၅၃၅၈၉၁-၂ |



Nurturing Future Leaders
EC
Since 1998

ဒေါက်တာစောလှဖြူ ဦးစီးတည်ထောင်သည်

# EC ကိုယ်ပိုင်အထက်တန်းကျောင်း

EC : The Prestigious School of Future Leaders

## တက္ကသိုလ်ဝင်တန်း ပညာသင်ဆု ကြေငြာခြင်း

၁။ ထူးချွန်ကျောင်းသားကျောင်းသူများအား စကောလားရှစ် ပညာသင်ဆုချီးမြှင့်ခြင်းကို ၂၀၀၀–၂၀၀၁ ပညာသင်နှစ်မှ စတင်ဆောင်ရွက်ခဲ့ပါသည်။

၂။ ၂၀၁၇–၂၀၁၈ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်း ပညာသင်ဆု ရရှိသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | အမည် | အဖအမည် | နေရပ် |
|---|---|---|---|
| ၁ | မအိဖြူသီရိုင် | ဦးညီညီသက် | မြိတ်မြို့ |
| ၂ | မောင်ဖြိုးမင်းခန့် | ဦးကျော်စွာဝင်း | ရွှာင်မြို့ |
| ၃ | မခြူးဝေဝေဖြိုး | ဦးဝေဖြိုးဝင်း | မန္တလေးမြို့ |
| ၄ | မောင်တေဇာလင်း | ဦးရဲမျိုးထွေး | ရန်ကုန်မြို့ |
| ၅ | မောင်သုထက်စွမ်းဆောင် | ဦးစိုးမိုးအောင် | ကျောက်တံခါးမြို့ |
| ၆ | မဆုနန္ဒာထွဋ် | ဦးအောင်ဆန်းဝင်း | ကျောက်ကြီးမြို့ |
| ၇ | မသော်တာလင်း | ဦးကျော်ခင် | ပဲခူးမြို့ |
| ၈ | မနန်းရွက်ဟွမ်မိန်း | ဦးစိုင်းကျော်စိုး | ရန်ကုန်မြို့ |
| ၉ | မမေဝင်းအောင် | ဦးဇော်ဝင်း | ကျောက်တံခါးမြို့ |
| ၁၀ | မောင်ညီရဲဇင် | ဦးပြုံးချို | ရန်ကုန်မြို့ |
| ၁၁ | မောင်ကောင်းဆက်လွင် | ဦးဟိန်းထက်လွင် | သက္ကလမြို့ |
| ၁၂ | မနေခြည်ရွှန်းလဲ့ | ဦးခင်မောင်စိုး | ရန်ကုန်မြို့ |
| ၁၃ | မောင်ကျော်စွာထွန်း | ဦးသိန်းဝင်း | ရန်ကုန်မြို့ |
| ၁၄ | မယဉ်ငြိမ်းခန့် | ဦးနီမိုး | ရန်ကုန်မြို့ |

- ၆(က) ကန်တော်ကြီးကန်ပတ်လမ်းမကြီး၊ ရန်ကုန်မြို့။ ၀၉ ၂၆၄ ၂၀၀၀၅၇၊ ၀၉ ၂၆၄ ၂၀၀၀၅၈
- (ကျောင်း) ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ ၂၆၄ ၂၀၀၀၅၉


SPEEDTEST®
by OOKLA
AWARDS
WINNER
2016
MPT
Moving Myanmar Forward
မြန်မာနိုင်ငံ၏ အမြန်ဆုံး မိုဘိုင်း အင်တာနက်
SPEEDTEST
PING
DOWNLOAD
UPLOAD
Hosted By: Myanmar Posts and Telecommunications
SPEEDTEST
RESULTS
SETTINGS
ABOUT
နိုင်ငံတကာ အင်တာနက် အမြန်နှုန်းစမ်းသပ်မှု အဖွဲ့အစည်းဖြစ်သည့် OOKLA မှ
မြန်မာ့အမြန်ဆုံးအင်တာနက်ကွန်ယက်ဆုရ MPT ၏ အင်တာနက်နှင့် အခုပဲချိတ်ဆက်လိုက်ပါ။
For More Informations :
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

Possible Travels & Tours
ထားဝယ်-မောင်းမကန်-ကမ်းခြေ-လောင်းလုံဘုရား-ကျွန်း (၄ည၊၅ရက်) Apr - 28
ချင်းပြည်နယ်-ဗိတိုရိယတောင်-စသည (၄ည၊၅ရက်) Apr - 28
မြဝတီ-မဲဆောက် (၃ည၊၄ရက်) Apr - 28
တောင်ကြီး-အင်းလေး-ကလော-ပင်းတယ (၃ည၊၄ရက်) Apr - 28
ပုဂံ-ပုပ္ပါး (၃ည၊၄ရက်) Apr - 28
ကလော TREKKING-ရွာငံ-မိန်းမရဲတောင် (၃ည၊၄ရက်) Apr - 28
ကယားပြည်နယ်-ပန်ပက်ရွာ-ဒီမော်ဆိုး (၃ည၊၄ရက်) Apr - 28
အဆင့်မြင့် SCANIA ကား
3 Star Hotel များနှင့်
အဆင့်မြင့်စားသောက်ဆိုင်များဖြင့် စီစဉ်ပေးသည်။
• တောင်ဝိုင်းတောင်-ကျိုက်ထော်ရေတံခွန်-ရွှေစာရံ
• ဆဒ္ဒန်ဂူ-ကျိုက်ထော်ရေတံခွန်-ကော့ဂွန်းဂူ-ဘုရင့်ညီဂူ
• တောင်ငူ-သံတောင်ကြီး-မော်ယောကြီးဆင်စခန်း
• မော်လမြိုင်-ကျိုက်ဒမ်း-စက်ဆဲ
နေ့ချင်းပြန်ခရီးစဉ်များ
အပတ်စဉ်- သောကြာ၊ စနေ
ထွက်သည်။
Ph - 01-706716, 09-799946628, 09-770022755, 09-250790919

## မြန်မာ့အာမခံဝန်ထမ်းဟောင်းများအသင်း
## ပထမအကြိမ် နှစ်ပတ်လည်သင်းကျွတ်အစည်းအဝေး ဖိတ်ကြားလွှာ

မြန်မာ့အာမခံဝန်ထမ်းဟောင်းများအသင်း၏ ပထမအကြိမ်သင်းလုံးကျွတ်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များနှင့် ဝန်ထမ်းဟောင်းများ မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၃၀-၄-၂၀၁၇ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၁၀း၀၀ နာရီမှ ၁၁း၃၀ နာရီထိ
နံနက် ၉း၃၀ နာရီအရောက် ကြွရောက်ပါရန်။
ကျင်းပမည့်နေရာ - မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)
၆၂၇/၆၃၅ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

(နံနက်စာဖြင့် ဧည့်ခံကျွေးမွေးပါမည်။)

**အမှုဆောင်အဖွဲ့**

တိုင်းကျော် ပြည်ကျော် ထင်ပေါ် ပညာ
စာစစ်မှူးနှင့် စာစစ်တာဝန်ကို နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ကြသော ဘာသာရပ်ဆိုင်ရာ အထူးပြု ဆရာ/ဆရာမကြီးများကိုယ်တိုင် အမှတ်ပေးစည်းမျဉ်းနှင့်အညီ ရေးသားပြုစုထားသည့် စာအုပ်ကောင်းများ
ပညာရေးစာစဉ် MOTHER'S LIGHT
မွန်းလင်း
တက္ကသိုလ်ဝင်တန်း (၂၀၁၀ မှ ၂၀၁၇ ထိ) ဝထ္ထုတိုငစ် နှင့် ဆစ်ရိုင်း မေးခွန်းဟောင်းနှင့် စံပြအဖြေများ (တစ်ဘာသာတစ်အုပ်)
KG တန်းမှ တက္ကသိုလ်ဝင်တန်းထိ သင်ရိုးသစ်သင်ရိုးကုန် ဘာသာစုံစာအုပ်များ
အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် (တစ်စာကိုးများ)
ESSAYS & LETTERS စာအုပ်များ
တက္ကသိုလ်ဝင်တန်း (၂၀၀၂ မှ ၂၀၁၇ ထိ) မေးခွန်းဟောင်းနှင့် စံပြအဖြေများ (ဘာသာစုံ) တစ်ဘာသာတစ်အုပ် (၂၀၀၂ မှ ၂၀၁၇ ထိ) မေးခွန်းဟောင်းများ၊ စုစည်းမှု (ဘာသာစုံ) တစ်ဘာသာတစ်အုပ်
အဋ္ဌမတန်း (၂၀၁၅-၂၀၁၆-၂၀၁၇) တိုင်းနှင့်ပြည်နယ်ဒေသအသီးသီးတွင်စစ်ဆေးခဲ့သော မေးခွန်းဟောင်းနှင့် စံပြအဖြေများ (ဘာသာစုံ) တစ်ဘာသာတစ်အုပ်
စတုတ္ထတန်း (၂၀၁၅-၂၀၁၆-၂၀၁၇) တိုင်းနှင့်ပြည်နယ်ဒေသအသီးသီးတွင်စစ်ဆေးခဲ့သော ခရိုင်အလိုက် မေးခွန်းဟောင်းနှင့် စံပြအဖြေများ (ဘာသာစုံ) တစ်ဘာသာတစ်အုပ်
ဖြန့်ချိရေး - ရွှေလက်ရာစာပေ - အမှတ်(၂၄၇)၊ မြေညီထပ်၊ လမ်း(၃၀)၊ အထက်၊ ဗိုလ်ချုပ်လမ်းဟောင်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၃၁၃၀၉၆၆၊ ၀၉-၅၀၆၃၄၅၁၊ ၀၉-၇၃၂၀၅၇၂၆၊
အမြို့မြို့အနယ်နယ်ရှိဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။
၂၀၁၇ သင်ရိုးသစ် ထွက်ပြီ

ပါကေး အစားထိုး ကြမ်းခင်း
Promotion
Since 1996
Home
Buy Flooring → Get Box
Grade A,B,C,D
Grade A,B,C,D အစ်များသာရောင်းပါသည်
HOTLINE: 09-79 700 70 70
09-79 700 70 80

၁၈လမ်းဝိုင်း
ဗုဒ္ဓဝိုင်းတန်းခွဲသစ်
ကျောင်းအပ်လက်ခံပြီ
အထူးစာသင်ဝိုင်းများ

အင်္ဂလိပ်စာ (သို့မဟုတ်) အင်္ဂလိပ်ဘာသာစကားသည် မကုန်မခမ်း လေ့လာသင်ယူရမည့် ဘာသာရပ်တစ်ခုဖြစ်သည်။
ပညာသင် ကျောင်းသား၊ ကျောင်းသူများသည် အင်္ဂလိပ်စာမှ စကားလုံးတစ်လုံးချင်းအသုံးပြုပုံ၊
ဝါကျတစ်ကြောင်းချင်း ဖွဲ့စည်းတည်ဆောက်ထားပုံ၊ အသုံးအနှုန်းများနှင့် သဒ္ဒါဆိုင်ရာတို့ သိရှိနားလည်ပြီး
အင်္ဂလိပ်စာဘာသာရပ်နှင့် ထိတွေ့နေသမျှ အသုံးချတတ်ရန်
ရွှေလက်ဆောင်
သင်ကြားသင်ယူမှု လမ်းညွှန်စာအုပ်များ
အတန်းစုံ အင်္ဂလိပ်စာ
Workbook များ
Textual Guide
တက္ကသိုလ်ဝင်တန်းနှင့်အဋ္ဌမတန်း
ဖတ်စာလမ်းညွှန်
တက္ကသိုလ်ဝင်တန်းနှင့်အဋ္ဌမတန်း
Comprehensive
Guide to
Comprehension
ဆရာဦးညာဏ်ဝင်းထက်
(စာပေဗိမာန်)
ထွက်နေပါပြီ

RUBY ကားစီးလိုင်စင်ပေးသည်
519100
09-51-77212, 535100

ကိုကျော်နိုင်
CAR RENTAL
ALPHARD, HIACE
09 25 358 2510

သီဟလင်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18')ကားများဖြင့်
လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

## ဝန်ထမ်းအလိုရှိသည်

**စိန်၊ ရွှေ ရတနာဆိုင်**

အရောင်းဝန်ထမ်း ကျား/မ (၃၀) ဦး

လျှောက်ထားလိုသူသည် CV Form နှင့်တကွ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပညာရေးဆိုင်ရာလက်မှတ်နှင့်တကွ လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၁-၂၅၃၃၂၇၊ ၀၁-၃၇၆၈၃၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ နောင်ရိုးလမ်း၊ အမှတ်(၇၆/၈၀)(၈)ခန်းတွဲ(၆)ထပ်တိုက်၏ မြေညီထပ်(တိုက်ကို မျက်နှာမူလျှင် ညာဘက်မှဝဲဘက်သို့တတိယအခန်း)၊ အခန်းအမှတ်(1-F) အကျယ်အဝန်း (၁၄×၅၀)ပေရှိ ရေ၊ လျှပ်စစ်မီးသုံးစွဲခွင့် အပါအဝင် လူနေထိုင်ခွင့်ပြုမိန့်နှင့်တကွ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုရှိသူ ဒေါ်ကြူကြူဝင်း[၁၂/တမန(နိုင်)၁၀၇၆၂၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးကလွှဲပြောင်းဝယ်ယူရန်၊ စရန်ငွေအချို့အဝက်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ယခုကြော်ငြာပါရှိသည့်နေ့ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းသတ်မှတ်ရက်ကုန်ဆုံးချိန်အထိ လာရောက်ကန့်ကွက်သူမရှိပါက လွှဲပြောင်းဝယ်ယူသည့်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးလှမောင် B.A (Phi),H.G.P.,R.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၁၀/၈၀)**
**အမှတ်(၉၅)၊ (၁၀၁)လမ်းဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၉၇၇၃၅၉၅၆၉**

## မသက်ဆိုင်တော့ပါကြောင်း

ကျွန်တော်၏ဇနီးဖြစ်သူ ဒေါ်နုနုရီ[၁၂/သကတ(နိုင်)၀၂၉၁၀၉] သည် ၎င်း၏ဆန္ဒအရ နေအိမ်မှ တစ်နှစ်ကျော်ထွက်ခွာသွားခဲ့ပြီး ကျွန်တော်ခွင့်မလွှတ်နိုင်သော အပြုအမူများနှင့် သားသမီး(၂)ယောက်အားထား၍ နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်ခြင်း လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးခိုင်**
**[၁၂/သကတ(နိုင်)၁၅၀၉၃၁]**
**၁၃၀၉/က၊ နွယ်နီ(၁)လမ်း၊**
**(၁၀)တောင်၊ သာကေတမြို့နယ်။**

**မီး သတိပြု**

## သမီးအဖြစ်မှ
## အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အမှတ်(၈)မရမ်းကုန်းရပ်၊ တိုးချဲ့ကမ်းနားလမ်းနေ ဒေါ်မြဝင်းကြည်[၁၀/မလမ(နိုင်)၁၁၀၁၀၉]၏သမီးဖြစ်သူ မနေခြည်ဦး[၁၀/မလမ(နိုင်)၂၃၉၁၈၇]သည် မိခင်ဆိုဆုံးမသည်ကို မနာခံဘဲ မိမိဆန္ဒအလျောက် နေအိမ်ပေါ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်း၊ နှစ်ဖက်ကြားဝင်ညှိနှိုင်းပေးခြင်း သည်းခံပါ။

**မိခင်-ဒေါ်မြဝင်းကြည်**

## (၃)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး၊ တံခွန်တိုင်၊ ခေါင်းလောင်း၊ ရေတွင်း၊ ရေကန်ဒါယကာကြီး**

**ဦးဇင်မြင့်(ဘကြီးဇင်)**

**၂၄-၄-၂၀၁၄/၂၄-၄-၂၀၁၇**

မမျှော်လင့်ဘဲမိသားစုနှင့် ခွဲခွာသွားသည်မှာ ယနေ့(၃)နှစ်ပြည့်ခဲ့ပါပြီ။ သံယောဇဉ်ကြီးမားစွာဖြင့် အစစ လိုလေသေးမရှိ ပြုစုစောင့်ရှောက်ခဲ့သော ကျေးဇူးတရားများကို အမြဲသတိရနေပါတယ်။

ကွယ်လွန်ချိန်မှစ၍ နေ့စဉ်၊လစဉ်၊ နှစ်စဉ်၊ အလှူဒါနများ ပြုလုပ်ခဲ့ပါတယ်။ ယနေ့ (၃)နှစ်ပြည့်သည့်နေ့တွင် ပခုက္ကူခရိုင် မြစ်ခြေမြို့နယ်၊ ညောင်နီပင်ရွာရှိ ကလေးငယ်များအား ရှင်ပြုမင်္ဂလာပြုလုပ်ပေးခြင်းနှင့် ရွာ(၃)ရွာအား စတုဒိသာကျွေးမွေးခြင်း စသည့် ကုသိုလ်ကောင်းမှုများပြုလုပ်၍ အမျှပေးဝေပါတယ်။ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ အမျှ အမျှ အမျှ

လွမ်းဆွတ်ကြေကွဲခြင်းများစွာဖြင့်

ဇနီး- ဒေါ်မမကြီး
သားသမီး- (ဦးဇာနည်မောင်)-ဒေါ်တင်မာလှိုင်
မြေး- ကိုကျော်စိုးဝင်း-မခိုင်တင်ဇာလှိုင်
မြစ်- မောင်အောင်မြင်သူ

## အထူးကျေးဇူးတင်ရှိခြင်း

၂၁-၄-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားသော ကိုခိုင်စိုးလင်း အသက်(၃၀) နာမကျန်းဖြစ်စဉ်တွင် နွေးထွေးစွာကူညီကုသပေးခဲ့သော ရန်ကုန်ဆေးရုံကြီးမှ တာဝန်ကျဆရာဝန်များနှင့် ဆရာမများ၊ နာရေးကိစ္စတွင်ရပ်နီးရပ်ဝေးမှ လာရောက်ကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်ဆွေ သင်္ဂဟသူငယ်ချင်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြန်မာ့ဂုဏ်ရည်အိမ်ရာမိသားစုများနှင့် ဝန်ထမ်းများ၊ ဖုန်းဖြင့် သတင်းမေးအားပေးနှစ်သိမ့်စကားပြောကြားခဲ့ကြသူများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများ အားလုံးကိုအထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကိုခိုင်စိုးလင်း(စစ်တွေ-ရန်ကုန်) အသက်(၃၀)**

**B.A (Eng), MPA (Aldersgate College Philippines)**

ဦးကျော်ဇောမောင် (ညွှန်ကြားရေးမှူး-ငြိမ်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)-ဒေါ်ဝင်းဝင်းဇံတို့၏ ချစ်လှစွာသောသား ကိုခိုင်စိုးလင်း အသက်(၃၀)သည် ၂၁-၄-၂၀၁၇ရက် (သောကြာနေ့) ည ၈း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဌာနကြီးမှူး၊ ဆရာ/ဆရာမများနှင့် ကျောင်းသားရေးရာ**
**မဟာဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးစင်တာ(CSIS)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးတင်အောင်မိုး[၁၂/ကမတ(နိုင်)၀၀၀၉၆၆]၊ CDC-82039 ကိုင်ဆောင်သူ၏ 4 Ticket No.12679/11 ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားဆက်သွယ်ပေးပါရန်။

**ဖုန်း-၀၉-၄၂၁၇၄၁၀၄၇**

## အမည်ပြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ဦးစိုးမိုးအောင်[၁၂/သကတ(နိုင်)၁၄၄၃၂၄]၏ သား မောင်သျှင်းသန့်အောင်အား ယနေ့မှစ၍ မောင်မင်းဝသုန်စိုးမိုးဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရလပ-၂၂)၊ မြေကွက်အမှတ်-၆၇၃/က၊ မြေကွက်တည်နေရာအမှတ်-၆၇၃/က၊ သဇင်လမ်း၊ အလယ်ကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်၊ ဦးသန်းဇော်အမည်ပေါက်ပါမြေအား အမည်ပေါက်ဦးသန်းဇော်ထံမှ အရပ်ကတိ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်သူဒေါ်ပြည့်ဖြိုးသူ[၆/မမန(နိုင်)၁၄၄၆၀၇] မှ မြေငှါးပါမစ်တွင်ရွေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်မြေနေရာချထားပေးခံရသူများ၏ မိခိုသူများစာရင်းစာရွက်တို့ကိုတင်ပြပြီး ဓာတ်ပုံမူရင်းတင်ပြနိုင်ခြင်းမရှိဘဲ (Scan) ဖတ်ထားသော ဓာတ်ပုံအားတင်ပြ၍ ပါမစ်မူဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက် မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပန်းထိမ်ဝန်ထမ်းအလိုရှိသည်

ပန်းထိမ်ဆရာ (မိုချော+ဟန်းမိတ်) ကျား-၅ဦး

ပန်းထိမ်သင်တပည့် ကျား/မ-၂၀ဦး

အထက်ပါ အလုပ်တာဝန်များကို စိတ်ဝင်စားပါက ဖုန်း-၀၉-၇၆၂၃၂၀၄၈၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## သွေးသည်အသက်

## လွမ်းဆွတ်သတိရကြေကွဲခြင်း

**ကိုခိုင်စိုးလင်း (စစ်တွေ-ရန်ကုန်)**

**အသက် (၃၀)**

**B.A (Eng), MPA (Aldersgate College Philippines)**

**(Director, Red Hammer Co., Ltd.)**

၂၁-၄-၂၀၁၇ ရက်နေ့တွင် မိသားစုမောင်နှမ ဘဝထဲမှ ရုတ်တရက်ခွဲခွာ ကွယ်လွန်သွားသောကြောင့် ကျန်ရစ်သူမောင်နှမများဖြစ်ကြသည့် မောင်နေလင်းမောင်-မသန္တာစိုး၊ မောင်ကျော်လင်းမောင်၊ မခင်သက်ဝင်း၊ မောင်ခိုင်ဇော်လင်း-မဖြူဖြူထွန်း၊ မသန္တာဇံ၊ မောင်ဇော်ဖြိုးမောင်၊ မနှင်းသူဇာ၊ မောင်ပြေငြိမ်း-မသီတာလှိုင်၊ မောင်သန်းထိုက်အောင်၊ မမြတ်ယုသွယ်လှိုင်၊ မောင်အောင်ကိုသက်၊ မသိမ့်သိမ့်သူ၊ မနှင်းဦးဝတ်ရည်၊ မောင်ဝေယံကျော်မင်းဦး၊ မမေဘရဏီကျော်မင်း၊ မောင်ခိုင်မြလှမောင်၊ မောင်သော်ဇင်ဦး၊ မလင်းသီရိဖြူ၊ မဆုရတနာ၊ မောင်ကျော်စံသာတို့မှ အထူးအထူး ဝမ်းနည်းကြေကွဲ မယုံနိုင်အောင်ဖြစ်ရပါတယ် ကိုခိုင်စိုးလင်း ရေ။

**ကျန်ရစ်သူမိသားစု**
**ဦးလေး/အဒေါ်များနှင့် မောင်နှမများ**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးကြိုင်မြင့်**

**ဆူးလေစေတီတော်ဂေါပကအဖွဲ့ဝင်**

ဦးကြိုင်မြင့်(ကြခတ်ကုန်း) အသက်(၇၀)သည် ၂၁-၄-၂၀၁၇ရက် (သောကြာနေ့) နံနက် ၇း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဆူးလေစေတီတော်ဂေါပကအဖွဲ့နှင့်ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**အလ်ဟာဂျ် ဗိုလ်မှူးလှအောင်(ငြိမ်း)**

ကညန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

**(ဥက္ကဋ္ဌ၊ ရေဝေးစွန္နီကဗရ်စတာန် ဥယျာဉ်တော်)**

ရိုသေလေးစားရပါသော အလ်ဟာဂျ်ဗိုလ်မှူးလှအောင်(ငြိမ်း)သည် ၂၁-၄-၂၀၁၇ရက်(သောကြာနေ့)တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဟာဂျီဦးမင်းလွင်**
**ဘဏ္ဍာရေးမှူး(၂၀၀၀-၂၀၀၂)**
**ရေဝေးကဗရ်စတာန်ဥယျာဉ်တော်**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးစိုးတင့်(ငြိမ်း)**

**အသက်(၈၀)**

စစ်တက္ကသိုလ်အမှတ်စဉ်(၂)မှ ဗိုလ်မှူးစိုးတင့်(ငြိမ်း)သည် ၁၅-၄-၂၀၁၇ ရက်နေ့ နံနက် ၆နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲကြရပါမည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၃)**
**ကျောင်းဆင်းအရာရှိများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ရွှေ(မော်လူး)**

**အသက်(၇၇)နှစ်**

သူငယ်ချင်း ကိုစိုင်းမျိုးနိုင်-ဒေါ်ဥမ္မာတင့်(ဓာတ်ခွဲမှူး)၏မိခင် ဒေါ်ရွှေ (၇၇)နှစ်သည် ၁၃-၄-၂၀၁၇ ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အင်းတော်နယ်သူ/နယ်သားများ**
**ရန်ကုန်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကိုညဏ်ထက်အောင်**

**အသက်(၂၅)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် (၂/က)၊ မြရတနာလမ်း၊ (၁၆)ရပ်ကွက်နေ ဦးခင်မောင်ဆွေ (ဒု-ညွှန်/ချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်ခင်သော်တို့၏ ချစ်လှစွာသောသား ကိုညဏ်ထက်အောင်သည် ၁၉-၄-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာချုပ်(လျှပ်စစ်)နှင့်**
**အဆောက်အအုံဦးစီးမှ လျှပ်စစ်အင်ဂျင်နီယာများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကိုညဏ်ထက်အောင်**

**အသက်(၂၅)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် (၂/က)၊ မြရတနာလမ်း၊ (၁၆)ရပ်ကွက်နေ ဦးခင်မောင်ဆွေ (ဒု-ညွှန်/ချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်ခင်သော်တို့၏ ချစ်လှစွာသောသား ကိုညဏ်ထက်အောင်သည် ၁၉-၄-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယညွှန်ကြားရေးမှူး(လျှပ်စစ်)**
**တံတားဦးစီးမှ လျှပ်စစ်အင်ဂျင်နီယာများ**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မြမြ(ခ)ဒေါ်ခင်ခင် (၉၃)နှစ်

**စမ်းချောင်း၊ ကွက်သစ်ကျောင်း၊ အထက(၁) ကမာရွတ် (မရမ်းခြံ) ကျောင်းဆရာမကြီး(ငြိမ်း) (ပုသိမ်အသင်း)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မိုးမခလမ်း၊ အမှတ်(၄၄၉)၊ (အေ/၁၇)နေ (ဦးဘိုးရင်-ဒေါ်ပု)တို့၏ သမီး၊ (ဒေါ်တင်တင်)၊ (ဗိုလ်သိမ်းဆွေ၊ ဦးသာသနဝိသုဒ္ဓိ)တို့၏ ညီမ၊ (ဦးလှမောင်-ဒေါ်သိန်းတန်)၊ ဒုတိယဗိုလ်ချုပ်ကြီးသိန်းဝင်း(လေ/ငြိမ်း)-(ဒေါ်သန်းသန်းမြင့်)တို့၏ အစ်မ၊ ဒေါ်အေးအေးမူ၊ (ဒေါ်မြင့်မြင့်ကြူ)၊ ဦးထင်ကျော်-ဒေါ်သွယ်သွယ်ဖြူ၊ ကပ္ပတိန်ဦးကျော်ဇင်ဝင်း-ဒေါ်နွယ်နွယ်စိုး၊ ဦးဇော်မြင့်ဝင်း-ဒေါက်တာအေးစန္ဒာဝင်း၊ ဦးဇော်မင်း-ဒေါ်ရင်မေဝင်းတို့၏ အဒေါ်ကြီး၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၄-၄-၂၀၁၇ ရက် နံနက် ၅း၂၅ နာရီတွင် ရွှေဂုံတိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

**ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးငွေး(ခ)ဦးတင်ဦး (၈၄)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)မာန်ပြေရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်(၁၁)နေ (ဦးဖိုးမြ-ဒေါ်သိန်းခင်)တို့၏သား၊ ဒေါ်တင်မြ၏အစ်ကို၊ ဒေါ်တင်ဥ၏ခင်ပွန်း၊ ဦးမြင့်ဦး-ဒေါ်မျိုးသူဇာ၊ ဒေါ်အေးအေးဝင်း(စင်ကာပူ)၊ (ဒေါ်မြင့်မြင့်မော်)၊ ဦးမြင့်ဖူး-ဒေါ်အေးချစ်၊ ဦးသန့်စင်၊ ဦးဆန်းလင်း-ဒေါ်စမ်းစမ်းမူတို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ် ၁၀ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၃-၄-၂၀၁၇(တနင်္ဂနွေနေ့) ၂း၄၀နာရီတွင် စင်ကာပူနိုင်ငံ S. G. Hဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၇ (တနင်္လာနေ့)တွင် စင်ကာပူနိုင်ငံ၌ မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၄-၂၀၁၇ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ သာကေတမြို့နယ်၊ မြင်တော်သာလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

## ဦးသန်းအောင် (၆၈)နှစ်

**(ကိုးတောင်ဘို့)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ကိုးတောင်ဘို့ဘူတာ၊ ကျွန်းကုန်းရွာနေ ဆိုင်းဆရာကြီး(ဦးဇေယျာပု-ဒေါ်သိန်းကြည်)တို့၏သား၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၄)ရပ်ကွက်၊ အမှတ်(၃၆၃)၊ ဗိုလ်မင်းရောင်လမ်းနေ ဆရာဦးအောင်မြင့်(ခ) ဆရာကိုအောင်၊ ဒု-ဗိုလ်မှူးကြီး မင်းအောင်(မင်္ဂလာဒုံ လေတပ်-ငြိမ်း)-ဒေါ်မေရီမြင့်၊ ကျွန်းကုန်းရွာနေ (ဦးအုန်းလွင်)-ဒေါ်ခင်နှင်း၊ ရွှေဘိုခရိုင်၊ ကျောက်မြောင်းမြို့နယ်နေ ဦးလှငြိမ်း-ဒေါ်ခင်စန်းဝင်းတို့၏ အစ်ကိုကြီး၊ မတင်မာဝင်း၊ ကိုရွှေပုခ၊ ကိုသန်းဝင်းအောင်-မယုယုဝေ၊ ကိုဖိုးငယ်(ခ) ကိုနေဝင်းထွန်း-မအေးအေးဆွေ၊ ကိုရွှေစုခ၊ ကိုသန်းမင်းအောင်တို့၏ဖခင်၊ မောင်ဇင်ဝေယံ၊ မယွန်းနဒီတို့၏ချစ်လှစွာသောအဘိုးသည် ၂၃-၄-၂၀၁၇(တနင်္ဂနွေနေ့) ည ၉း၁၀ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၂၉-၄-၂၀၁၇ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကျွန်းကုန်းတောင်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ရည်ရည်မွန်

**အသက် (၄၉)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၃)လမ်း၊ အမှတ်(၁၆၅)နေ ဦးမြင့်သန်း-ဒေါ်ကြင်ငွေတို့၏သမီး၊ ဒေါက်တာရဲကျော်စွာ၏ဇနီး၊ မအိန္ဒြာသီရခေတ်၊ မထွန်းအိန္ဒြာမင်း(အထက-၂၊ လသာ)တို့၏မိခင်၊ (ဦးမြင့်ဦး)-ဒေါ်ခင်သန္တာ၊ ဗိုလ်မှူးထွန်းထွန်းဦး(ငြိမ်း)-ဒေါ်တင်မိုးမြိုင်တို့၏ညီမ၊ (မောင်ကျော်ဆန်းဦး)၏အစ်မသည် ၂၄-၄-၂၀၁၇ရက် မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၄-၂၀၁၇ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၇ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မိုင်ခမ်း**

**အသက်(၇၅)နှစ်**

စစ်တက္ကသိုလ်အမှတ်စဉ်(၃၁)မှ ဗိုလ်မှူး တင်မျိုးအောင်(ငြိမ်း)-ဒေါ်ခင်ငွေးရီတို့၏မိခင် ဒေါ်မိုင်ခမ်းသည် ၂၄-၄-၂၀၁၇ ရက် (တနင်္လာနေ့) နံနက် ၀၀း၄၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၁)မှ**
**ကျောင်းဆင်းအရာရှိများနှင့် မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးဝင်းအောင်(ငြိမ်း) B.E (Civil)**

**အသက်(၅၃)နှစ်**

သူငယ်ချင်း ဗိုလ်ကြီးဝင်းအောင်(ငြိမ်း) အသက်(၅၃)နှစ်သည် ၁၈-၄-၂၀၁၇ (အင်္ဂါနေ့)တွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**RIT (Civil) 1987 & 1991 Batch**
**အင်ဂျင်နီယာသူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကိုခိုင်စိုးလင်း(စစ်တွေ-ရန်ကုန်)**

**အသက်(၃၀)**

**B.A(Eng), MPA (Aldersgate College, Philipines)**

**Director, Red Hammer Co., Ltd**

ဦးကျော်ဇောမောင် (ညွှန်ကြားရေးမှူး-ငြိမ်း၊ ကုန်သွယ်လယ်ယာ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)-ဒေါ်ဝင်းဝင်းဇံ (ပန်းလိပ်ပြာ ဖက်ရှင်-စစ်တွေ/ယုဇနပလာဇာ-ရန်ကုန်)တို့၏ ချစ်လှစွာသောသား ကိုခိုင်စိုးလင်းသည် ၂၁-၄-၂၀၁၇ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Dr.မောင်ဝင်း၊ ဒေါ်စန်းစန်းကြည်**
**Dr.ဇော်ဝင်း၊ ဒေါ်သန်းသန်းနွဲ့**
**(ကျောက်ဆူးလက်ဖက်ပွဲရုံ၊ ဘုရင့်နောင်ပွဲရုံ၊ ရန်ကုန်)**

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ အဆင့်မြင့် ဘလိပ်စားသွားဆူးကြိုးများကို
ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ (နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ
ဗီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁-)အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ဗဟန်းမြို့နယ်။
Ph: 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဗညားဒလလမ်း။
Ph: 09-5425251, 09-73225484
အရောင်းခန်းမ(၃) - အမှတ်(၂၄၈)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရေနံဆောင်ဘဏ်ဘေး၊ တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663
အရောင်းခန်းမ(၄) - အမှတ်(၁၁-ဘီ)၊ ပြည်လမ်းမ၊ အေဝမ်းမှတ်တိုင်အနီး၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်။
Ph: 09-5091526, 09-5091527

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာ
လှပ
စိမ်းမြမြ

# စားသောက်ဆိုင်များ အခွန်တံဆိပ်ခေါင်း မှန်မှန်ကန်ကန်အသုံးပြုမှုမရှိ၍ အခွန်ငွေ လေလွင့်ဆုံးရှုံးနေမှုများ ဖြစ်ပေါ်နေ

**ရန်ကုန် မေ ၂၅**

စားသုံးသူများအနေဖြင့် မိမိတို့စားသုံးလိုက်မှုအပေါ် ကုန်ကျစရိတ်၏ ငါးရာခိုင်နှုန်းကို အခွန်ငွေအဖြစ် ပေးဆောင်နေမှုများရှိသော်လည်း စားသောက်ဆိုင်များအနေဖြင့် ယင်းအပေါ် အခွန်တံဆိပ်ခေါင်း မှန်မှန်ကန်ကန် ကပ်ပေးခြင်း၊ အသုံးပြုခြင်းမရှိဘဲ အလွဲသုံးစားပြုလုပ်နေမှုကြောင့် အခွန်ငွေ လေလွင့်ဆုံးရှုံးမှုများ ဖြစ်ပေါ်နေရကြောင်း ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းက ပြောသည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး စတုတ္ထပုံမှန်အစည်းအဝေး အဋ္ဌမမြောက်နေ့ မေ ၂၄ ရက်တွင် လှိုင်မြို့နယ် အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းက စားသုံးသူပြည်သူများအနေဖြင့် စားသုံးမှုအပေါ် အခွန်ပေးဆောင်နေသော်လည်း စားသောက်ဆိုင်များအနေဖြင့် အခွန်တံဆိပ်ခေါင်း(commercial tax) ကို မှန်မှန်ကန်ကန်ကပ်ပေးမှုမရှိခြင်း၊ ကပ်ပေးသော်လည်း ပြန်လည်ခွာယူကာ အသုံးပြုခြင်း၊ လုံးဝကပ်ပေးမှုမရှိခြင်း စသည်တို့ကို ပြုမူဆောင်ရွက်နေကာ ပြည်သူများက အစိုးရထံသို့ အခွန်ဆောင်သော်လည်း ယင်းသို့ အလွဲသုံးစားပြုလုပ်နေမှုများကြောင့် အခွန်လေလွင့်မှုများရှိနေကြောင်း လွှတ်တော်သို့ တင်ပြဆွေးနွေးကာ မေးခွန်းမေးမြန်းခဲ့ခြင်းဖြစ်သည်။

"ဆိုင်တွေမှာ လာရောက်စားသုံးသူတွေက မိမိတို့ စားသုံးတဲ့ ကုန်ကျငွေရဲ့ ငါးရာခိုင်နှုန်းကို အခွန်အဖြစ်ပေးဆောင်နေကြရပါတယ်။ ဒီအခွန်ကလည်း တံဆိပ်ခေါင်းတွေကပ်ပြီး ပေးဆောင်ရခြင်းပဲဖြစ်ပါတယ်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**

# သစ္စာအားမာန်နှင့် အား/ကာသိပ္ပံအသင်း သရေကျ



သစ္စာအားမာန်အသင်း အား/ကာသိပ္ပံအသင်းဘက်သို့ ဂိုးသွင်းရန် ကြိုးပမ်းနေစဉ်။

**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) ပထမနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းအားကစားကွင်း၌ ပြန်လည်ကျင်းပသည်။

**သစ္စာအားမာန် - တစ်ဂိုး**
**အား/ကာ သိပ္ပံ - တစ်ဂိုး**

လေးလကျော်ရပ်နားထားသည့် အမျိုးသမီးလိဂ်ပြိုင်ပွဲကို ပြန်လည်ကျင်းပခြင်းဖြစ်ပြီး အား/ကာသိပ္ပံနှင့် သစ္စာအားမာန်အသင်းတို့ သရေကျခဲ့သည်။ ပွဲစဉ်(၁)တွင် ဂိုးပြတ်အနိုင်ရထားသည့် သစ္စာအားမာန်အသင်းသည် ယခုပွဲတွင် ရှုန်းကန်ခဲ့ရပြီး နောက်ကျဂိုးကြောင့်သာ ရှုံးပွဲမကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

သစ္စာအားမာန် အသင်းတွင် လက်ရွေးစင်ကစားသမားများဖြစ်သည့် ခင်မိုးဝေ၊ နော်အားလိုဝါးဖော၊ ဂျူလိုင်ကျော်၊ ခင်မိုမိုထွန်းတို့က ဦးဆောင်ခဲ့ပြီး အား/ကာ သိပ္ပံအသင်းမှာ လူငယ်ကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစ ခုနစ်မိနစ်မှာပင် အား/ကာသိပ္ပံအသင်း ဦးဆောင်ဂိုးရခဲ့ပြီး တိုက်စစ်မှူး နုနုက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် **စာမျက်နှာ ၃ ကော်လံ ၅ သို့ ○**



**လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး**

စာမျက်နှာ - ၃



**နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး**

စာမျက်နှာ - ၃



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Diamond Aircraft Industry ထုတ် လေယာဉ်များ ကြည့်ရှုလေ့လာ**

စာမျက်နှာ - ၈

